# ဟောရှေ အနာဂတ္တိကျမ်းလာ ပရောဖက် ဉာဏ်ပညာ

**သင်ခန်းစာ နှစ်**

**ပညာရှိတို့အတွက် ဖွင့်လှစ်ဖော်ပြချက်**

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း ... 1
တရားစီရင်မှုနှင့် မျှော်လင့်ချက် ... 2
မူလအဓိပ္ပါယ် ... 3
တရားစီရင်ပြီးနောက် ကောင်းချီးများ ... 3
ယုဒအားဖြင့် ခံစားရသော ကောင်းချီးများ ... 7
ယနေ့ကာလ လက်တွေ့ကျင့်သုံးမှု ... 11
ခရစ်တော်၏ သတို့သမီး ... 12
ခရစ်တော်၌ နောင်ကာလ ... 14
တရားစီရင်ချက်ကို ဖွင့်ပြခြင်း ... 19
မူလအဓိပ္ပါယ် ... 20
ဣသရေလ၏ ဆန့်ကျင် ပုန်ကန်မှု ... 20
ဘုရားသခင့် စွပ်စွဲပြစ်တင်ချက်များနှင့် တရားစီရင်ချက်များ ... 21
ယုဒ၏ ဆန့်ကျင် ပုန်ကန်မှု ... 29
ယနေ့ကာလလက်တွေ့ကျင့်သုံးမှု ... 32
ခရစ်တော်၏ သတို့သမီး ... 33
ခရစ်တော်၌ နောင်ကာလ ... 34
မျှော်လင့်ခြင်းကို ဖွင့်ပြခြင်း ... 37
မူလအဓိပ္ပါယ် ... 38
ဘုရားသခင့် တုန့်ပြန်မှုများ ... 39
လူ့ တုန့်ပြန်ချက်များ ... 43
ယနေ့ကာလလက်တွေ့ကျင့်သုံးမှု ... 49
ခရစ်တော်၏ သတို့သမီး ... 50
ခရစ်တော်၌ နောင်ကာလ ... 50
နိဂုံး ... 55



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ခက်ခဲသောဘဝ အတွေ့အကြုံတို့က ကျွန်ုပ်တို့အား ဉာဏ် အမျိုးမျိုးနှင့် ပြည့်စုံအောင် အမြဲ သွန်သင်ပေးသည်။ ဘုရားသခင် အကြောင်း၊ ကျွန်ုပ်တို့ အပါအဝင် လောကကြီး အကြောင်း ကျွန်ုပ်တို့ သင်ယူရသမျှ ထိုးထွင်းအမြင်များသည် ကျွန်ုပ်တို့ ဝန်းကျင်ရှိ ဘဝ အခြေအနေများအတွင်း စုံစမ်းခြင်း အမျိုးမျိုးကို ကိုယ်တိုင် ကြုံနေရသူများအတွက် တန်ဖိုးမဖြတ်နိုင်ပါ။ ပရောဖက် ဟောရှေ ကိုယ်တိုင်လည်း ဤသို့ သေချာပေါက် ကြုံခဲ့ရသည်။ ဆယ်စုနှစ်များစွာ ခက်ခဲသော အခြေအနေများအတွင်း ဘုရားဖွင့်ပြချက်များကို သူရရှိခဲ့သည်။ ထို့ပြင် သူ့ဘဝ နောက်ဆုံး အချိန်များ အတွင်း စုံစမ်းမှုအချို့ကို အသည်းအသန် ကြုံနေရသည့် ရှေး ဣသရေလပြည်နှင့် ယုဒပြည်တို့အား ဉာဏ်ပေးရေးအတွက် အဆိုပါ ဖွင့်ပြချက်တို့ကို စုစည်းပြုစုရန် သန့်ရှင်းသော ဝိညာဉ်တော်က သူ့အား လှုံ့ဆော် တိုက်တွန်းခဲ့သည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့၏ *ဟောရှေ အနာဂတ္တိကျမ်းလာ ပရောဖက်ဉာဏ်ပညာ* သင်ခန်းစာ စာစဉ်ထဲမှ ဒုတိယမြောက် သင်ခန်းစာဖြစ်ပြီး "ပညာရှိတို့အတွက် ဖွင့်ပြချက်များ" ဟု ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာထဲတွင် ဘုရားသခင့် ရှေးလူတို့အား ဉာဏ်ပေးရန် ဟောရှေသည် သူ့စာစောင်ကို အစ အဆုံး မည်သို့ ဒီဇိုင်းချခဲ့ကြောင်း ကျွန်ုပ်တို့ ကြည့်ကြပါမည်။

ပြီးခဲ့သည့် သင်ခန်းစာတွင် ဟောရှေ စာစောင်သည် အမှုတော် စတင်ချိန်မှ ပြီးဆုံးချိန်ကို မိတ်ဆက်ပေးချက် (၁း၁) ဖြင့် စခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့သည်။ ထို့ပြင် ၎င်းသည် သူ့ ဗျာဒိတ်များထဲမှ ဉာဏ်ကို ရယူရန် စာဖတ်သူတို့အား ဟောရှေ၏ အပိတ် တိုက်တွန်းချက်(၁၄း၉) ဖြင့် ဆုံးသည်။ အဆိုပါ ကျမ်းပိုဒ်များအကြား ဟောရှေကျမ်း စာကိုယ်တွင် အဓိက အပိုင်း သုံးပိုင်းပါရှိသည်။ ၁း၂-၃း၅ အတွင်း ပထမပိုင်းသည် တရားစီရင်ချက် အပေါ်မှာသာမက ဘုရားသခင်ပေးသော မျှော်လင့်ချက်အပေါ်မှာပါ စူးစိုက်ထားသည်။ ၄း၁-၉း၉ အတွင်း ဒုတိယပိုင်းသည် သူ့လူတို့အား ဘုရားသခင် မည်သို့ တရားစီရင်ကြောင်း ဖွင့်ပြသည့်အပေါ် ပိုမိုအသေးစိတ် လေ့လာသည်။ ၉း၁၀-၁၄း၈ အတွင်း တတိယပိုင်းမှာမူ ဟောရှေ ဗျာဒိတ်များအားဖြင့် မျှော်လင့်ရာကို ဘုရားသခင် ဖွင့်ပြသည့် အပိုင်း ဖြစ်သည်။ ဟောရှေ စာစောင်ကို အဓိက လွှမ်းခြုံနေသော ရည်ရွယ်ချက်အား ယခုလို ကျွန်ုပ်တို့ အကျဉ်းချုပ်ခဲ့သည်။

> သနာခရိပ် ကျူးကျော်မှု၏ စိမ်ခေါ်မှုများကို သူတို့ကြုံခဲ့ရသည်နှင့်အမျှ ဟောရှေ အမှုတော်ကာလ တစ်လျှောက် ဘုရားသခင့် ဖွင့်ပြချက်များကပေးသော ဉာဏ်ကို ရယူဖို့ ယုဒခေါင်းဆောင်များကို ဟောရှေ စာစောင်က တိုက်တွန်းထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအကျဉ်းချုပ်က ပြနေသလိုပင် ယုဒခေါင်းဆောင်များသည် ဉာဏ်ကို မဖြစ်မနေ လိုအပ်နေခဲ့ကြသည်။ ဟေဇကိမင်းလက်ထက် သနာခရိပ် မကျူးကျော်မီ သို့မဟုတ် ကျူးကျော်ပြီးစတွင် ဘုရားသခင်သည် ယုဒပြည်ကို စီရင် ဖျက်ဆီးမည့် အကြောင်း ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် အဆိုပါ ခက်ခဲသော ကာလများအတွင်း ဘုရားလူတို့ကို ယုဒခေါင်းဆောင်တို့ လမ်းပြနိုင်မည့်အကြောင်း ဟောရှေ အမှုတော် တစ်လျှောက် ဘုရားသခင့် ဖွင့်ပြချက်များထဲမှ ဉာဏ်ရယူရေးအတွက် ယုဒခေါင်းဆောင်များအား ဟောရှေကျမ်းက တိုက်တွန်းခဲ့သည်။

ဤရည်ရွယ်ချက်ကို ဟောရှေ ကျမ်းက မည်သို့ ဖြည့်ဆည်းခဲ့ကြောင်း ဖော်ထုတ်ရန် သူ့စာစောင်၏ အဓိကအပိုင်းတစ်ခုစီထဲ ဟောရှေ ထည့်ထားသည့် ပညာရှိတို့အတွက် ဖွင့်ပြချက်များဆီ ကျွန်ုပ်တို့ ပြည့်သွန်ရပါမည်။ ပထမပိုင်း၌ တရားစီရင်ချက်နှင့် မျှော်လင့်ခြင်းဆိုင်ရာ သူ၏ ဗျာဒိတ်များဖြင့် ကျွန်ုပ်တို့ အစပြုကြပါမည်။ ထို့နောက် ဒုတိယပိုင်း၌ မည်သို့ တရားစီရင်မည်အကြောင်း ရှင်းပြချက်နှင့် စပ်လျဉ်းသော သူ့ ကြေညာချက်များကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ အဆုံးတွင်မူ မျှော်လင့်ချက် အကြောင်း ဖွင့်ပြသော သူ့ ဗျာဒိတ်များကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ပထမဦးစွာ တရားစီရင်မှုနှင့် မျှော်လင့်ချက်အကြောင်း ဟောရှေ ဗျာဒိတ်များထဲ ဖွင့်ပြထားသည့် ထိုးထွင်းအမြင်များကို ကြည့်ကြပါစို့။

# တရားစီရင်မှုနှင့် မျှော်လင့်ချက်

ဟောရှေ စာစောင် ပထမပိုင်း (၁း၂-၃း၅) တွင် ယေရောဗောင် ၂ လက်ထက် မြောက်ပိုင်း ဣသရေလ၌ ဟောရှေ ရခဲ့သည့် ဗျာဒိတ်များ ပါရှိကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ ရှေ့က သင်ခန်းစာထဲ ကျွန်ုပ်တို့ လေ့လာခဲ့သလို ၎င်းတို့သည် ၇၄၄ ဘီစီတွင် အာရှုရိတို့ တန်ခိုးထွားလာသည့် အကြောင်း ဗျာဒိတ်များ ဖြစ်ကြသည်။ ဤသင်ခန်းစာပါ အဆိုပါ အစောပိုင်းကာလ ဗျာဒိတ်များ အကြောင်း ဟောရှေ တင်ပြချက်တွင် ဘုရားသခင့် စီရင်ခြိမ်းခြောက်မှုတိုင်းအား အနာဂတ်၌ ဘုရားသခင်သည် ကိုယ်တော့်လူတို့အား ကောင်းချီးပေးမြဲ ပေးမည်ကို မျှော်လင့်နိုင်ကြောင်း အာမခံချက်များဖြင့် ဂရုတစိုက် ထိန်းညှိပေးထားသည်ကို ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်။

ဟောရှေ ကျမ်းရေးချိန်တွင် ဣသရေလ နိုင်ငံတော်သည် ဘုရားသခင်၏ ဆိုးရွားပြင်းထန်သော တရားစီရင်မှုအောက် ကျရောက်ပြီးချိန် ဖြစ်သည်။ တရားစီရင်မည့် ခြိမ်းခြောက်မှုသည် ယုဒထံသို့လည်း ရောက်လာခဲ့ပြီး ဖြစ်သည်။ အဆိုပါ ဆိုးရွားသော ပကတိ အခြေအနေတို့သည် ယုဒခေါင်းဆောင်တို့အတွက် စိတ်ပျက်အားငယ်ဖွယ်၊ စိတ်ရှုပ်ထွေးဖွယ် ဖြစ်ခဲ့သည်။ ဘုရားသခင် ဘာလုပ်နေပါသနည်း။ အနာဂတ်အတွက် ဘာကို သူတို့ ကိုးစားကြရပါမည်နည်း။ အဆိုပါ မေးခွန်းများ အတွက် အဖြေရှာသည့် ယုဒခေါင်းဆောင်များသို့ ဉာဏ်ပေးရေးလုပ်ငန်းအား သူ့စာစောင်၏ ပထမ အခန်းကြီး သုံးခန်းထဲ၌ ဟောရှေ အစပြုခဲ့သည်။

ဘုရားသခင်ပေးသော မျှော်လင့်ခြင်းနှင့် တရားစီရင်ခြင်းအကြောင်း ပြောပြသည့် ဟောရှေကျမ်း အခန်းကြီးများကို ကျွန်ုပ်တို့ လေ့လာရာ၌ သူတို့၏ မူလ အဓိပ္ပာယ်နှင့် စကြပါမည်။ ၎င်းသည် စာစောင် မူလလက်ခံသူတို့အတွက် လေးနက်အရေးပါသည်။ ထို့နောက် အဆိုပါ အခန်းကြီးများအား ယနေ့ခေတ်အတွက် မည်သို့ လက်တွေ့အသုံးချမည်ကို ရှာဖွေကြပါမည်။ ဦးစွာ ကျွန်ုပ်တို့ စာစောင်၏ မူလ ပရိသတ်အတွက် ရည်ရွယ်သည့် မူလ အဓိပ္ပာယ်နှင့် အစပြုကြပါစို့။

# မူလအဓိပ္ပါယ်

စာစောင်၏ ပထမပိုင်းထဲ ဖွင့်ပြချက်များအား ဟောရှေ အကျဉ်းချုပ်ခဲ့ပါလျှင် ဤပုံစံ သူပြောဆိုနိုင်ခဲ့ဖွယ်ရှိသည်-

> တရားစီရင်ရာကာလ တစ်ခု ပြီးသည့်နောက် ယုဒနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ ဒါဝိဒ်မင်းမျိုးထံ ဝန်ခံအပ်နှံခြင်းတို့အားဖြင့် ဣသရေလသည် နောင်ကာလ၌ ဘုရားသခင့် ကောင်းချီးများကို ပြန်ခံစားရမည် ဖြစ်သည်။

တစ်ဖက်တွင် တရားစီရင်ရာကာလတစ်ခုကို သည်းခံဖြတ်သန်းပြီးသည့်နောက်၌ မြောက်ပိုင်းဣသရေလ မျိုးနွယ်များထံသို့ ဘုရားသခင့် ကောင်းချီးများ ရောက်လာမည်ဖြစ်ကြောင်း ဟောရှေ ဗျာဒိတ်တို့က သွန်သင်နေကြသည်။ သို့သော် အခြားတစ်ဖက်တွင်မူ ယုဒနှင့် ဣသရေလ ပြန်လည်ပေါင်းစည်းခြင်း၊ ဒါဝိဒ်မင်းမျိုးထံ ဝန်ခံအပ်နှံခြင်းတို့အားဖြင့် နောင်ကာလ၌ ဘုရားသခင်သည် အဆိုပါ ကောင်းချီးများကို သွန်းလောင်းလိမ့်မည် ဖြစ်ကြောင်းကိုလည်း ၎င်းတို့က သွန်သင်လျက်ရှိသည်။

ဤ အပိုင်း၏ မူလ အဓိပ္ပာယ်ကို နှစ်ဆင့်ခွဲ၍ ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ ဣသရေလသည် တရားစီရင်ရာကာလတစ်ခု ပြီးသည့်နောက်ဘုရားသခင့် ကောင်းချီးများကို ခံယူရန် ဘုရား အကြံအစည် ရှိကြောင်း ဟောရှေ ဖွင့်ပြသည်။ ဒုတိယအားဖြင့် အဆိုပါ ကောင်းချီးတို့သည် ယုဒ *အားဖြင့်* ရောက်လာမည် ဖြစ်ကြောင်း ဟောရှေ ရှင်းပြသည်။ အဆိုပါ အဆင့် နှစ်ဆင့်လုံးကို လေ့လာရာတွင် ဣသရေလသည် တရားစီရင်ရာ ကာလတစ်ခု ပြီးသည့်နောက် ဘုရားသခင့် ကောင်းချီးများကို ခံယူရန်ရှိကြောင်း ဟောရှေ သွန်သင်ချက်နှင့် အစပြုကြပါစို့။

## တရားစီရင်ပြီးနောက် ကောင်းချီးများ

ဟောရှေသည် ဤအပိုင်း (၁း၂-၂း၁) အား အစောပိုင်းကာလ သူ့မိသားစု အကြောင်း၊ တစ်ကိုယ်ရည် ဘဝအတွေ့အကြုံများ နှင့် အစပြုသည်။

**အစောပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၁း၂-၂း၁)** ဤအခန်းကဏ္ဍသည် ၁း၂-၉ အတွင်း မိသားစု အကြောင်း ဇာတ်လမ်းနှင့် စသည်။ အခန်းငယ် ၂၊ ၃ တို့တွင် ဘုရားသခင်သည် "ပြည့်တန်ဆာ" ဖြစ်သော ဂေါမာ ကို "ဇနီးမယား" အဖြစ် လက်ထပ်ယူဖို့ ဟောရှေအား မိန့်မှာခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤဖော်ပြချက်က ဂေါမာသည် ဣသရေလရှိ သားဖွား နတ်ကွန်းတစ်ခုတွင် အစေခံသည့် ဝတ်ဖြည့်ပြည့်တန်ဆာတစ်ဦး ဖြစ်ကြောင်းကို ညွှန်ပြသည်။ သူမ၏ ဘဝရှင်သန်ပုံသည် ဟောရှေ၏ အိမ်ထောင်အပေါ် အရိပ်မည်း ကျနေစေသည်။ သို့သော် ထို့ထက်ပိုသည်မှာ သူတို့၏ အိမ်ထောင်သည် သစ္စာမဲ့သော ဣသရေလ လူမျိုးတော်နှင့် ဘုရားသခင် ကိုယ်တော်တိုင် ပဋိညာဉ်ပြု လက်ထပ်ထားခြင်းကို ပုံဆောင်သည်။

ထို့နောက် အခန်းငယ် ၄-၉ တွင် ဘုရားသခင့် ရှေ့မှောက်၌ ဖြစ်နေသည့် ဣသရေလ ဘဝကို ဖော်ပြသည့် သီးသန့် အမည်များဖြင့် သူ့ သားသမီးများကို ကင်ပွန်းတပ်ရန် ဟောရှေကို ဘုရားသခင် မိန့်မှာသည်။ ဟောရှေ ၏ သားဦးကို ယေဇရေလ ဟု တွင်စေသည်။ ယေရောဖောင် ၂ ကို ဆက်ခံသော ယေဟု ဘုရင်သည် ယေဇရေလ အရပ်တွင် ကြောက်မက်ဖွယ် ရက်စက်ကြမ်းကြုတ်မှုများဖြင့် သူ့နန်းဆက်ကို ထူထောင်ခဲ့ကြောင်း ၄ ဓမ္မရာဇဝင်က ရှင်းပြသည်။ ဟောရှေ၏ သားဦးကို ယေဇရေလ အမည်မှည့်ခြင်းက ဣသရေလထံသို့ ရက်စက်ကြမ်းကြုတ်သော တရားစီရင်ချက်များ မကြာမတင် ရောက်လာမည့်အကြောင်း ဖော်ပြနေသည်။ ဟောရှေ၏ ဒုတိယ သမီးကို လောရုဟာမာ ဟူ၍ မှည့်ခေါ်သည်။ အဓိပ္ပာယ်မှာ "ချစ်ခြင်းမခံရသူ" သို့မဟုတ် "သနားခြင်းမခံရသူ" ဟု ဆိုလိုသည်။ ဣသရေလ လူမျိုးအပေါ် ချစ်ခြင်းမေတ္တာ၊ ကရုဏာ ပြခြင်းတို့အား ဘုရားသခင် ရပ်ဆိုင်းတော့မည် ဖြစ်ကြောင်း ဤနာမည်က ညွှန်ပြသည်။ အဆုံးအားဖြင့် သူ၏ တတိယသားအား လောအမ္မိ ဟူ၍ မှည့်ခေါ်ရန် ဟောရှေကို ဘုရားသခင် မိန့်ဆိုသည်။ အဓိပ္ပာယ်မှာ "ငါ့လူမျိုးမဟုတ်" ဟု ဆိုလိုသည်။ အချိန်ကာလ တစ်ခု ပြီးသည့်နောက် ဘုရားသခင်သည် ဣသရေလအား ကိုယ်တော်၏ အမျက်တော်အောက်ရှိ သာသနာပ တိုင်းပြည်တစ်ခုအဖြစ် ဆက်ဆံတော့မည် ဖြစ်ကြောင်း ဤနာမည်က ဖော်ပြသည်။

ဟောရှေ၏ အစောပိုင်းကာလ မိသားစု ဘဝအတွေ့အကြုံတို့က ဣသရေလအပေါ် ဆိုးရွားသော တရားစီရင်ချက် ကျရောက်လာတော့မည် ဖြစ်ကြောင်း ဖော်ပြနေသည်။ သို့သော် ဟောရှေသည် ရုတ်ခြည်းဆိုသလိုပင် အဆိုပါ တရားစီရင်ချက်အား ၁း၁၀-၂း၁ အတွင်း ဘုရားသခင်မှတ်သွင်းသည့် မျှော်လင့်ခြင်းဆိုင်ရာ ဗျာဒိတ်ပေး ဆင်ခြင်ချက် အချို့တို့ဖြင့် ထိန်းညှိထားခဲ့သည်။ ဣသရေလထံ ဖျက်ဆီးမှုကြီး ရောက်လာတော့မည် ဖြစ်လင့်ကစား ကမ္ဘာဦးကျမ်း ၁၃ နှင့် ၂၂ တို့၌ အာဗြဟံသို့ ကိုယ်တော်ပေးပြီးသော ကတိတော်ကို ဘုရားသခင် ဆက်လက် ဖြည့်ဆည်းနေဆဲ ဖြစ်ကြောင်း ဤနေရာတွင် သူ ကြေညာထားသည်။ ဟောရှေ ကြေညာထားရာ ၁း၁၀ ကို နားထောင်ကြည့်ပါ။

> သို့ရာတွင် ဣသရေလ အမျိုးသားတို့သည် မခြင်နိုင်၊ မရေတွက်နိုင်သော သမုဒ္ဒရာ သဲလုံးနှင့်အမျှ များကြလိမ့်မည်။ "သင်တို့သည် ငါ ၏ လူမဟုတ်" ဟု ထိုသူတို့အား ပြောဆိုရာ အရပ်၌ပင်လျှင် သူတို့သည် "အသက်ရှင်တော်မူသော ဘုရား ၏ သား" ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည် (ဟောရှေ ၁း၁၀)။

> ဘုရားသခင်သည် ပရောဖက်ကျမ်း စာစောင်များ၌ သူ့ကတိတော်များ ပြည့်စုံစေမည့် သူ့ဆုံးဖြတ်ချက်ကို အလေးပေးရန်အတွက် သင်္ကေတများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရုံဖန်ရံခါ သုံးလေ့ရှိကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ သင်္ကေတ သဘောဆောင်သော အပြုအမူတို့ကို ကိုယ်တော် သုံးလေ့ ရှိသည်။ ထို့ကြောင့် ပြည့်တန်ဆာကို လက်ထပ်ရန် ဟောရှေကို ကိုယ်တော် တောင်းဆိုသောအခါ သူ့လူမျိုးတော်သည် လော်လီဖောက်ပြားသော မိန်းမကဲ့သို့ မည်သို့ ပြုမူခဲ့ကြောင်း၊ ထိုမျှမက သာသနာပတို့၏ ဘုရားများဖြစ်သော အခြားဘုရားများ နောက်သို့ လိုက်၍ ပြည့်တန်ဆာဆန်စွာ ပြုခဲ့ကြောင်းဖြင့် သူ့လူတို့ သစ္စာမဲ့မှုကို ဘုရားသခင်က ရှင်းလင်းပြတ်သားစွာ ပုံဖော်လိုခဲ့ခြင်း ဖြစ်သည်။ သို့သော် သူ့လူမျိုးတို့ ပြည့်တန်ဆာမှု ပြုကာ သစ္စာမဲ့ခဲ့သော်ငြား ကိုယ်တော်သည် သူ့ပဋိညာဉ်ကို ဆက်လက်သစ္စာရှိနေဆဲ ဖြစ်ကြောင်း ဟောရှေ၏ ဘဝကို အသုံးပြု ပြသွန်ခဲ့သည်။

**Dr David Correa, translation**

အစောပိုင်းကာလ သူ့မိသားစု ဘဝအတွေ့အကြုံများအကြောင်း ဟန်ချက်ညီ တင်ဆက်ပြီးသည့်နောက် ၂း၂-၂၃ ပါ ဘုရားသခင်၏ ပထမဆုံး တရားတွေ့မှုဆီ ဟောရှေ လှည့်ခဲ့သည်။

ဘုရားသခင်၏ တရားတွေ့မှု (၂း၂-၂၃) ၂း၂-၁၃ ပါ တရားတွေ့မှုဆိုင်ရာ ဗျာဒိတ်များအတွင်း ကျွန်ုပ်တို့ အမြဲ မျှော်လင့်နိုင်သည့် အတိုင်း မြောက်ပိုင်း ဣသရေလသည် ကိုယ်တော်ပေးသော ကျိန်ခြင်းများကို ခံယူရတော့မည် ဖြစ်ကြောင်း ကောင်းကင် တရားရုံးတော်၌ ဘုရားသခင် ကြေညာခဲ့သည်။ ဂေါမာနှင့် သူ့ ပြည့်တန်ဆာဝတ်ကဲ့သို့ပင် ဣသရေလ အမျိုးသားတို့သည်လည်း ဘုရားသခင်အပေါ် သစ္စာမဲ့ခဲ့ပြီး ဘုရားသခင်ကလည်း အာရှုရိ အင်ပါယာကို တန်ခိုးထွားစေခြင်းဖြင့် သူတို့အပေါ် ကျိန်ခြင်းများ ကျရောက်စေတော့မည် ဖြစ်သည်။ သို့သော် ဘုရားသခင့် တရားတွေ့မှု အများစုနှင့် မတူကွဲလွဲစွာပင် ဤတရားတွေ့မှုသည် ဘုရားပေး ကျိန်ခြင်းများ သက်သက်နှင့် အဆုံးမသတ်သွားခဲ့ပေ။ ၎င်းနှင့် ကွဲလွဲစွာပင် အခန်းငယ် ၁၄-၂၃ အတွင်း ဣသရေလကို တရားစီရင်ပြီးနောက် ကောင်းချီးများရောက်လာမည်ဖြစ်ကြောင်း ဘုရားသခင် မိန့်ဆိုခဲ့သည်။ ၂း၁၈ ပါ မျှော်လင့်ခြင်းဆိုင်ရာ ဘုရား စကားများကို နားထောင်ကြည့်ပါ။

> ထိုကာလ၌ ငါသည် သူတို့အတွက် တောသားရဲ၊ မိုးကောင်းကင်ငှက်၊ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန်များနှင့် မိတ်သဟာယဖွဲ့၍ လေး၊ ဓား၊ စစ်တိုက်လက်နက်တို့ကို မြေပေါ်က ပယ်ရှားသဖြင့် သူတို့သည် စိုးရိမ်ခြင်းမရှိဘဲ အိပ်ရကြလိမ့်မည် (ဟောရှေ ၂း၁၈)။

ဘုရားသခင်သည် ဣသရေလနှင့် ပဋိညာဉ်ပြုမည့်အကြောင်း ကတိပြုခြင်းဖြင့် တရားစီရင်ပြီးသည့်နောက်တွင် ခမ်းနားသော အနာဂတ် မုချရောက်လာမည့်အကြောင်း ဘုရားသခင် ဖော်ပြခဲ့သည်ကို ဤနေရာမှာ ကျွန်ုပ်တို့ တွေ့နိုင်သည်။ ဤ ပဋိညာဉ်အကြောင်းကို နောက်ပိုင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပရောဖက်များကလည်း ကြိုတင် ဟောပြောခဲ့ကြသည်။ ယေရမိ ၃၁း၃၁ က ဤပဋိညာဉ်အား "ပဋိညာဉ်တရားသစ်" အဖြစ် ခေါ်ဆိုထားသည်။ ထို့ပြင် ဟေရှာယ ၅၄း၁၀ နှင့် ယေဇကျေ ၃၄း၂၅၊ ၃၇း၂၆ တို့ကလည်း "ငြိမ်သက်ခြင်း ပဋိညာဉ်" ဟူ၍ ညွှန်းထားကြသည်။

ဤနေရာတွင် ဟောရှေ ပရောဖက်ပြုချက်အတွင်း "တောသားရဲ၊ မိုးကောင်းကင်ငှက်၊ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန်များ" ဟု ဆိုထားခြင်းသည် ဘုရားသခင့် ကောင်းချီးများက သဘာဝလောကကြီးအား မည်သို့ ပြန်တည်မြဲစေမည် ဆိုသည့်အပေါ် စူးစိုက်ချက် ဖြစ်သည်။ ထို့ပြင် အာရှုရိတို့၏ ရက်စက်ကြမ်းကြုတ်မှု ရပ်စဲသွားရေးအတွက်လည်း ဘုရားသခင် ကတိပြုတော်မူခဲ့သည်။ ကိုယ်တော်သည် "လေး၊ ဓား၊ စစ်တိုက်လက်နက်တို့ကို မြေပေါ်က ပယ်ရှား" မည်ဖြစ်၍ ဣသရေလသည် "စိုးရိမ်ခြင်းမရှိဘဲ အိပ်ရကြလိမ့်မည်" ဖြစ်သည်။

သူ့ အစောပိုင်း မိသားစု ဘဝအတွေ့အကြုံများနှင့် ဘုရားသခင့် ပထမ တရားတွေ့မှုအတွင်း တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်းတို့ကို မည်သို့ဖွင့်ပြခဲ့ကြောင်း မှတ်တမ်းတင်ပြီးသည့်နောက် ၃း၁-၅ ပါ သူ၏ နောက်ပိုင်းကာလ မိသားစု ဘဝအတွေ့အကြုံများဆီသို့ ဟောရှေ လှည့်ခဲ့သည်။

**နောက်ပိုင်းကာလ မိသားစု ဘဝ အတွေ့အကြုံများ (၃း၁-၅)** ဟောရှေ အခန်းကြီး ၃ သည် အခန်းငယ် ၁ မှ ၃ အတွင်း ကိုယ်ရေး အထ္ထုပ္ပတ္တိရေးဟန်ဖြင့် ရေးသားထားသော မိသားစု ဘဝဇာတ်ကြောင်းနှင့် အစပြုသည်။ ဂေါမာသည် ပြည့်တန်ဆာဝတ်ဖြည့်ရာ ဘဝဟောင်းသို့ ပြန်ရောက်သွားခဲ့ကြောင်း ကျွန်ုပ်တို့ သိရသည်။ သို့သော် ဘုရားသခင်သည် အခန်းငယ် ၁ တွင် ဟောရှေအား "မျောက်မ ထားသော မိန်းမကို သွား၍ ချစ်ဦးလော့" ဟု မိန့်မှာခဲ့သည်။ ဟောရှေသည်လည်း နာခံ၍ အခန်းငယ် ၃ တွင် ဂေါမာအား "နေ့ရက်များစွာ" အခြားသော ယောကျ်ားနှင့် မပေါင်းဖော်ရန် ပြောခဲ့သည်။ သို့တိုင်အောင် ဟောရှေသည် အဆိုပါ တရားစီရင်ချက် စကားများအား ဘုရားသခင်မှတ်သွင်းသော မျှော်လင့်ခြင်းဆိုင်ရာ ဗျာဒိတ်ပြု ဆင်ခြင်ချက်စဉ် နောက်တစ်ခုနှင့် ထိန်းညှိနိုင်ရေး ဂရုစိုက်ခဲ့သည်။ ၃း၄-၅ တွင်ကျွန်ုပ်တို့တွေ့ရသည်မှာ

> အကြောင်းမူကား ဣသရေလ အမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တု မရှိဘဲ နေရကြလိမ့်မည်။ ထိုနောက်မှ ဣသရေလအမျိုးသားတို့သည် ပြန်လာ၍ ..... ကျေးဇူးတော်ကို ခံအံ့သောငှာ ထာဝရ ဘုရားထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည် (ဟောရှေ ၃း၄-၅)။

ဤကျမ်းချက်က ညွှန်ပြနေသလို ဂေါမာ၌ ပေါင်းဖော်ရန် ယောကျ်ား မရှိချိန်သည် “ရှင်ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တု မရှိ” သည့် ပျက်ဆီးခြင်း ကာလရှည်ကြီး တစ်ခုကို ဣသရေလတို့ ဖြတ်သန်းဖို့ ရှိကြောင်း ဖော်ပြသည့် သင်္ကေတ ဖြစ်သည်။ သို့သော် ဤတရားစီရင်ချက် ပြီးဆုံးချိန်တွင် ဣသရေလသည် ဘုရားသခင့် "ကျေးဇူးတော်" သို့မဟုတ် ကောင်းချီးများကို ပြန်လည်ရရှိလိမ့်မည် ဆိုသည့် မျှော်လင့်ချက်အမြင်ကို ဟောရှေက တဖန်ထပ်၍ အလေးပေးထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် တရားစီရင်ပြီးနောက် ရောက်လာမည့် ဘုရားသခင့် ကောင်းချီးများအား စာစောင် ပထမပိုင်း၏ မူလအဓိပ္ပာယ်က မည်သို့ အလေးပေးထားကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ အဆိုပါ အနာဂတ် ကောင်းချီးများ ယုဒအားဖြင့် ရောက်လာမည် ဆိုသည့် ဖွင့်ပြချက်ကို လေ့လာကြပါစို့။

## ယုဒအားဖြင့် ခံစားရသော ကောင်းချီးများ

ဟောရှေ အမှုတော် ပထမအဆင့်အတွင်း ယုဒဘုရင် ဩဇိသည် ဘုရားသခင်အပေါ် သစ္စာစောင့်သိခဲ့ကြောင်း သင်အမှတ်ရပါလိမ့်မည်။ ထို့ကြောင့် ယခုအချိန်၌ မြောက်ပိုင်း ဣသရေလအပေါ် တရားစီရင်ချက်များကို ဘုရားသခင် မြွက်ဆိုခဲ့သော်လည်း တောင်ပိုင်းယုဒပြည်အပေါ်တွင်မူ တမူထူးခြားစွာ တုန့်ပြန်ခဲ့သည်။ ဟောရှေ ၁း၇ တွင် "ယုဒအမျိုးကိုကား သနားစုံမက်ဦးမည်" ဟု ကိုယ်တော်မိန့်ဆိုခဲ့သည်။ သို့သော် ကျွန်ုပ်တို့ မကြာမီတွေ့ကြရမည် ဖြစ်သလို ဤ ဟောရှေ စာစောင် ပထမပိုင်း ဗျာဒိတ်တို့၌ ယုဒပြည်နှင့် ပတ်သက်၍ ထိုထက်မက ပြောစရာများစွာ ရှိနေသည်။ ပထမပိုင်းထဲက ဒုတိယကဏ္ဍမှာပါသည့် ဟောရှေ ဖွင့်ပြသည်များကို နားထောင်ကြည့်ပါ။ ယုဒခေါင်းဆောင်တို့အား ဟောရှေ သွန်သင်ခဲ့သည်မှာ

> နောင်ကာလတွင် ဣသရေလသည် ယုဒနှင့် ပြန်လည် ပေါင်းစည်းညီညွတ်ခြင်း၊ ဒါဝိဒ်မင်းမျိုးထံ ဝန်ခံအပ်နှံခြင်းတို့ဖြင့် ဘုရားသခင့် အထံတော်မှ ကောင်းချီးများကို ရရှိလိမ့်မည် ဆိုသည့်အချက် ဖြစ်သည်။

ယုဒအားဖြင့် ဘုရားသခင့် ကောင်းချီးများရရှိမည် ဆိုသည့် ဖွင့်ပြချက်များအပေါ် ဟောရှေ အဘယ်ကြောင့် စူးစိုက်ခဲ့ကြောင်း နားလည်ရန်အတွက် ဟောရှေ ဗျာဒိတ်တို့ကို ပုံဖော်နေသည့် ဓမ္မဟောင်း အာဘော်သုံးခုကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါသည်။ ပထမအနေဖြင့် လူမျိုးစုခေါင်းဆောင်များ ခေတ်ကာလလောက် စောစီးစွာကပင် ဣသရေလ လူမျိုးနွယ် ၁၂ မျိုးတို့၏ ပေါင်းစည်းညီညွတ်မှု အရေးကြီးပုံကို ဓမ္မဟောင်းကျမ်းက အလေးပေးဖော်ပြခဲ့သည်။ ဤစံနှုန်းကို ကမ္ဘာဦးကျမ်းက ယောသပ်နှင့် သူ့အစ်ကိုများ ပြန်လည်သင့်မြတ်ကြသည့်အမှု၌ အထူးတလည် ညွှန်ပြထားသည်။ ထွက်မြောက်ရာ၊ ဝတ်ပြုရာ၊ တောလည်ရာ၊ တရားဟောရာ၊ ယောရှုမှတ်စာ၊ တရားသူကြီး မှတ်စာနှင့် ရှမွေလ ဓမ္မရာဇဝင်တို့ကလည်း ဣသရေလ လူမျိုး ရှိသမျှ ပေါင်းစည်းညီညွတ်ကြဖို့ အားပေးကြသည်။ ဣသရေလ မျိုးနွယ်နှင့် ယုဒမျိုးနွယ်တို့ အချင်းချင်းကွဲပြပြီး မသင့်မတင့် ဖြစ်နေချိန်တွင် သူ့အမှုတော်ကို ဟောရှေ စတင်ခဲ့သည်မှာ ဟုတ်ပါသည်။ သို့သော် အဆိုပါ အစောပိုင်းကာလ သမ္မာကျမ်း စံနှုန်းများနှင့် အညီ ဟောရှေ အလေးပေးဖော်ပြခဲ့သည်မှာ ဣသရေလတို့ အနာဂတ် ဘုရားကောင်းချီးခံစားရေးအတွက် မျိုးနွယ် ၁၂ မျိုး ပေါင်းစည်း ညီညွတ်ရန် လိုသည် ဆိုသည့် အချက်ဖြစ်သည်။

ဒုတိယအနေဖြင့် ဒါဝိဒ်မင်းမျိုးထံ ဝန်ခံအပ်နှံခြင်း ဟူသော ဓမ္မဟောင်း အာဘော်မှလည်း ဟောရှေ ထုတ်ယူဆင်ခြင်ခဲ့သည်။ အစောပိုင်း သမ္မာကျမ်းစာစောင်များ အထူးသဖြင့် တရားသူကြီး မှတ်စာ၊ ရှမွေလ ရာဇဝင်နှင့် ရှင်ဘုရင်တို့၏ ရာဇဝင် ကျမ်းများအပါအဝင် အစောပိုင်း ဆာလံကျမ်းများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကာလလောက်ကတည်းက ဒါဝိဒ်မင်းမျိုး ဖြစ်သော ယုဒ တော်ဝင်သားမြေးတို့သည် ဘုရားသခင့်လူတို့အပေါ် အမြဲတမ်းအုပ်စိုးမည့် ထာဝရ နန်းဆက် ဖြစ်ဖို့ ရှိနေခဲ့သည်။ ပထမအာဘော်ကဲ့သို့ပင် ဤအာဘော်သည်လည်း ယောသပ်နှင့် သူ့အစ်ကိုများအကြောင်း ဇာတ်လမ်းထဲ၌ မြစ်ဖျားခံသည်။ ကမ္ဘာ ၄၉း၁၀ တွင် လူမျိုးစု အကြီးအကဲ ယာကုပ်က သူ့သားများအကြောင်း ဗျာဒိတ်ပေးခဲ့ပြီး ရာဇအာဏာ၏ သင်္ကေတဖြစ်သော "လှံတံ" သည် "ယုဒမျိုးနွယ်ထံမှ ရွေ့သွားမည်မဟုတ်" ကြောင်း ကြိုတင်ပြောခဲ့သည်။ ထို့ကြောင့် ဒါဝိဒ်ထီးနန်း၏ အာဏာကို မြောက်ပိုင်းမျိုးနွယ်တို့ ငြင်းပယ်ခဲ့စဉ်က ဣသရေလတို့ အနာဂတ် ကောင်းချီး ခံစားရေးအတွက် ဒါဝိဒ်မင်းမျိုး အုပ်စိုးမှုအောက် အသစ်တဖန် ပြန်လည် ဝန်ခံအပ်နှံမှု လိုအပ်ကြောင်း ဟောရှေက အလေးပေးခဲ့သည်။

တတိယအနေနှင့် ယုဒအားဖြင့် ကောင်းချီးခံစားမည့်အကြောင်း ဟောရှေ၏ မျှော်လင့်ချက် စကားများကို နားလည်ရန် သမိုင်းကြောင်းတစ်ခုလုံးအတွက် ဘုရားသခင် ထားရှိသည့် အဆုံးသတ် ပန်းတိုင်ကို စိတ်ထဲ စွဲမြဲထားဖို့ လိုပါသည်။ ဓမ္မဟောင်းကျမ်းများစွာနှင့် ဆာလံကျမ်းတို့က ညွှန်ပြနေသကဲ့သို့ ဒါဝိဒ်မင်းမျိုး အုပ်စိုးမှုအောက်၌ ဘုရားသခင့်လူတို့ ပေါင်းစည်းညီညွတ်သင့်သည့် *အကြောင်းတရား* မှာ အဆုံးသတ်အားဖြင့် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ရန်ပင် ဖြစ်သည်။ ယခင်အတိုင်း ယောသပ်နှင့် သူ့ အစ်ကိုများ ကာလလောက် စောစီးစွာကပင် ဤအာဘော်ကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ ကမ္ဘာဦး ၄၉း၁၀ ၌ သူ့သား ယုဒ သို့ ယာကုပ် ဗျာဒိတ်ပေးစဉ်က "ရာဇလှံတံသည် ယုဒထံမှ မရွေ့ရ" ဟု သူပြောခဲ့ရုံမက "သူ့ထံ၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်" ဟူ၍ပါ ဆိုခဲ့သည်။ လူမျိုးတို့ ဆိုသည့် စကားအား တိုင်းနိုင်ငံများ ဟုလည်း ပြန်ဆိုနိုင်သည်။

အဆုံးသို့ ရောက်သည့်အခါ ယုဒရှင်ဘုရင်၏ အုပ်စိုးမှုအောက်တွင် ပေါင်းစည်းညီညွတ်ကြသော ဣသရေလ အနွယ် ၁၂ မျိုးတို့သည် ဘုရားသခင့် နိုင်ငံတော်အား မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်ကြလိမ့်မည် ဖြစ်သည်။ ထို့အပြင် ယုဒပြည်အကြောင်း ဟောရှေ၏ အစောပိုင်း ဗျာဒိတ်များကလည်း ဘုန်းတော်နှင့် ပြည့်စုံသော အနာဂတ် ရူပါရုံကို အားပေးမြှင့်တင်ခဲ့သည်။ ဤနောက်ခံသမိုင်းအရ ဟောရှေ ၁း၁၁ နှင့်တကွ အဆိုပါ အာဘော်များအပေါ် ဟောရှေ ဆွေးနွေးပုံကို နားထောင်ကြည့်ပါ။

> ယုဒ အမျိုးသားတို့နှင့် ဣသရေလ အမျိုးသားတို့သည် စုဝေးပေါင်းဖော်၍ မင်းတဦးတည်းကို ချီးမြှောက်ကြ လိမ့်မည်။ သူတို့သည် ထိုပြည်ထဲက ထွက်လာကြ၍ ယေဇရေလနေ့သည် ကြီးမြတ်သောနေ့ ဖြစ်ရလိမ့်မည် (ဟောရှေ ၁း၁၁)။

ဤနေရာတွင် ဟောရှေက မြောက်ပိုင်းဣသရေလအပေါ် အာရှုရိလူတို့ ဆောင်ယူလာတော့မည့် ရက်စက်ကြမ်းကြုတ်မှုသည် "ကြီးမြတ်" လိမ့်မည် ဖြစ်သောကြောင့် "ယေဇရေလနေ့" သည်လည်း ကြီးမြတ်လိမ့်မည် ဖြစ်ကြောင်း ဟောရှေ ကြိုပြောခဲ့သည်။ သို့သော် ဤဘုရားသခင့်

တရားစီရင်ချက်ပြီးဆုံးသည့်နောက်တွင် "ယုဒ အမျိုးသားတို့နှင့် ဣသရေလ အမျိုးသားတို့သည် စုဝေးပေါင်းဖော်"၍ ပေါင်းစည်းညီညွတ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာပေလိမ့်မည်။ ထို့နောက် သူတို့သည်လည်း "မင်းတဦးတည်း သို့မဟုတ် ရှင်ဘုရင်တစ်ပါးတည်းကို ချီးမြှောက်ကြလိမ့်မည်" ဖြစ်သည်။ ထိုအပြင် ၃း၅ တွင် ဟောရှေသည် အဆိုပါ ဓမ္မဟောင်း အမြင်တို့ကို ယခုလို အကျယ်ချဲ့ပြခဲ့ပြန်သည်။

> ထို့နောက်မှ ဣသရေလ အမျိုးသားတို့သည် ပြန်လာ၍ သူတို့ ဘုရားသခင် ထာဝရ ဘုရားကိုငင်း၊ သူတို့ ရှင်ဘုရင် ဒါဝိဒ်ကိုငင်း ရှာ၍ နောင်ကာလ၌ ကျေးဇူးတော်ကို ခံအံ့သောငှာ ထာဝရ ဘုရားထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည် (ဟောရှေ ၃း၅) ဟု ဆိုခဲ့သည်။

ဤနေရာတွင် "ထို့နောက်မှ" ဟူ၍ ကျွန်ုပ်တို့တွေ့ရသည်နှင့် အညီ ဣသရေလတို့ တရားစီရင်ခံရချိန် လွန်ပြီးမှ "ဣသရေလ အမျိုးသားတို့သည် ပြန်လာ၍ သူတို့၏ ဘုရားသခင် ထာဝရ ဘုရားကိုငင်း၊ သူတို့ ရှင်ဘုရင် ဒါဝိဒ်ကိုငင်း ရှာကြလိမ့်မည်" ဖြစ်သည်။ အဆိုပါ အဖြစ်အပျက်တို့သည် "နောင်ကာလ" ၌ ဖြစ်ပျက်မည့် အကြောင်း ဟောရှေ ပြောခဲ့သည်ကို ဂရုပြုမှတ်သားပါ။ ဤစကားစုသည် ဟေဗြဲ အသုံးအနှုန်း *ဘဲအားခရစ် ဟားယာမင်မ်* ( **בְּאַחֲרִית הַיָּמִים** ) မှ ဆင်းသက်လာသည်။ အချို့ကျမ်းချက်များတွင် ၎င်းနှင့် အလားတူ စကားစုများအား "ရှေ့အနာဂတ်၌" ဟူ၍သာ ပြန်ဆိုထားကြသည်။ သို့သော် ဤနေရာတွင်မူ "နောင်ကာလ၌" ဟူ၍ မှန်ကန်စွာ ပြန်ဆိုထားပြီး ၎င်းသည် ဘုရားသခင့်လူတို့ ကျွန်ခံကာလလွန်ပြီးနောက် ဘုရားသခင့် အကြံအစည်တော်ပြီးပြည့်စုံကာ လူ့သမိုင်းကြောင်း အဆုံးသတ်ချိန်ကို ရည်ညွှန်းသည်။

အခြားသော စာစဉ်များထဲ ကျွန်ုပ်တို့ ဂရုပြုမိသလို ဓမ္မဟောင်း ပရောဖက် အများအပြားကလည်း တရားဟောရာ ၄း၂၅-၃၁ အရ "နောင်ကာလ" ဆိုသည့် အသုံးအနှုန်းကို ထုတ်ယူခဲ့ကြသည်။ ဘုရားသခင့် လူတို့သည် ဘုရားသခင် ပဋိညာဉ်အား ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပါက ဘုရားသခင်သည် သူတို့အား ရန်သူတို့လက်သို့ အပ်တော်မူ၍ ကတိတော်မြေမှ နှင်ထုတ်တော် မူလိမ့်မည် ဖြစ်ကြောင်း အဆိုပါကျမ်းချက်များအတွင်း သူတို့ကို မောရှေ သတိပေးထားခဲ့သည်။ သို့သော် အခန်းငယ် ၃၀ တွင် "နောင်ကာလ၌" သူတို့သည် နောင်တရကြမည်ဖြစ်ကြောင်း၊ သူတို့ကျွန်ခံကာလလည်း ပြီးဆုံးလိမ့်မည် ဖြစ်ကြောင်း ဘုရားသခင့်လူတို့ကို မောရှေက ပြန်လည် စိတ်ချမှုပေးခဲ့သည်။ မောရှေ ကြိုတင်ပြောဆိုခဲ့သည်နှင့်အညီ မြောက်ပိုင်း ဣသရေလသည် ဘုရားသခင့် တရားစီရင်ခြင်းကို ပြင်းပြင်းထန်ထန် ခံစားရမည်ဖြစ်ကြောင်း ဟောရှေက ပရောဖက်ပြုခဲ့သည်။ သို့သော် ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သလို သူတို့ နောင်တရ၍ ယုဒပြည်နှင့် ပြန်လည်ပေါင်းစည်းကာ ဒါဝိဒ်မင်းမျိုး၏ အုပ်စိုးမှုကို ဝန်ခံမည် ဖြစ်ကြောင်းကိုလည်း သူ စိတ်ချမှုပေးခဲ့သည်။ လူ့သမိုင်းကြောင်းသည် ၎င်း၏ ခမ်းနားသော အဆုံးသတ်ပန်းတိုင်ဆီသို့ ရောက်ရှိချိန်၊ ဘုရားသခင့် နိုင်ငံတော်သည်လည်း မြေကြီးစွန်းတိုင်အောင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြန့်ကျက်ရောက်ရှိချိန်၌ ဤအရာ ရှိသမျှတို့သည် နောင်ကာလ ကောင်းချီးများကို ဖြစ်ပေါ်စေပါလိမ့်မည်။

> ပညတ္တိကျမ်းငါးကျမ်းထဲ "နောင်ကာလ" ဆိုသည့် စကားစုကို သုံးထားကြောင်း သင်တွေ့ရသည့် အချိန်များ ရှိသည်။ သာဓက တစ်ခုကို တရားဟောရာကျမ်း အခန်းကြီး ၄ အဆုံးပိုင်းတွင် တွေ့သည်။ အဆိုပါ အဆက်အစပ်ထဲတွင် ဣသရေလတို့ ကတိတော်နယ်မြေ ဝင်ကာနီး ဆဲဆဲ သူတို့ကို မောရှေ သတိပေးသည်မှာ ကတိတော်နယ်မြေထဲ သူတို့ရောက်သည့်အခါ ဘုရားသခင်ကို သူတို့ပုန်ကန်ပြီး သိနာတောင် ပဋိညာဉ်အရ လိုက်လျှောက်ရမည်တို့ကို မလိုက်လျှောက်ဘဲနေခဲ့လျှင် အဆုံး၌ ကတိတော်နယ်ထဲက သူတို့နှင်ထုတ်ခံရပြီး ကျွန်ဘဝ ကျသွားနိုင်ကြောင်း သူပြောခြင်းဖြစ်သည်။ ထို့ကြောင့် မောရှေ သတိပေးသည့် အရာမှာ နယ်မြေထဲမှ သူတို့နှင်ထုတ်ခံရသည်နှင့် တပြိုင်နက် မနာခံမှုကြောင့် ကျွန်ဘဝထဲ ကျရောက်ပြီ ဖြစ်ကြောင်း၊ သို့သော် နယ်မြေထဲမှ နှင်ထုတ်ခံရသူတို့အတွက် မျှော်လင့်ချက် ရှိနေဆဲဖြစ်ကြောင်း၊ "နောင်ကာလ" တွင် ဘုရားသခင်ထံ သူတို့ ပြန်လှည့်လာကာ ကိုယ်တော်ထံ သူတို့ ပဌနာပြုသောအားဖြင့် ကိုယ်တော်က သူတို့အား ပြန်သိမ်းယူနိုင်ကြောင်း ပြောပြခြင်းပင် ဖြစ်သည်။ ဤအရာသည် မိမိလူတို့အပေါ် လက်မလျှော့ဘဲ မိမိထံ ပြန်သိမ်းယူ၊ တည်မြဲစေလိုသည့်၊ ကျွန်ုပ်တို့ကိုးကွယ်သော ဘုရားသည် မည်သို့သော ဘုရားဖြစ်ကြောင်းကို ရိပ်ကနဲ အံ့သြဖွယ်မြင်လိုက်ရသည့် မြင်ကွင်း ဖြစ်သည်။ ဤအချက်က တည်မြဲစေသောဘုရား၊ အပြစ်ထဲ ကျသွားသည့် နောက်တွင်ပင် ရွေးနုတ်သောဘုရား ဆိုသည့် ဘုရားသခင် မည်သူ ဖြစ်ကြောင်း ပြဆိုသော ကြီးမြတ်သည့် ဓမ္မပညာ အုတ်မြစ်ကို ချပေးသည်။ ခရစ်တော်ယေရှု၏ ပုဂ္ဂိုလ်သဘာဝအားဖြင့် ဘုရားသခင် နောက်ပိုင်းပြုတော်မူသော အမှုများနှင့်တကွ အဆုံးသတ် အပြီးအပိုင် ပြုတော်မူမည့် အရာတို့ကို နားလည်စေရန် ထိုအရာက အုတ်မြစ်ချပေးသည်။

**Andrew Abernethy, Ph.D.**

ယခုတွင် ယေရောဗောင် ၂ အုပ်စိုးကာလ မြောက်ပိုင်း ဣသရေလ နိုင်ငံအတွင်း အဆိုပါ တရားစီရင်မှု ဆိုင်ရာနှင့် မျှော်လင့်ချက်အကြောင်း အစောပိုင်း ဗျာဒိတ်တို့ကို ဟောရှေ *ပထမဆုံး* ဆင့်ဆိုခဲ့ရခြင်း အကြောင်းအား သိမြင်ရန် လွယ်ကူလာပြီ ဖြစ်သည်။ ရောက်လာနေပြီ ဖြစ်သောဘုရားသခင့် တရားစီရင်ချက်အကြောင်း ဣသရေလကို သတိပေးရန်နှင့် ဘုရားသခင့် ကရုဏာတော်ကို သူတို့ ရှာဖွေဖို့ တိုက်တွန်းရန် ဘုရားသခင် သူ့ကို ခေါ် ခဲ့သည်။ ဟောရှေပေးသော ဗျာဒိတ်များကို လစ်လျူရှုသဖြင့် ဘုရားသခင့် တရားစီရင်ချက်ကို မြောက်ပိုင်းဣသရေလတို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခံစားခဲ့ရလင့်ကစား အဆိုပါ သတိပေးချက်များကို ဟောရှေ ဆင့်ဆိုရခြင်း ရည်ရွယ်ချက်မှာ ရှင်းနေသည်။

သို့သော် ဆယ်စုနှစ်များစွာ ကြာပြီးသည့်နောက် *ယုဒပြည်* အတွင်း သူ့စာစောင်ကို ပြုစုခဲ့ချိန် အဆိုပါ တရားစီရင်တော်မူချက်နှင့် မျှော်လင့်ခြင်း အကြောင်း ဟန်ချက်ညီသော ဗျာဒိတ်များအား အဘယ်ကြောင့် ဟောရှေ ထည့်သွင်းခဲ့ပါသနည်း။ သူမည်သည့်အရာကို ပြီးမြောက်ဖို့ မျှော်လင့်ခဲ့ပါသနည်း။ ကောင်းပါပြီ။ အဆိုပါ အစောပိုင်းကာလ ဗျာဒိတ်တို့သည် ဟေဇကိမင်း အုပ်စိုးကာလ ယုဒခေါင်းဆောင်တို့အား ဟောရှေ စာစောင်တစ်ခုလုံးကို နားလည်နိုင်စေသည့် ဉာဏ် ရရှိရေးအတွက် ခိုင်မာသော အုတ်မြစ်ကို ပေးခဲ့သည်။ သူတို့ရှေ့က ဣသရေလတို့ ကြုံခဲ့သလို ယုဒသည်လည်း ယခုအခါ ဘုရားသခင့် တရားစီရင်ချက်ကို ရင်ဆိုင်နေရပြီး သူတို့ကို လမ်းညွှန်မည့် ဟောရှေ၏ ဖွင့်ပြချက်များအား သူတို့ လိုအပ်နေခဲ့သည်။ သို့သော် သူ့လူမျိုးတော်အတွက် ဘုရားသခင် ထားရှိသည့် အဆုံးသတ် အကြံအစည် အကြောင်း ယုဒကို သတိပေးရန် အတွက်လည်း သူ့စာစောင်၏ ပထမအပိုင်းကို ဟောရှေ ရေးခဲ့သည်။ မည်သည့် အမှုကိစ္စမျိုးပင် ဖြစ်ခဲ့ပါစေ သို့မဟုတ် ဖြစ်ဆဲရှိနေပါစေ၊ နောင်ကာလအခါ ဘုရားသခင့်ကောင်းချီးများ ပွင့်လင်းလာရန် တစ်နည်းသာ ရှိခဲ့သည်။ ဒါဝိဒ်၏သားတစ်ယောက်သည် နိုင်ငံတော်ကို ပြန်ညီညွတ်စေမည် ဖြစ်ပြီး ဣသရေလနှင့်တကွ ယုဒကိုပါ ဘုရားသခင်၏ ခမ်းနားသော ကောင်းချီးများဆီသို့ ခေါ်ဆောင်သွားပေလိမ့်မည်။

ရာဇဝင်ချုပ် ဒုတိယစောင် အခန်းကြီး ၃၀ အရ ဟေဇကိမင်းသည် သူ့အုပ်စိုးကာလ အစောပိုင်းတွင် ဒါဝိဒ်၏ သားတစ်ဦး အဖြစ်ဖြင့် ဣသရေလနှင့် ယုဒတို့အား သူ့အုပ်စိုးမှုအောက် တလုံးတဝဖြစ်စေရန် အားထုတ်ခဲ့ကြောင်း ကျွန်ုပ်တို့ ဂရုပြုမိဖို့ လိုပါသည်။ သို့သော် နောက်ပိုင်းတွင် သူသည် ဘုရားသခင့်အထံတော်မှ လွဲသွားပြီး သူ့အားထုတ်မှုလည်း မအောင်မမြင် ဖြစ်ခဲ့ရသည်။ ဣသရေလသည် ဝါးအစည်းပြေသလို ဆက်ဖြစ်နေခဲ့ပြီး ယုဒသည်လည်း ဘုရားသခင့် တရားစီရင်ခြင်းအောက် ကျရောက်ခဲ့က "နောင်ကာလ" တွင် ရောက်လာမည့် ကောင်းချီးများကိုလည်း ဆက်လက် စောင့်မြဲ စောင့်နေရဆဲ ဖြစ်ခဲ့သည်။

ဟောရှေကျမ်း အဖွင့်ပိုင်းဖြစ်သည့် တရားစီရင်ခြင်းနှင့်မျှော်လင့်ခြင်းတို့အကြောင်း ဟန်ချက်ညီတင်ပြချက်၏ မူလအဓိပ္ပာယ်ကို စဉ်းစားပြီးသည့်နောက် စာစောင်၏ ဤအပိုင်းအား ယနေ့ကာလ ကျွန်ုပ်တို့ မည်သို့ လက်တွေ့သုံးကြမည်ကို ကြည့်ကြပါစို့။

## ယနေ့ကာလ လက်တွေ့ကျင့်သုံးမှု

ဟောရှေ ကျမ်းအား ခရစ်ယာန်တို့က နည်းလမ်းအဖုံဖုံဖြင့် သူတို့ အသက်တာများ၌ လက်တွေ့အသုံးပြုခဲ့ကြပြီး ဖြစ်သည်။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ကျွန်ုပ်တို့ အများစုက လက်တွေ့အသုံးပြုချက်များအား အတော်လေး အန္တရာယ်ရှိသည့်အနေအထားဖြင့် လေ့လာမိတတ်ကြသည်။ ကျွန်ုပ်တို့ ခရစ်တော် နောက်လိုက်များ အနေဖြင့် ကျွန်ုပ်တို့ ယုံကြည်ထားသော အခြားအရာတို့နှင့် အလွယ်တကူ အံဝင်ပြီး အရေးမပါလှသည့် ဓမ္မပညာ သို့မဟုတ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျင့်ဝတ် စည်းမျဉ်းများကို မတွေ့ရသေးမချင်း ဖတ်မြဲဖတ်နေမိတတ်ကြသည်။ သို့သော် အဆိုပါ အသေးအဖွဲတို့အပေါ် ကျွန်ုပ်တို့ စူးစိုက်သည်နှင့်အမျှ ဆိုးဆိုးရွားရွား စံလွဲမှုမဖြစ်ရလေအောင် သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့ကို အမြဲတစေ ထိန်းကျောင်းပေးသည်။ သို့သော် တရားစီရင်မှုနှင့် မျှော်လင့်ခြင်းအကြောင်း ဟောရှေ၏ အစောပိုင်း ဗျာဒိတ်များထဲ ပေါ်လွင်နေသည့် အဓိက အာဘော်များ အပေါ် စူးစိုက်ခြင်းဖြင့် သမရိုးကျ မဟုတ်သည့် လေ့လာနည်းကို ကျွန်ုပ်တို့ သုံးလိုပါသည်။

ဟောရှေ ကျမ်း ပထမပိုင်းမှ ယနေ့ခေတ်လက်တွေ့ အသုံးပြုချက် ထုတ်ရေး ကျွန်ုပ်တို့ လေ့လာသည့်အခါ စာစောင်၏ ဤ အပိုင်းနှင့် ဓမ္မသစ်တို့အကြား အရေးပါသော ဆက်သွယ်မှု နှစ်ခုကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါမည်။ ပထမဦးစွာ အသင်းတော်နှင့် စပ်လျဉ်းပြီး ခရစ်တော်၏ သတို့သမီးအဖြစ် ဓမ္မသစ်ကျမ်းက မည်သည့်အရာကို သွန်သင်ပါသနည်း။ ထို့နောက် ဒုတိယအားဖြင့် ၎င်းသည် ခရစ်တော်၌ နောင်ကာလအကြောင်း မည်သည့်အရာကို သွန်သင်ပါသနည်း။ ရှေ့ဦးစွာ ဓမ္မသစ် ခရစ်တော်၏ သတို့သမီး ရှုမြင်ချက်က ဟောရှေကာလနှင့် ကျွန်ုပ်တို့ ဘဝအား မည်သို့ ဆက်စပ်ပေးကြောင်း ကြည့်ကြပါစို့။

## ခရစ်တော်၏ သတို့သမီး

ဟောရှေကျမ်း ပထမ အခန်းကြီး သုံးခန်းထဲက ဂေါမာကို ဟောရှေ လက်ထပ်သည့် ဇာတ်ကြောင်းသည် ဣသရေလနှင့် ယုဒတည်းဟူသော ကိုယ်တော်၏ ဓမ္မဟောင်းလူတို့နှင့် ဘုရားသခင့် ဆက်နွယ်မှုကို ဆိုလိုသည်။ ဟောရှေနှင့်ဂေါမာတို့အား သူတို့၏ ထိမ်းမြားခြင်း ပဋိညာဉ်က ချည်နှောင်ထားသကဲ့သို့ ဘုရားသခင်နှင့် ကိုယ်တော့်လူတို့အား ဘုရားသခင့် ပဋိညာဉ်က ချည်နှောင်ထားသည်။ ဟောရှေနှင့် ပြုသော ပဋိညာဉ်ကို ဂေါမာ ချိုးဖျက်ခဲ့သလို ဘုရားသခင်နှင့် ပြုသော ပဋိညာဉ်ကိုလည်း ဣသရေလနှင့် ယုဒတို့ ချိုးဖျက်ခဲ့သည်။ ဂေါမာနှင့် ပြုသော ထိမ်းမြားခြင်း ပဋိညာဉ်နှင့် ချစ်ခြင်းမေတ္တာကို ဟောရှေ အသစ်ပြုပြင်ခဲ့သလို ဘုရားသခင်ကလည်း နောင်ကာလအခါ သူ့မေတ္တာနှင့် သူ့လူတို့၏ ပဋိညာဉ်ကို အသစ်ပြုပြင်ရန် ကတိပြုခဲ့သည်။ အဆိုပါ တူညီမှုတို့က ဘုရားသခင်နှင့် ဣသရေလတို့ ဆက်နွယ်မှုကို လူသား ဇနီးမောင်နှံ ထိမ်းမြားခြင်းနှင့် ရည်ရွယ်ချက်ရှိရှိ နှိုင်းပြထားသည်။

အခြားသော ပရောဖက်များကလည်း ဣသရေလ၊ ယုဒတို့ နှင့် ဘုရားသခင် ဆက်နွယ်ပုံအား လက်ထပ်ထိမ်းမြားခြင်းနှင့် အလားတူသော်လည်း ပုဂ္ဂိုလ်ရေး မဆန်လှသော ပုံစံများဖြင့် ညွှန်းဆိုခဲ့ကြသည်။ ဤအရာကို ဟေရှာယ ၆၂း၅၊ ယေရမိ ၂း၂၊ ၂း၃၂၊ ၃၁း၃၂ တို့လို ကျမ်းချက်များတွင် တွေ့ရသည်။

ဟောရှေက ဘုရားသခင်အား ဣသရေလနှင့် ယုဒတို့၏ လင်ယောကျ်ားအဖြစ် တင်ဆက်သည်နှင့် များစွာအလားတူ ဓမ္မသစ်ကလည်း အသင်းတော်ကို ခရစ်တော်၏ သတို့သမီးအဖြစ် ပြောဆိုခြင်းဖြင့် ဤဓမ္မဟောင်း အာဘော်အပေါ် တည်ဆောက်ထားသည်။ ဤဥပမာကို ၂ကော ၁၁း၂၊ ဧဖက် ၅း၂၅-၃၃၊ ဗျာဒိတ် ၁၉း၇၊ ၂၁း၂၊ ၂၁း၉ တို့လို ကျမ်းချက်များတွင်လည်း တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန် အသင်းတော်သည် ဓမ္မဟောင်း ယုံကြည်သူလူစုထဲမှ ကြီးထွားရှင်သန်ခဲ့ကြောင်း ဤဓမ္မသစ်အမြင်က ထင်ဟပ်နေသည်။ သမ္မာကျမ်းသမိုင်းတစ်လျှောက် ဘုရားသခင်၌ သတို့သမီး တစ်ဦးတည်းသာ ရှိခဲ့ဖူးသည်။ သို့ဖြစ်၍ ခရစ်ယာန်အသင်းတော်နှင့်ခရစ်တော်၏ ဆက်နွယ်မှုသည် လုံးလုံး သစ်ဆန်းသည်တော့ မဟုတ်ပေ။ ထိုဆက်နွယ်မှုသည် ဘုရားသခင့် ဓမ္မဟောင်းလူတို့နှင့် ဘုရားသခင့် ဆက်နွယ်မှုကို တိုးချဲ့လာခဲ့ခြင်းသာ ဖြစ်သည်။ ဓမ္မသစ် အသင်းတော်၌ တပါး အမျိုး ပိုများနေသည်မှာ မှန်ပါသည်။ သို့သော် ဓမ္မဟောင်းမှာပင်လျှင် တပါးအမျိုးတို့သည် အာဗြဟံ မိသားစုဝင်အဖြစ် မွေးစားခံခြင်း၊ အမျိုးဆက်ခြင်း နည်းအားဖြင့် ဘုရားမိသားစုဝင် ဖြစ်လာနိုင်ကြောင်း ဓမ္မသစ် စာရေးသူတို့က ရှင်းရှင်း ပြဆိုထားခဲ့ကြသည်။ ဤအကြောင်းကြောင့်ပင် ဣသရေလနှင့် ယုဒတည်းဟူသော ဘုရားသခင်၏ ဓမ္မဟောင်း သတို့သမီးအတွက် ဟောရှေ ဗျာဒိတ်များသည် ကျွန်ုပ်တို့ မည်သည့် လူမျိုးနွယ်ဖွား ဖြစ်နေပါစေ၊ ကျွန်ုပ်တို့အား ခရစ်တော်၏ သတို့သမီးအဖြစ် ရည်ညွှန်းနေပေသည်။

> ဓမ္မသစ် အသင်းတော်ဟု ကျွန်ုပ်တို့ ပြောသည့်အခါ လုံးလုံး အသစ်ကျပ်ချွတ် မဟုတ်ကြောင်း ကျွန်ုပ်တို့ သဘောပေါက်ကြရပါမည်။ ဘုရားသခင့် ရွေးနုတ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များအရ ဆိုပါက အသင်းတော်သည် ရှေးဣသရေလတို့၌ မြစ်ဖျားခံသည်။ ထာဝရ ကာလကတည်းက ဘုရားသခင်၌ ရှိဖူးသော လူမျိုး၊ အကြိအစည်ဟူ၍ လူတစ်မျိုး၊ အကြိအစည် တစ်ခုသာ ရှိသည်။ ထို့နောက်မှ ရွေးနုတ်ခြင်း သမိုင်းတွင်း ၎င်းအား ကိုယ်တော် လက်တွေ့ အကောင်အထည်ဖော်ကာ ကျွန်ုပ်တို့ရှေ့မှောက် ဖွင့်ပြခဲ့ခြင်း ဖြစ်သည်။ ဓမ္မဟောင်း ယုံကြည်သူသည် ယေရှုခရစ်တော် ကြွလာခြင်းကို မျှော်လင့်သည့် ဘုရားသခင့် ကတိတော်များ၊ ပဋိညာဉ် ဆိုင်ရာ ကတိများကို ယုံကြည်ခဲ့သူ ဖြစ်သည်။ ကိုယ်တော် ကြွလာခြင်းအရ အသင်းတော်သည် ပိုသိမြင်နားလည်မှု၊ ရှင်းလင်းပြတ်သားမှုတို့ဖြင့် ကိုယ်တော်ကို ယခုအခါ ယုံကြည် သက်ဝင်လျက် ရှိသည်။ သို့သော် ကတိတော်သည်၎င်း၊ ရွေးနုတ်သူသည်၎င်း နဂိုအတိုင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ထိုအရာ၌ တစ်လုံးတစ်ဝ ဖြစ်လျက် ရှိကြသည်။ ခေတ်အဆက်ဆက် ကျွန်ုပ်တို့သည် ဘုရားသခင့်လူမျိုး တစ်မျိုးတည်း အဖြစ်သာ ရှိနေသည်။ သို့သော် ဓမ္မသစ်တွင် သိသာသော ထူးခြားမှု အချို့ ရှိနေသည်။ ပြည့်စုံမှုသည် အစပြုခဲ့ပြီး ဖြစ်သည်။ ပိုမိုနားလည် သဘောပေါက်မှု ရှိနေသည်။ သခင်ယေရှုခရစ်ကို ယုံကြည်သဖြင့် ဒုတိယမွေးခြင်းခံသူများ ပါဝင်သော လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး ရှိနေသည်။ သို့သော် ဘုရားသခင့် ရှေးလူတို့နှင့် ဓမ္မသစ်ထဲက အသင်းတော်ကြား အလျင်မပြတ် တူညီမှု ရှိနေခြင်း သဘောကိုတော့ ကျွန်ုပ်တို့ သေးသိမ်အောင် မလုပ်ရပါ။ ဓမ္မဟောင်း ယုံကြည်သူ၊ ဓမ္မသစ် ယုံကြည်သူဟူ၍ ဣသရေလ နှင့် စစ်မှန်သော ဘုရားသခင့်လူတို့ကြား အလွန်အမင်းခွဲခြားတာမျိုး ကျွန်ုပ်တို့ မလုပ်သင့်ပါ။

> ဘုရားလူ တစ်မျိုးတည်း၊ အကြံအစည် တစ်ခုတည်း ရှိကြောင်း၊ ၎င်းကို အကောင်အထည် ဖော်နေဆဲ ဖြစ်ကြောင်း သတိရကြရပါမည်။ ကောင်းကင်သစ် မြေကြီးသစ်၌ ခရစ်တော် တဖန် ကြွလာချိန် အရာရာကို အဆုံးသတ်သည့်အခါ ဓမ္မဟောင်းကာလ ယုံကြည်ခြင်းဖြင့် ဘုရားလူ ဖြစ်လာကြသော ယုဒနှင့် တပါးအမျိုးသားများ၊ ယုဒနှင့် တပါးအမျိုးတို့ပါဝင်သော စစ်မှန်သော အသင်းတော် မှစ၍ တိုင်းနိုင်ငံအားလုံးတို့သည် သခင် ယေရှု ခရစ်တော်ရှေ့၌ ဒူးထောက်၍ ထာဝရ ကာလ ကိုယ်တော်ကို ချီးမွမ်းကြလိမ့်မည် ဖြစ်သည်။
>
> **Dr Stephen J. Wellum**

ဟောရှေကျမ်း ပထမပိုင်းကို ယနေ့ကာလ ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုသည့်အခါ ဟောရှေနှင့် ခရစ်တော်၏ သတို့သမီးဖြစ်သော ကျွန်ုပ်တို့ကိုယ်တိုင်တို့အကြား ဆက်နွယ်မှုရှိနေကြောင်း ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်သည်။ ယခု ဘုရားသခင့် သတို့သမီး၏ ရှေ့ရေးအတွက် ဟောရှေ မျှော်လင့်ခဲ့သည်တို့သည် နောင်ကာလတွင် ခရစ်တော်၌ မည်သို့ ပြည့်စုံကြောင်း စဉ်းစားကြပါစို့။

## ခရစ်တော်၌ နောင်ကာလ

တရားစီရင်ရာ ကာလတစ်ခု ပြီးလျှင် ဣသရေလနှင့် ယုဒတို့အပေါ် ကြွယ်ဝသော ကောင်းချီးများ ဘုရားသခင် ချပေးမည့် မျှော်လင့်ချက်ကို ဤကျမ်း ပထမပိုင်းထဲ ဟောရှေ အတည်ပြုခဲ့သည်။ ဤအရာသည် "နောင်ကာလတွင်" ဖြစ်ပေါ်မည်ဟု သူရှင်းပြခဲ့သည်။ သို့သော် ဘုရားလူတို့ ဆက်လက်ပုန်ကန်ဆဲ ဖြစ်နေ၍ ဘုရားသခင့် စီရင်ချက်သည် သူတို့အပေါ် နှစ်၇၀၀ ကျော် ဆက်ရှိနေခဲ့သည်။ ဘုရားသခင့် ဆုံးမပဲ့ပြင်မှု တာရှည်နေခဲ့သော်လည်း ယေရှုနှင့် သူ၏ ပထမ ရာစုနှစ် တမန်တော်များနှင့် ပရောဖက်တို့သည် နောင်ကာလ အကြောင်း ဟောရှေ၏ မျှော်လင့်ချက် ဗျာဒိတ်များ အပေါ် လက်မလျှော့ခဲ့ကြပေ။ ထိုအစား မကြာခဏဆိုသလို ဓမ္မသစ် စာရေးသူတို့သည် ဂရိစကားလုံး *အက်စ်ခါးတို့စ်* (eschatos) ကို သုံးပြီး ဓမ္မသစ်ကာလ တစ်ခုလုံး ပါဝင်သော ခရစ်ယာန် အသင်းတော်ကာလအား "နောင်ကာလ" အဖြစ် သတ်မှတ်ခဲ့ကြသည်။ "အက်စခါတိုလိုဂျီ" ဟူသော ဓမ္မပညာ အသုံးအနှုန်းကို ဤဝေါဟာရမှ ကျွန်ုပ်တို့ ရရှိခြင်း ဖြစ်သည်။ အလွယ်ဆိုရလျှင် ယေရှုသည် ဒါဝိဒ်၏ ကြီးမြတ်သောသားတော် ဖြစ်ပြီး "နောင်ကာလ" ခေါ် နောက်ဆုံးသောကာလ အကြောင်း ဟောရှေ ပရောဖက်ပြုချက်များကို ပြည့်စုံစေသူဖြစ်ကြောင်း ဓမ္မသစ် စာရေးသူတို့က သွန်သင်ခဲ့သည်။

သို့သော် အခြားသော စာစဉ်များထဲ တွေ့ခဲ့ပြီး ဖြစ်သလို ကိုယ်တော်၏ သတို့သမီးအတွက် ဘုရားသခင် ကြံစည်တော်မူသော နောင်ကာလ ကောင်းချီးများအား အဆင့် သုံးဆင့်နှင့် ဖွင့်ပြကြောင်းကိုလည်း ဓမ္မသစ်က သွန်သင်သည်။ ပထမ အဆင့်မှာ ကိုယ်တော်၏ ပထမ ကြွလာခြင်းနှင့် ကိုယ်တော်၏ တမန်တော်များ၊ ပရောဖက်များ၏ အမှုတော်များအားဖြင့် အသင်းတော်၏ အုတ်မြစ်ကို ယေရှု တည်ထောင်သည့် အချိန်ကာလ၌ ခရစ်တော်၏ နိုင်ငံတော် ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစပြုခြင်း အဆင့် ဖြစ်သည်။ ဒုတိယ အဆင့်မှာ အသင်းတော် သမိုင်းတစ်လျှောက် ခရစ်တော်၏ နိုင်ငံတော် အလျင်မပြတ် ဆက်လက်ဖြစ်ပေါ်ခြင်း အဆင့် ဖြစ်သည်။ ထို့နောက် တတိယ အဆင့်မှာမူ ဘုန်းတော်၌ ခရစ်တော် ပြန်ကြွဆင်းလာပြီး အရာရာကို အသစ်ဖန်ဆင်းချိန် ဘုရားသခင့် နိုင်ငံတော် အဆုံးသတ် ပြီးပြည့်စုံခြင်း အဆင့် ဖြစ်သည်။

ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်များ အနေဖြင့် ခရစ်တော်၏ နိုင်ငံတော် ပေါ်ထွန်းမှုဆိုင်ရာ အဆိုပါ အဆင့်အားလုံးအရ ဟောရှေ၏ အစောပိုင်းကာလ တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်းဆိုင်ရာ ဗျာဒိတ်တို့ကို လက်တွေ့ကျင့်သုံးကြရပါမည်။ ပထမအားဖြင့် ခရစ်တော် ပထမ ကြွလာခြင်း၌ နောင်ကာလ အစပြုခြင်းသည် ဟောရှေ ဗျာဒိတ်များ ပြည့်စုံလာရေး လမ်းခင်းပေးသည်။ ခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ခြင်း၊ ကောင်းကင်တက်ကြွခြင်းတို့ကို ယုံကြည်ခြင်းအားဖြင့် ကျွန်၊ မ၊ သူငယ် မည်သူမဆို အသင်းတော်၌ အပါအဝင် ဖြစ်လာကြသည်။ ဤနည်းအားဖြင့် သူတို့သည် ခရစ်တော်နှင့် ထိမ်းမြား ဆောင်နှင်းပြီးသူများ သို့မဟုတ် ထိမ်းမြားရန် အလေးအနက် ကတိပြုပြီးသူများ ဖြစ်သည်။ ၂ကော ၁၁း၂ တွင် ရှင်ပေါလုက "ငါသည် သင်တို့ကို သီလနှင့် ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အား ဆက်သအံ့သောငှာ သင်တို့ကို လင်တစ်ဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့်" ဟု ဆိုထားသည်။ ထို့ကြောင့် နောင်ကာလအတွက် ဘုရားသခင့် သတို့သမီးသို့ ဟောရှေ တင်ဆက်သည့် မျှော်လင့်ခြင်းသည် ခရစ်တော်၏ နိုင်ငံတော် အစပြုချိန်၊ ခရစ်တော်၏ သတို့သမီး ဖြစ်သော အသင်းတော်ကာလ၌ ပြည့်စုံမှု စတင်သည်။

လူ့ဇာတိဖြင့် အမှုဆောင်စဉ်အတွင်း ခရစ်တော်ကိုယ်တိုင်သည် ဘုရားသခင့် သတို့သမီးအတွက် ဟောရှေ၏ နောင်ကာလ မျှော်လင့်ချက်များကို စတင်ပြည့်စုံစေခဲ့ကြောင်း ဓမ္မသစ်ခရစ်ဝင် ကျမ်းတို့က အလေးပေးထားသည်။ ယေရှုသည် ဘုရားသခင့် နိုင်ငံတော်အတွက် ကျန်ကြွင်းသော ယုဒပြည်သား နောက်လိုက်များကို ခေါ် ခဲ့သည်။ ထို့အပြင် အထူးသဖြင့် ဂါလိလဲပင်လယ်တဝိုက် မှ မြောက်ပိုင်း ဣသရေလသား နောက်လိုက်များကိုလည်း ခေါ်ယူစုဝေးခဲ့သေးသည်။ ဒေသနှစ်ခုလုံးမှ သစ္စာရှိ နောက်လိုက်များထဲမှ အသင်းတော် ပေါ်ထွန်းစေခြင်းဖြင့် ဒါဝိဒ်၏ သားတော်အဖြစ် သူ့အုပ်စိုးမှုအောက်၌ ဣသရေလနှင့် ယုဒတို့အား ပြန်လည် ညီညွတ်စေခဲ့သည်။

ထိုထက်မက တမန်တော် ၁း၈ ပါ သူ့တမန်တော်များနှင့် ပရောဖက်များအတွက် ယေရှု ပြဋ္ဌာန်းခဲ့သည့် စေခိုင်းချက်သည်လည်း နောင်ကာလအတွက် ဟောရှေ မျှော်လင့်သည်များနှင့် ကိုက်ညီနေပေသည်။ ဒါဝိဒ်မင်းမျိုး လက်အောက် ဣသရေလနှင့် ယုဒတို့ကို ခရစ်တော် ပြန်လည်ညီညွတ်ပေးခြင်းသည် ဘုရားသခင့် အကြံအစည်တော်၏ တစိတ်တပိုင်းမျှသာ ဖြစ်ခဲ့သည်။ နောင်ကာလ အတွက် ဘုရားသခင်ထားရှိသည့် ကြီးကျယ် ခမ်းနားသော ပန်းတိုင်ကို ဖြည့်ဆည်းရန် ယေရှု၏ တပည့်တော်များသည် ဣသရေလ နှင့် ယုဒပြည်ပိုင်နက်နယ်မြေများ၌သာမက "မြေကြီးစွန်းတိုင်အောင်" ကိုယ်တော်၏ သက်သေများ ဖြစ်ဖို့ ရှိခဲ့သည်။ ထို့ကြောင့် ၁ပေ ၂း၁၀ တွင် ရှင်ပေတရုက ယုဒပြည်သားများ၊ မြောက်ပိုင်း ဣသရေလများ နှင့် တပါးအမျိုးသားတို့ ပါဝင်သော ကနဦး အသင်းတော်ကို ဖော်ပြရာ၌ ဟောရှေ ပထမ အခန်းကြီး နှစ်ခန်းကို ကိုးကားခဲ့ခြင်း ဖြစ်သည်။ ရှင်ပေတရုက ၁ပေ ၂း၁၀ တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အထက်က အပေါင်းအသင်း မဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်း ဖြစ်ကြ၏။ ကရုဏာကျေးဇူးတော်ကို အထက်က မခံရသော်လည်း ယခု ခံရကြ၏ ဟု ရေးခဲ့သည်။

တမန်တော် ပေါလုကလည်း ရောမ ၉း၂၅-၂၆ ၌ ခရစ်ယာန် အသင်းတော်အတွင်း ဘုရားသခင်က ယုဒလူများနှင့် တပါး အမျိုးသားတို့ကို မည်သို့ ပေါင်းစည်းထည့်သွင်းတော်မူကြောင်း ဟောရှေ ပထမ အခန်းကြီး နှစ်ခန်းကို ကိုးကား ရှင်းပြရာ၌ များစွာ အလားတူ လုပ်ဆောင်ခဲ့သည်။ ခရစ်တော်နှင့် ထိမ်းမြားရန် ကမ္ဘာတလွှား အသင်းတော်၏ ဝန်ခံချက်သည် နောင်ကာလအတွက် ဟောရှေ မျှော်လင့်ချက်များ ပြည့်စုံမှု စတင်ခြင်း ဖြစ်ကြောင်း အဆိုပါ ကျမ်းချက်တို့က ထင်ရှားပြနေသည်။

ဒုတိယအားဖြင့် ဟောရှေ၏ဖွင့်ပြချက်တို့သည် အသင်းတော် သမိုင်း တလျှောက် နောင်ကာလ ဆက်လက် ဖြစ်ပေါ်နေစဉ်အတွင်း ခရစ်တော်၏ သတို့သမီးအတွက် ပြည့်စုံလာနေသည်။ ကောင်းကင်မှ ခရစ်တော် အုပ်စိုးနေသည်နှင့် အမျှ မြေကြီးပေါ်က သူ၏ သတို့သမီးကိုလည်း ကိုယ်တော်က ဆက်လက်သန့်ရှင်းနေစေလျက် ရှိသည်။ ဤအတွက်ကြောင့်ပင် ခင်ပွန်းတို့သည် ခရစ်တော်နှင့် သဏ္ဍာန် တူလျက် သူတို့၏ ဇနီးများအတွက် သူတို့ကိုယ်သူတို့ စွန့်လွှတ်အနစ်နာခံသူများ ဖြစ်လာကြဖို့ ပေါလုက ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။ ဧဖက် ၅း၂၆-၂၇ တွင် သူပြောထားသလို "ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက် ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်သဖြင့်အသရေ တင့်တယ်လျက် ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှာ နှုတ်ကပတ်တော်ရေနှင့် ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့်အကြောင်း ထိုအသင်းတော် အဖို့အလို့ငှာ" ခရစ်တော် အသက်စွန့်ခဲ့သည်။

အသင်းတော် သမိုင်းတလျှောက် ဘုရားသခင်သည် သူ့ သတို့သမီးအား ယုဒနှင့် ဣသရေလတို့ထဲမှ လူတစ်မျိုးတည်း အဖြစ် ဖွဲ့စည်းယူပြီး ကမ္ဘာတလွှားမှ တပါးအမျိုးသားများနှင့် သွေးစည်းညီညွတ်ရေး ဆက်လုပ်ခဲ့ပြီး ဖြစ်သည်။ နောင်ကာလ ပြည့်စုံချိန် ကျွန်ုပ်တို့ အံ့ဖွယ် ကောင်းချီးများရမည်ကို အာမခံသောအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အား စရံ အဖြစ် ကျွန်ုပ်တို့ကို ကိုယ်တော် ပေးခဲ့ပြီးလည်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပေါင်းစည်းပြီ ဖြစ်၍ နောင်ကာလသည် ခရစ်တော်၌ ရောက်ပြီးဖြစ်ကြောင်း သတင်းကောင်း (ဝါ) ဧဝံဂေလိ စကားကို ဆင့်ဆိုခြင်းဖြင့် ဘုရားသခင့်နိုင်ငံတော် ဖြန့်ကျက်ရန် အခွင့်ထူးကြီးကိုလည်း ကျွန်ုပ်တို့အား အပ်နှင်းထားပြီး ဖြစ်သည်။ ဤသို့ ကျွန်ုပ်တို့ လုပ်သည့်အခါ ဟောရှေ ဗျာဒိတ်တို့ မည်သို့ ပြည့်စုံလာနေကြောင်း ကျွန်ုပ်တို့ ကိုယ်တွေ့ မြင်ကြရသည်။ ကမ္ဘာ တလွှားရှိ ယုဒလူတို့နှင့် တပါး အမျိုးသားတို့သည် ဘုရားသခင့်လူတို့နှင့် သွေးစည်းရင်း၊ ဒါဝိဒ်၏ ကြီးမြတ်သောသားကို ဝန်ခံရင်း၊ မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ရင်း နောင်ကာလ ကောင်းချီးများထဲသို့ ဝင်ရောက်လျက် ရှိကြသည်။

တတိယအားဖြင့် ဟောရှေကျမ်း ပထမပိုင်းထဲမှ ဗျာဒိတ်များကလည်း ခရစ်တော်၏ နိုင်ငံတော် ပြီးပြည့်စုံလာမည့်အရေး အဆုံးသတ် မျှော်လင့်ထားသည့်အတိုင်း အသက်ရှင်ရန် ကျွန်ုပ်တို့အား ယနေ့ တိုက်တွန်းလျက် ရှိသည်။ ခရစ်တော် ပြန်ကြွလာချိန်တွင် ကိုယ်တော်ကို မယုံကြည်သူ ရှိသမျှတို့အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထာဝရ တရားစီရင်လိမ့်မည် ဖြစ်သည်။ သို့သော် ဟောရှေ၏ အနာဂတ်မျှော်လင့်ချက် လုံးလုံးပြည့်စုံချိန်တွင် ခရစ်တော်၏ သတို့သမီးသည် မည်သည့် ပုံသဏ္ဍာန် ရှိလိမ့်မည် ဆိုသည်နှင့် ပတ်သက်ပြီး ခမ်းနား၍ ဆွဲဆောင်မှုရှိသော ရုပ်ပုံတစ်ခုကို ဓမ္မသစ်က ကျွန်ုပ်တို့အား ပေးအပ်ထားသည်။

> ဖန်ဆင်းခြင်း ရှိနေသည်။ ကျရှုံးမှု ရှိခဲ့သည်။ ခရစ်တော်၌ ရွေးနှုတ်ခြင်း ရှိနေသည်။ ထို့ကြောင့် ပြီးပြည့်စုံခြင်းလည်း ရှိလာလိမ့်မည် ဖြစ်သည်။ သမိုင်းသည် ပြီးပြည့်စုံလာနေပြီ ဖြစ်သည်။ ဘုရားသခင်က အရာရာကို ပိတ်သိမ်းတော့မည် ဖြစ်သည်။ မှားနေသော အရာ ရှိသမျှတို့အား ပြန်လည်တည့်မတ်စေလိမ့်မည် ဖြစ်သည်။ ခရစ်တော်ကလည်း ကိုယ်တော် ပြန်ကြွလာမည့်အကြောင်း ကတိထားခဲ့ပြီး ဖြစ်သည်။ ယောဟန် ၁၄ တွင် ကျွန်ုပ်တို့ နေစရာအရပ်ကို သူသွားပြင်ဆင်ပြီးမှ တဖန် ပြန်လာပြီး ကျွန်ုပ်တို့အား သူ့ထံ သိမ်းဆည်းမည့်အကြောင်း ကိုယ်တော် ပြောထားသည်။ ခရစ်တော် ပြန်ကြွလာခြင်းသည် အသက်ရှင်သူ၊ သေသူ အားလုံးကို တရားစီရင်ရန်အတွက်လည်း ဖြစ်သည်။ ခရစ်တော် ပြန်ကြွလာခြင်း အရေးကြီးရခြင်း အကြောင်းရင်း များစွာ အနက် အရေးပါသည့် တစ်ချက်မှာ ၎င်းသည် ခရစ်တော် ထမြောက်ခြင်း၏ ပြီးပြည့်စုံချက်မျိုးလည်း ဖြစ်သည်။ ကိုယ်တော်သည် ထမြောက်ခဲ့ပါပြီ။ အမှန်ပင် ထမြောက်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် ကိုယ်တော် ထမြောက်ခြင်းသည် ပြန်ကြွလာဖို့ရန်ပင် ဖြစ်ပါသည်။ ဤအရာသည် သခင်ဘုရား၏ ညစာစားပွဲ၌ ကျွန်ုပ်တို့ ပြောဆိုလေ့ရှိသည့်အရာ မဟုတ်ပါလော။ "သင်တို့သည် ထိုမုန့်ကို စား၍ ထိုခွက်ကို သောက်သောအခါခါ သခင်ဘုရား အသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြကြ၏"
>
> **Dr Voddie Baucham, Jr.**

ဗျာဒိတ်ကျမ်း၁၉း၇ နှင့် ၈ တို့တွင် တမန်တော် ယောဟန်က ခရစ်တော် ပြန်ကြွလာခြင်းအား ကြီးကျယ်သော မင်္ဂလာဆောင်ပွဲကြီး၌ အဆုံးသတ်သည့်အနေနှင့် ပုံဖော်ထားသည်။ ယောဟန်၏ စကားလုံးများကို နားထောင်ကြည့်ကြပါစို့။

> ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကို ခံချိန် ရှိပြီ။ သူ၏ မိန်းမသည် ကိုယ်ကို တန်ဆာဆင်ပြီဟု စည်းဝေးသောသူ အများတို့၏ အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသော မိုးကြိုးသံကဲ့သို့ ငါကြား၏။ ထိုမိန်းမသည် စင်ကြယ် ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကို ရ၏ (ဗျာဒိတ် ၁၉း၇-၈)



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားစီရင်ပြီးနောက် နောင်ကာလ ကောင်းချီးများအတွက် ဟောရှေ၏ မျှော်လင့်ချက်သည် ဖန်ဆင်းခြင်းအသစ်ထဲသို့ ဘုရားသခင့် သတို့သမီး ဝင်ရောက်ချိန်၌ လုံးလုံး ပြည့်စုံခြင်းသို့ ရောက်မည် ဖြစ်သည်။ ယုဒပြည်၊ မြောက်ပိုင်း ဣသရေလ မျိုးနွယ်များနှင့် မြေကြီးပေါ် ရှိနိုင်ငံ အသီးသီးမှ ယုံကြည်သူတို့သည် ဖန်ဆင်းခြင်းအသစ်ထဲသို့ ဝင်ရောက်ကြလိမ့်မည် ဖြစ်သည်။ သို့ဖြစ်၍ဘုန်းတော်နှင့် ပြည့်ဝသော အနာဂတ် မျှော်လင့်ချက်ကို ထိန်းသိမ်းရေးအတွက် ဟောရှေ၏ တရားစီရင်ခြင်းနှင့် မျှော်လင့်ခြင်းဆိုင်ရာ အစောပိုင်းအကျဆုံး ဗျာဒိတ်တို့က ခရစ်တော်၏ သတို့သမီးအား တိုက်တွန်း ဆွဲဆောင်သင့်လှသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်လည်း ဘုန်းတော်၌ ယေရှု ပြန်ကြွမလာမီ ဘုရားသခင်၏ ကြီးမြတ်သော နောင်ကာလ ကောင်းချီးများကို ကမ္ဘာတလွှား ဖြန့်ကျက်ရေးအတွက် မိမိတို့ကိုယ်အား ဘုရားသခင်ထံ ဝမ်းမြောက်စွာ ဆက်ကပ်အပ်နှံသင့်ကြပေသည်။

> ခရစ်တော် ပထမ ကြွလာခြင်းနှင့် ဒုတိယကြွလာခြင်းကြား မခန့်မှန်းနိုင်သော ကာလအတွင်း လက်ရှိ ရှင်သန်နေကြသော ကျွန်ုပ်တို့ ခရစ်ယာန်များ အချိန်ကို စဉ်းစားသင့်ပုံ တစ်ခုမှာ ကြားကာလတစ်ခုလုံးကို "နောင်ကာလ" အဖြစ် ရည်ညွှန်းခြင်းပင် ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် ထူးဆန်းပုံတော့ ရသည်။ ဘုရားသခင်သည် အဘယ်ကြောင့် ခရစ်တော် ပထမ ကြွလာစဉ်ကတည်းက ကယ်တင်ခြင်းကို တခါတည်းနှင့် ပြီးပြတ်အောင် မဖြတ်ခဲ့ပါသနည်း။ ကမ္ဘာမြေကြီးအားလည်း အလုံးစုံ အပြီးအစီး မပြုပြင်ခဲ့ပါသနည်း။ ဘုရားမဟုတ်သောကြောင့် ကျွန်ုပ်တို့မှာ အဖြေမရှိပါ။ ကိုယ်တော် ဆုံးဖြတ်ပါလေစေ။ သို့သော် ဘုန်းတော်နှင့် တန်ခိုးအာနုဘော်တို့၌ ခရစ်တော် ပြန်ကြွလာခြင်းကို ကျွန်ုပ်တို့ မျှော်လင့်နေစဉ် အသစ်သောအရာတို့ အစပြုခဲ့ကြပြီး ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်အား ခရစ်ယာန် ရှိသမျှအပေါ် အသစ်သော၊ ပိုမို တန်ခိုးပါသော ပုံစံဖြင့် သွန်းလောင်းချပေးခဲ့ပြီး ဖြစ်သည်။ ယခင်ထက် ပိုမို၍ ဘုရားသခင်သည် တိုင်းနိုင်ငံ ရှိသမျှတို့ထံ ကိုယ်တော်၏ သတင်းကောင်းဆိုင်ရာ သာသနာအား စေလွှတ်ရင်း ယေရှုအားဖြင့် အသစ်သော အရာတို့ကို ပြုတော်မူနေသည်။ တဖန် ထပ်၍လည်း အသစ်သော အရာတို့ကို ပြုတော်မူပါလိမ့်ဦးမည်။ သို့ဖြစ်၍ ကိုယ်တော်၏ ကမ္ဘာလောကကြီး တစ်ခုလုံး၊ လူသားမျိုးနွယ် တစ်ခုလုံး နှင့် ကိုယ်တော်ကို ယုံကြည်သမျှသောသူတို့အတွက် ယေရှုအားဖြင့် ကိုယ်တော်ပြုတော်မူဦးမည့် ပြည့်စုံမှုအပေါင်းကို ကျွန်ုပ်တို့ ငံ့လင့်နေဆဲ ဖြစ်သော်ငြား ဝိရောဓိ တစ်ခုတော့ ရှိနေပါသည်။ အဆုံးသည် အစပြုခဲ့ပြီး ဖြစ်သော်လည်း ထိုအဆုံးသည် လုံးလုံး ပြည့်စုံခြင်းသို့ မရောက်သေးပါ။ ထိုနားလည် သဘောပေါက်ခြင်းသည် ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့ လုပ်ဆောင်ကြသည့် အမှုများစွာ၏ အခြေခံအုတ်မြစ်ပင် ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် တရားစီရင်ခြင်း၊ ဘုရားပေးသော မျှော်လင့်ခြင်းများဆိုင်ရာ ဟောရှေကျမ်းလာ ပညာရှိများအတွက် ဖွင့်ပြချက်များအား ကျွန်ုပ်တို့ ဖော်ထုတ်ပြီး ဖြစ်၍ စာစောင်၏ ဒုတိယပိုင်းနှင့် ဘုရားသခင် ဖွင့်ပြသော တရားစီရင်ခြင်းအပေါ် ဟောရှေ စူးစိုက်မှုတို့ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# တရားစီရင်ချက်ကို ဖွင့်ပြခြင်း

ဆယ်စုနှစ်များစွာ အမှုဆောင်စဉ်အတွင်း ဘုရားသခင့်ထံမှ ရရှိသည့် ဣသရေလနှင့် ယုဒပြည်အပေါ် ဘုရားသခင် ချမှတ်သော စီရင်ချက် အကြောင်း ဖွင့်ပြချက်များကို သူ့ကျမ်း ဒုတိယပိုင်းထဲ၌ ဟောရှေ စုစည်းထားသည်။ သူ့စာကို ယုဒပြည်၌ ကနဦး လက်ခံရရှိသူများအား သူတို့ကြုံရသော အခြေအနေများအတွင်း သူတို့ကို ဉာဏ်ပေးမည့် နောက်ထပ် ထိုးထွင်း အမြင်များကိုပေးရန် အဆိုပါ ဖွင့်ပြချက်များဆီ သူက အာရုံစိုက်စေခဲ့သည်။ မြောက်ပိုင်း ဣသရေလ အပေါ် မကြာခဏ ဆိုသလို ပြင်းထန်သော တရားစီရင်ချက်များအား ဘုရားသခင် သွန်းလောင်း တော်မူခဲ့ပြီးပြီ ဖြစ်သည်။ ထိုနည်းတူ ယုဒပြည်အပေါ် အလားတူ လုပ်ဆောင်ရန် ကိုယ်တော် ခြိမ်းခြောက်နေခဲ့သည်။ သို့ဆိုပါက အဆိုပါ ဖွင့်ပြချက်များထဲက မည်သည့် ဉာဏ်မျိုးကို ယုဒခေါင်းဆောင်များ ရရန် ရှိခဲ့ပါသနည်း။ ဟောရှေ ဗျာဒိတ်များအရ ဘုရားလူတို့ကို သူတို့ မည်သို့ ဦးဆောင်ရန် ရှိခဲ့ပါသနည်း။ ထို့အပြင် သူ့စာစောင် ဒုတိယပိုင်းပါ ဖွင့်ပြချက်တို့က ယနေ့ ကျွန်ုပ်တို့အားလည်း မည်သည့် ဉာဏ်ကို ပေးနေပါသနည်း။

ရှေ့တွင် ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သလို တရားစီရင်ချက်အကြောင်း ဖွင့်ပြသည့် ဟောရှေကျမ်း အခန်းကြီးတို့အား ယေဘူယျအားဖြင့် ကဏ္ဍ နှစ်ခု ပိုင်းခြားနိုင်သည်။ ယခု ပထမ ကဏ္ဍသည် ၄း၁-၅း၇ ပါ ဘုရားသခင့် တရားတွေ့မှု နောက်ထပ် နှစ်ခု နှင့် အစပြုသည်။ ၅း၈-၉း၉ ပါ ဒုတိယ ကဏ္ဍတွင် ဘုရားသခင်၏ နှိုးဆော် သတိပေးချက် နှစ်ခုကို ဖော်ပြသည့် ဗျာဒိတ်များအား ဟောရှေ မီးမောင်းထိုးထားသည်။

အာရှုရိတို့၏ အဓိကကျူးကျော်စစ် နှစ်ခုအားဖြင့် အကျိန်များကို ဘုရားသခင် သွန်းလောင်းသည်နှင့်အမျှ ဘုရားသခင် ဖွင့်ပြသည့် တရားစီရင်ချက်ဆိုင်ရာ ဗျာဒိတ်များကို ဟောရှေ ရခဲ့ကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ ဘုရားသခင့်တရားတွေ့မှုများအပေါ် စူးစိုက်ထားသော ဟောရှေ ဗျာဒိတ်တို့သည် ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှု အကြောင်း ဖွင့်ပြချက်များကို ရစဉ် စတင်ခဲ့သည်။ ဘုရားသခင့် နှိုးဆော် သတိပေးချက်များ ဆိုင်ရာ သူ့ ဗျာဒိတ်တို့သည်လည်း ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှု အကြောင်း သူကနဦး ရရှိခဲ့သည့် ဖွင့်ပြချက်များထဲက ထွက်ပြူလာခဲ့သည်။

စောစောပိုင်း ကျွန်ုပ်တို့ လုပ်ခဲ့သလို အဆိုပါ အခန်းကြီးများ၏ မူလ အဓိပ္ပာယ်ကို စဉ်းစားခြင်းဖြင့် ဘုရားသခင် ဖွင့်ပြသော တရားစီရင်ချက် အပေါ် ဟောရှေ အလေးပေးချက်ကို ကျွန်ုပ်တို့ ဖော်ထုတ်မည် ဖြစ်သည်။ ထို့နောက် ၎င်းအား ယနေ့ကာလ မည်သို့ လက်တွေ့ အသုံးချမည်ကို ကြည့်ကြပါမည်။ သူ့စာစောင် ဒုတိယပိုင်းအတွက် ဟောရှေ ဆိုလိုသော မူလ အဓိပ္ပာယ်နှင့် အစပြုကြပါစို့။

# မူလအဓိပ္ပါယ်

အဆိုပါ အခန်းကြီးများထဲ၌ သူ၏ မူလပရိသတ်အား သူ့ဖွင့်ပြချက်များနှင့် သွန်သင်ရန် ဟောရှေ ဘာမျှော်လင့်ခဲ့သည်ကို အကျဉ်းချုပ်သည့် နည်းလမ်းများစွာ ရှိသော်လည်း ကျွန်ုပ်တို့ ရည်ရွယ်ချက်အရ ဤသို့ ဖော်ပြပါမည်။

> ဘုရားသခင် တိုးမြှင့် သွန်းလောင်းလာသော တရားစီရင်ချက်များကို ဣသရေလတို့ ခံစားခဲ့ကြရခြင်းမှာ သူတို့ အစဉ်တစိုက် ဆန့်ကျင်ခဲ့သောကြောင့် ဖြစ်ခဲ့ရသည်။ ယခုတွင် ယုဒပြည်သည်လည်း ဆန့်ကျင်မှုကြောင့် အလားတူ စီရင်မှုများကို ကြုံတွေ့ရသည်။

ဟောရှေကျမ်း ရေးသည့်ကာလလောက်က မြောက်ပိုင်း ဣသရေလနိုင်ငံတော်ကို အာရှုရိတို့ ဖျက်ဆီးပြီး ဖြစ်လျက် တောင်ပိုင်းကိုလည်း ခြိမ်းခြောက်နေချိန် ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းကို ရှင်းပြရန် အတွက် ဟောရှေသည် သူ့အမှုတော်တွင်း အဆင့်လိုက် ပြုခဲ့သည့် ဗျာဒိတ်များဖြင့် မူလပရိသတ်သို့ အမြင်နှစ်ခု ပေးခဲ့သည်။ ပထမအားဖြင့် ဣသရေလသည် ဘုရားသခင် တိုးမြှင့် သွန်းလောင်းသောတရားစီရင်ချက်များကို ခံယူထိုက်သည်။ အကြောင်းမှာ သူတို့ အစဉ်တစိုက် ဆန့်ကျင်ပုန်ကန်ခဲ့၍ ဖြစ်သည်။ ဒုတိယအားဖြင့် ယုဒပြည်သည်လည်း အလားတူ တရားစီရင်ချက်များကို ကြုံခဲ့ရသည်။ အကြောင်းမှာ သူတို့လည်း ကိုယ်တော်ကို ဆန့်ကျင်ခဲ့၍ ဖြစ်သည်။

ဤအပိုင်း၏ မူလ အဓိပ္ပာယ်ကို စဉ်းစားရန်အတွက် ဘုရားသခင့်ရှေ့မှောက် ဣသရေလ၏ ဆန့်ကျင် ပုန်ကန်မှုကို ဦးစွာ ကြည့်ကြပါမည်။ ထို့နောက်မှ ဘုရားသခင့်ရှေ့ မှောက် ယုဒ ဆန့်ကျင် ပုန်ကန်သည့် အကြောင်းကို ဆွေးနွေးပါမည်။ ဣသရေလ ဆန့်ကျင်ပုန်ကန်သည့် အကြောင်း ဟောရှေ ဖွင့်ပြချက်များနှင့် စကြပါစို့။

## ဣသရေလ၏ ဆန့်ကျင် ပုန်ကန်မှု

အဆိုပါ အခန်းကြီးများတလျှောက် ဟောရှေ ဗျာဒိတ်တို့သည် ဣသရေလ၏ ဆန့်ကျင်ပုန်ကန်မှုအား အလွန်စုံလင်များပြားသော ပုံစံများနှင့် အကြီးအကျယ် အလေးပေးထားသဖြင့် ထူးကဲလှသည့်ပုံ ပေါက်နိုင်ပါသည်။ ထို့ကြောင့် အရေးအရာ နှစ်ခုအဖြစ် ကျွန်ုပ်တို့ စဉ်းစားခြင်းက အထောက်အကူ ဖြစ်စေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဘုရားသခင့် စွပ်စွဲပြစ်တင်ချက်များနှင့် တရားစီရင်ချက်များ

**စွပ်စွဲ ပြစ်တင်ချက်များ** တစ်ဖက်တွင် ဟောရှေ ဖွင့်ပြချက်တို့က ဣသရေလ အပေါ် စွပ်စွဲပြစ်တင်ချက် လေးမျိုးလေးစား ရှိပုံကို သတိပြုမိစေသည်။ ပထမအားဖြင့် ဣသရေလသည် ဘုရားသခင့် ပဋိညာဉ်နှင့် ပညတ်တော်က အခြေခံကျကျ လိုက်နာရန် တောင်းဆိုချက်များကို ချိုးဖောက်ကြောင်း သူ ညွှန်ပြသည်။ ဘုရားသခင်နှင့် တရားတွေ့မှုများအကြောင်း ပြောဆိုသည့် အပိုင်းထဲတွင် ဘုရားသခင့် အစောပိုင်း တရားတွေ့မှုသည် အတန်းအစား မတူညီသော စီရင်မှုများနှင့် အစပြုထားသည်။ ၄း၁ တွင် ဣသရေလသည် "သစ္စာမရှိ၊ ကရုဏာမရှိ" "ဘုရားသခင်ကိုမသိ" ကြောင်း ဟောရှေ ဆိုခဲ့သည်။ အခန်းငယ် ၂ တွင် ဣသရေလသည် "ကျိန်ဆဲခြင်း၊ မုသာစကားကို ပြောဆိုခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့မယားကို ပြစ်မှားခြင်း" တို့၌ အဆီးအတားမရှိကြောင်း ဟောရှေ ပြောရာတွင် ပညတ်တော် ဆယ်ပါးကို ကိုးကားခဲ့သည်။ ဤကျမ်းပိုဒ်ထဲမှာပင် "လူ့အသက်ကို သတ်သော အပြစ် အထပ်ထပ်" ရှိသည် ဟု ပြောဆိုသောအားဖြင့် ဣသရေလတိုင်းထဲက အထူး စက်ဆုပ်ရွံရှာဖွယ် ဒုစရိုက်များကို ဘုရားသခင် အလေးပေးခဲ့သည်။ ဣသရေလ အမျိုးသားတို့သည် "ဘုရားသခင့် တရားတော်ကို မေ့လျော့" ခဲ့ကြောင်း ရှင်းပြခြင်းဖြင့် ဣသရေလ နိုင်ငံအနှံ့ ဖြစ်ပျက်နေသော အခြေအနေတို့ကို ဟောရှေ ၄း၆ က ချုပ်ပေးထားသည်။ နောက်ပိုင်း ဘုရားသခင့် တရားတွေ့မှုထဲတွင် အနှံ့အပြား ဖြစ်ပေါ်နေသည့် ရက်စက်ကြမ်းကြုတ်မှုအကြောင်း ဟောရှေ ထပ် ပြောခဲ့ပြန်သည်။ ပုန်ကန်သောသူတို့သည် "ယဇ်ကောင်တို့ကို သတ်သောအားဖြင့် မိမိတို့အပြစ်ကို များပြားစေကြ၏" ဟု သူ ကြေညာခဲ့သည်။

ထို့နောက် ဘုရားသခင့် သတိပေး နှိုးဆော်ချက်များကို မီးမောင်းထိုးပြသော ဟောရှေ ဗျာဒိတ်များထဲက ဘုရားသခင့် ပထမဆုံး သတိပေး နှိုးဆော်ချက်တွင် ဘုရားသခင့် ပဋိညာဉ်နှင့် ပညတ်တော်အပေါ် ဤစူးစိုက်ထားချက်ကို ထပ်ကြေညာသည်။ ၆း၇ ၌သူတို့သည်"အာဒံကဲ့သို့ ပဋိညာဉ်ကို လွန်ကျူးကြပြီ" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။ အခန်းငယ် ၈ နှင့် ၉ တို့ကလည်း "ဂိလာဒ်မြို့သည် အဓမ္မပြုသောသူတို့၏ နေရာ ဖြစ်၍ လူ့အသွေးနှင့် စွန်းသော ခြေရာများ၏။ "ဓားပြ အလုံး အရင်းတို့သည် ...... ချောင်း၍ ကြည့်သကဲ့သို့ ..... ယဇ်ပုရောဟိတ် အပေါင်းအသင်းသည် ..... လူအသက်ကို သတ်တတ်၏" ဟူ၍ ရက်စက်ကြမ်းကြုတ်မှုအား ထပ်မံ ဖော်ပြထားပြန်သည်။ ဟောရှေ ၇း၁ ကလည်း "အထဲသို့ သူခိုးဝင်တတ်၏။ ပြင်၌လည်း ဓားပြအလုံးအရင်းတို့သည် တိုက်တတ်ကြ၏" ဟု ဆိုလျက် ကြမ်းကြုတ်ရက်စက်မှု အနှံ့အပြား ရှိနေကြောင်း စွပ်စွဲ ပြစ်တင် ထားသည်။ ဘုရားသခင့် ဒုတိယမြောက် သတိပေး နှိုးဆော်ချက်ကို ၈း၁ တွင် မှတ်တမ်းတင်ရာ၌ "(ဣသရေလ အမျိုးသားတို့သည်) ငါ့ပဋိညာဉ်ကို ဖျက်၍ ငါ့တရားကို လွန်ကျူးကြပြီ" ဟု ဆိုထားသည်။ တဖန် အခန်းငယ် ၁၂ တွင် "တရား၏ ထူးဆန်းသော အရာ" တို့ကို သူရေးခဲ့လျှင်သော်မှ ဣသရေလသည် သူ့အား ဥပေက္ခာပြုလိမ့်မည် ဖြစ်ကြောင်း ဘုရားသခင်က သရော်သည့် သဘောဖြင့် နိဂုံးချုပ် ပြောဆိုခဲ့သည်။ စင်စစ်အားဖြင့် ၉း၇ က "ပရောဖက်သည် အမိုက်ဖြစ်၏။ ဝိညာဉ်ဆုကျေးဇူးကို ခံသောသူသည် အရူး ဖြစ်၏" ဟူ၍ ဣသရေလသည် ပြောဆိုလျက် ဘုရားသခင့် ပဋိညာဉ်ဆိုင်ရာ တမန်တော်များ၊ ပရောဖက်များအား မထီလေးစား ရှုမြင်လေ့ ရှိခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟောရှေက သံသယ ဖြစ်စရာ ချန်မထားပါ။ ဣသရေလသည် ဘုရားသခင့် ပဋိညာဉ်နှင့် သူ့ပညတ်တော်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည်။

အဆိုပါ အခန်းကြီးများထဲ အလေးပေးထားသော ဒုတိယမြောက် ပြစ်တင်စွပ်စွဲချက်သည် ဣသရေလ တလွှား နှံ့ပြားနေသော ရုပ်တုကိုးကွယ်ခြင်းကို ဆန့်ကျင်ထားသည်။ ရုပ်တုကိုးကွယ်ခြင်းသည် သူ့လူတို့ထံမှ ဘုရားသခင် လိုချင်သည့် သစ္စာစောင့်သိမှုကို အခြေခံကျကျ ချိုးဖောက်မှု တစ်ခု ဖြစ်ရခြင်းမှာ ၎င်းသည် သစ္စာမဲ့သော ဣသရေလ၏ အခြား တိုင်းတပါး ဘုရားအတုအယောင်တို့ အပေါ် ဝန်ခံအပ်နှံချက်ကို ကိုယ်စားပြု၍ ဖြစ်သည်။ ၃ဓမ္မ ၁၂း၂၈ အရ ယေရောဗောင် ၁ သည် ဣသရေလ နိုင်ငံ ထူထောင်စဉ် ရွှေနွားသငယ် ရုပ်တု ကိုးကွယ်မှုကို ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ခါနနိကိုးကွယ်ယုံကြည်မှုများနှင့်တကွ သူတို့၏ ဝတ်ပြု ကိုးကွယ်ခြင်းဓလေ့တို့၌ ဣသရေလတို့ ဆက်လက်ရောယှက်နေသရွေ့ ဘုရားသခင့်အပေါ် ဤဆန့်ကျင် ပုန်ကန်မှုသည် တိုး၍သာ များလာမည်ကို ဟောရှေ သိခဲ့သည်။ နောက်ထပ် နိုင်ငံ တစ်ခုခုနှင့် ဣသရေလ မိတ်ဖွဲ့သည့်အခါတိုင်း ရုပ်တုကိုးကွယ်ခြင်းသည် အစဉ်အတိုင်း တိုးမြင့်လာခဲ့သည်။ အကြောင်းမှာ ရှေးခေတ်က အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့ဝင်လိုက အခြားသူတို့၏ ဘုရားများကိုပါ အသိအမှတ်ပြုရန် လိုအပ်သောကြောင့် ဖြစ်သည်။

> အခြား တိုင်းနိုင်ငံတို့နှင့် ဣသရေလ မဟာမိတ် ဖွဲ့ခြင်းအား ဟောရှေက သူ့ကျမ်းထဲ ကဲ့ရဲ့ရှုံ့ချထားသည်ကို ယနေ့ခေတ် စာဖတ်သူတို့ သတိပြုမိပါလျှင် ဘာကြောင့်ပါလိမ့်ဟူ၍ ခေါင်းကုတ်ရင်း အံ့သြနိုင်ပါသည်။ အကြောင်းမှာ အပြည်ပြည်ဆိုင်ရာ မဟာမိတ် ဖွဲ့ခြင်းသည် လုပ်သင့်သည်ဟု ကျွန်ုပ်တို့ ထင်တတ်၍ ဖြစ်ပါသည်။ ကျွန်ုပ်ဆိုလိုသည်မှာ ငြိမ်းချမ်းရေး၊ လုံခြုံရေး နှင့် အင်အားစသည်တို့ကို ထူထောင်ရန် တိုင်းနိုင်ငံတစ်ခုက အခြား တစ်ခုနှင့် လက်တွဲ လုပ်ဆောင်ခြင်းကို ပြောလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းကိစ္စအား ကောင်းသောအရာ အဖြစ် ကျွန်ုပ်တို့ ယူဆပါသည်။ သို့သော် ဓမ္မဟောင်းကာလတွင် တစ်ပြည်နှင့် တစ်ပြည် မိတ်ဖွဲ့ပါက ပြည်ဘုရား အချင်းချင်းလည်း မိတ်ဖွဲ့ကြရသည်။ ထို့ကြောင့် သူ့ဘုရား ကိုယ်လက်ခံ၊ ကိုယ့်ဘုရား သူလက်ခံ စသည်ဖြင့် အပြန်အလှန် ဖြစ်လာသည်။ သို့ဖြစ်၍ ဣသရေလ သို့မဟုတ် ယုဒပြည်တို့ တပါး တစ်နိုင်ငံ ငံနှင့် မိတ်ဖွဲ့ပါက သူတို့သည် သာသနာပ ပြည်စောင့် ဘုရားများကိုပါ အလိုလို လက်ခံပြီးသား ဖြစ်သွားခဲ့ကြသည်။ ဤအမှုသည် ဣသရေလတို့ ကိုးကွယ်သော ဘုရားကို အကြီးအကျယ် ဆန့်ကျင် ပုန်ကန်ခြင်းပင် ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် မိမိလူတို့အား မိမိတပါးတည်းကိုသာ သစ္စာစောင့်ရန် တောင်းဆိုပြီး မိမိ တပါးတည်းအပေါ်မှာသာ မှီခိုအားကိုးရန် အလိုရှိခဲ့၍ ဖြစ်သည်။ သို့သော် အခြားသော တိုင်းနိုင်ငံတို့နှင့် သူတို့ မိတ်ဖွဲ့လိုက်သည်နှင့် သူတို့သည် အခြားဘုရားတို့အား အနည်းဆုံး အမည်ခံ ကိုးကွယ်ရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရောက်သွားသည်။ ထိုထက်မက သူတို့သည် အဆိုပါ ဘုရားများထံ မှီခိုခြင်း၊ ပဌနာပြုခြင်းများကိုပင်လျှင် အမှန်စင်စစ် အစပြု လုပ်ဆောင်လာခဲ့ကြတော့သည်။

**Dr Richard L. Pratt, Jr.**

ဟောရှေ ဗျာဒိတ်များအတွင်း ရုပ်တုကိုးကွယ်မှု နှံ့ပြားနေကြောင်း ဘုရားသခင့် စွပ်စွဲပြစ်တင်ချက်တို့သည် ဘုရားသခင့်တရားတွေ့မှုများအပေါ် စူးစိုက်စေခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ၄း၁၃ ပါ အစောပိုင်း ဘုရားသခင့် တရားတွေ့မှုအတွင်း "တောင်ထိပ်ပေါ်၊ ကုန်းပေါ်မှာရင်း၊ အရိပ်ကောင်းသော သပိတ်ပင်မျိုး၊ လိဗနာပင် အောက်မှာရင်း" ရုပ်တုကိုးကွယ်ခြင်းအမှုတို့ကို ဣသရေလတို့ ကျူးလွန်ခဲ့ကြကြောင်း ဘုရားသခင် စွပ်စွဲပြစ်တင်ထားသည်။ အခန်းငယ် ၁၇ တွင်မူ "ဧဖရိမ်" သို့မဟုတ် မြောက်ပိုင်း ဣသရေလသည် "ရုပ်တုတို့၌ စွဲကပ်လျက်ရှိ၏" ဟု ဆိုထားသည်။ ၅း၁ ပါ နောက်ပိုင်း ဘုရားသခင့် တရားတွေ့မှုအတွင်း "ယဇ်ပုရောဟိတ်များ" နှင့် အခြားသော ခေါင်းဆောင်များအား "သင်တို့သည် မိဇပါတောင်ပေါ်မှာ ကျော့ကွင်း" ဖြစ်ကြပြီဟု ပြောဆိုရာ၌လည်း ဤ စွပ်စွဲပြစ်တင်ချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဟောရှေ ကာလ မိဇပါ အရပ်၌ ထွန်းကားခဲ့သည့် ခါနနိ ရုပ်တုကိုးကွယ်မှုများအကြောင်း ရှေးဟောင်း သုတေသန ရှာဖွေတွေ့ရှိမှုများအား အနက်ဖွင့်သူများစွာက သတိပြုမိကြပြီး ဖြစ်သည်။

ဘုရားသခင်၏ ပထမဆုံး သတိပေး နှိုးဆော်ချက်တွင်လည်း ရုပ်တုကိုးကွယ်မှုနှင့် စပ်လျဉ်းသော အလားတူ စွပ်စွဲ ပြစ်တင်မှုများကို ကျွန်ုပ်တို့ တွေ့ရသည်။ ၅း၁၃ တွင်မူ ဣသရေလ အမျိုးသားတို့သည် အာရှုရိနှင့်တကွ သူတို့၏ ဘုရားများနှင့် မဟာမိတ်ဖွဲ့ရန် "အာရှုရိမင်းထံသို့ သွားခဲ့" ကြောင်း ကျွန်ုပ်တို့ လေ့လာရသည်။ ၇း၁၁ က ဣသရေလသည် "အဲဂုတ္တုကို ဟစ်ခေါ်ခြင်း၊ အာရှုရိသို့ သွားရောက်ခြင်း" များအားဖြင့် တိုင်းတပါး ဘုရားတို့ကို ရှာခဲ့ကြောင်း ဖော်ပြထားသည်။ ဘုရားသခင့် ဒုတိယမြောက် သတိပေး နှိုးဆော်ချက်တွင် ၈း၄ အရ "ကိုယ်ရွှေငွေနှင့် ကိုယ်အဖို့ ရုပ်တုများကို လုပ်ကြပြီ" ဟု ပါရှိသည်။ အခန်းငယ် ၅ နှင့် ၆ တို့တွင် "အို ရှမာရိ၊ သင်၏ နွားသငယ်ကို စွန့်ပစ်လော့။ ....... ရှမာရိနွားသငယ်သည် အပိုင်းပိုင်း ကျိုးပဲ့ရလိမ့်မည်" ဟု ဒန်မြို့၌ ယေရောဗောင် ၁ စိုက်ထူခဲ့သော ရွှေနွားသငယ်ရုပ်တုကို ဘုရားသခင် ရည်ညွှန်း မိန့်ဆိုခဲ့သည်။ အခန်းငယ် ၉ တွင်မူ ဘုရားသခင်က ဣသရေလသည် "အာရှုရိပြည်သို့ အလိုလို သွားလေပြီတကား" ဟု တဖန် မိန့်ဆိုခဲ့ပြန်သည်။ အခန်းငယ် ၁၁ အရ ဣသရေလသည် "များစွာသော ယဇ်ပလ္လင်တို့ကို အပြစ်အဖို့ လုပ်ခဲ့ပြီ" ဖြစ်သည်။ အဆိုပါ အခန်းကြီးများ တလျှောက် ဟောရှေသည် ဣသရေလ၏ အခြေခံကျကျ သစ္စာမဲ့မှုကို ထပ်တလဲလဲ ညွှန်ပြခဲ့သည်။ ပညတ်တော် ဆယ်ပါးထဲမှ ပထမနှင့် ဒုတိယမြောက် ပညတ်တော်များ ဖြစ်ကြသည့် သာသနာပ တိုင်းနိုင်ငံတို့၏ အလေ့အထများနောက် မလိုက်ရန် ပညတ်ချက်တို့ကို သူတို့ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆိုပါ အခန်းကြီးများအတွင်း ပေါ်လွင်နေသည့် တတိယမြောက် ပြစ်တင်စွပ်စွဲချက်မှာ ဣသရေလ၏ ပြည့်တန်ဆာပြုမှု၊ တပါးသူ ခင်ပွန်းနှင့် ဖောက်ပြန်မှားယွင်းမှုတို့ ဖြစ်ကြသည်။ မိမိဇနီး ပြည့်တန်ဆာ ဝတ်ဖြည့်မှုကြောင့် ဟောရှေ နာကျင်ရမှုက အဆိုပါ စွပ်စွဲပြစ်တင်ချက်မျိုး လုပ်နေရသည့် သူကိုယ်တိုင် အတွက်လည်း အလွန်ပင် စိတ်ထိခိုက် ကြေကွဲစရာ ဖြစ်ခဲ့ပါလိမ့်မည်။ သို့သော် အဆိုပါ အခန်းကြီးများသည် သားဖွားနတ် ထုံးဓလေ့တို့၏ ရွံရှာဖွယ် ကာမဂုဏ်လိုက်စားမှုထဲ ဣသရေလ ပါဝင်ပတ်သက်မှုကို *ဘုရားသခင့်* တိုက်ဖျက်ခြင်းပေါ် စူးစိုက်ထားကြသည်။

၄း၂ ပါ ဣသရေလသည် "သူ့မယားကို ပြစ်မှားပြီ" ဟူသော ပြစ်တင်စွပ်စွဲချက်ဖြင့် အစောပိုင်း ဘုရားသခင့် တရားတွေ့မှုကို ဖွင့်လှစ်သည်။ ဤ ပြစ်တင်စွပ်စွဲချက်သည် သားဖွားနတ် ကိုးကွယ်ဓလေ့တွင် လုပ်ဆောင်သော ကိုယ်ခန္ဓာပိုင်းဆိုင်ရာ လိင်မှုကိစ္စကို ဆိုလိုသည်။ အခန်းငယ် ၁၀ နှင့် ၁၁ တို့အရ ဣသရေလ အမျိုးသားတို့သည် "ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ စပျစ်ရည်နှင့် သေရည် သေရက် သောက်သုံးခြင်းတို့၌ မှိုဝဲကြပြီ" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။ သူတို့သည် အဆိုပါ ဓလေ့တို့၌ အလွန်ပင် အခြေခိုင်နေခဲ့ပြီ ဖြစ်၍ အခန်းငယ် ၁၂ နှင့် ၁၃ တို့၌ "ကိလေသာစိတ် အားကြီးသောကြောင့် သူတို့သည် လမ်းလွဲ၍ မိမိတို့ ဘုရားသခင့်ထံမှာ မနေ၊ မှားယွင်းတတ်ကြ၏။ ... သင်တို့သမီးတို့သည် ယောကျ်ားနှင့် မှားယွင်း၍ ချွေးမတို့သည် မျောက်မ ထားတတ်ကြ၏" ဟု ဟောရှေ ဆိုရသည်ထိ ဖြစ်ခဲ့သည်။ အခန်းငယ် ၁၅ တွင် "အို ဣသရေလ အမျိုး၊ သင်သည် ပြည့်တန်ဆာလုပ်၏" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။ အခန်းငယ် ၁၈ တွင်လည်း "သူတို့သည် ရှက်ဖွယ်သောအမှုကို တပ်မက်ကြပြီ" ဟု ကျွန်ုပ်တို့ ဖတ်ရပြန်သည်။ ထို့နောက် ၅း၃ ပါ နောက်ပိုင်း ဘုရားသခင့် တရားတွေ့မှုတွင်လည်း "သင်သည်မှားယွင်းခြင်းရှိ၏" ဟု ဘုရားသခင် မိန့်ဆိုထားပြန်သည်။ တဖန် အခန်းငယ် ၄ တွင် "သူတို့သည် မှားယွင်းသော သဘော စွဲလန်းသည်ဖြစ်၍" ဟု တွေ့ရသည်။

ဣသရေလတို့ ကာမဂုဏ် လွန်ကျူးညစ်ညူးကြောင်း ဖော်ပြချက်များအား ဘုရားသခင့် ပထမ သတိပေး နှိုးဆော်ချက်တွင်လည်း တွေ့ရသည်။ ဟောရှေ ၆း၁၀ တွင် "ဧဖရိမ်သည် မှားယွင်းတတ်၏" ဟု ဆိုထားသည်။ သားဖွား နတ်ကိုးကွယ်မှုသည် အလွန်ပင် ပျံ့နှံ့နေရကား ၇း၄ တွင် "ထိုသူအပေါင်းတို့သည် မတရားသော မေထုန် ပြုကြသူများ ဖြစ်သည်" ဟု ဘုရားသခင် မြွက်ဆိုခဲ့ပြန်သည်။ ဘုရားသခင့် ဒုတိယ သတိပေးနှိုးဆော်ချက်၌ ဤ ပြစ်တင်စွပ်စွဲချက်အား ဟောရှေက အလွန် ယေဘူယျဆန်စွာ ဖော်ပြထားရာ ၈း၉ တွင် ဣသရေလ၏ တိုင်းခြားကြေးစားတို့အား "အငှားရည်းစားများ" အဖြစ် ဟောရှေ ဖော်ပြခဲ့သည်။ ၉း၁ တွင်လည်း "သင်တို့သည် ကိုယ်ဘုရားသခင်၌ မဆည်းကပ်၊ အခြားသော ဘုရားနှင့် မှားယွင်းပြီ။ ကောက်နယ်တလင်း ရှိသမျှတို့၌ မှားယွင်းခကို နှစ်သက်တတ်ကြ၏" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။ ဣသရေလတိုင်းအတွင်း သားဖွားနတ် ကိုးကွယ်မှု၏ ယုတ်ညံ့သိမ်ဖျင်းသော ဓလေ့တို့အားဖြင့် ထဲထဲဝင်ဝင် စော်ကားမှု၊ ပစ်ပစ်ခါခါ ငြင်းပယ်မှု တို့ကို ဘုရားသခင် ခံစားခဲ့ရသည်။

အဆိုပါ အခန်းကြီးများအတွင်း စတုတ္ထမြောက် ပြစ်တင်စွပ်စွဲချက်ကိုလည်း ဟောရှေ မီးမောင်း ထိုးပြခဲ့ပြန်သေးသည်။ ဘုရားသခင်အား အရေခြုံ ကိုးကွယ်သည့် ရှေး အစဉ်အလာ အတိုင်း ဣသရေလ ခေါင်းဆောင်တို့သည် သူတို့၏ အမျိုးသားရေး ကိုးကွယ်ယုံကြည်မှု ဓလေ့များကို လုံးလုံး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပစ်ပယ်ခြင်းမျိုး မလုပ်ခဲ့ပါ။ ထာဝရ ဘုရား၏ နာမတော်ကို အမှီပြု ကိုးကွယ်ဆဲ ဖြစ်ပြီး ဘုရားရှေ့၌ မိမိတို့ကိုယ် မိမိတို့ နှိမ့်ချကြောင်း ကြွေးကြော်ခဲ့ကြသည်။ သို့သော် နှလုံးသားထဲက မဟုတ်ဘဲ အပေါ် ရံမျှသာ သူတို့ လုပ်ခဲ့ကြသည်။

ထို့ကြောင့်ပင် "သင်၏ အမျိုးသားချင်းတို့သည် ယဇ်ပုရောဟိတ်နှင့် ဆန့်ကျင်ဖက် ပြုသောသူကဲ့သို့ ဖြစ်ကြ၏" ဟု ဣသရေလ ဝတ်ပြုခေါင်းဆောင်တို့အား ဘုရားသခင့် အစေပိုင်း တရားတွေ့မှု (၄း၄) တွင် တိုက်ရိုက် ပြောဆိုခဲ့သည်။ ထို့ကြောင့်ပင် ၄း၁၅ ၌ "ထာဝရ ဘုရား အသက်ရှင်တော်မူသည့်အတိုင်း ဟူ၍ မကျိန်ကြနှင့်" ဘုရားသခင် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းနှင့် အလားတူ ၅း၁ တွင် "အို ယဇ်ပုရောဟိတ်တို့"၊ "အို ဣသရေလ အမျိုးသားတို့" "အို နန်းတော်သားတို့" ဟူ၍ ဣသရေလ ခေါင်းဆောင်ရှိသမျှကို ထည့်သွင်းထားခဲ့သည်။ ၎င်းသည် မှူးမတ်များနှင့် တော်ဝင် မိသားစုကို ရည်ညွှန်းဖွယ် ရှိသည်။ ၅း၆ တွင် ယဇ်ပူဇော်ရန် သိုးစု နွားစုပါလျက် "ထာဝရ ဘုရားကို ရှာခြင်းငှာ သူတို့ သွားကြလိမ့်မည်" ဟု ဝန်ခံထားသည်။ သို့သော် "ကိုယ်တော်သည် သူတို့နှင့် ကွာတော်မူပြီ" ဖြစ်၍ ထာဝရ ဘုရားကို သူတို့ တွေ့ရမည် မဟုတ်ကြောင်း သူ အခိုင်အမာပြောခဲ့သည်။

ဘုရားသခင့် ပထမ သတိပေးနှိုးဆော်ချက်ပါရှိသော ၆း၁ ၌ "လာကြ၊ ထာဝရ ဘုရားထံတော်သို့ ပြန်ကြကုန်အံ့" ဟူ၍ စင်ကြယ်သော ဝတ်ပြုကိုးကွယ်မှုဖြင့် နောင်တရကြဖို့ ဣသရေလကို ဟောရှေ တိုက်တွန်းခဲ့သည်။ သို့သော် အခန်းငယ် ၄ တွင် ဘုရားသခင်က သူတို့၏ ကြည်ညိုသည့်စိတ်သည် နံနက်မိုးတိမ်ကဲ့သို့၎င်း၊ စောစော ပျောက်တတ်သော နှင်းကဲ့သို၎င်း ဖြစ်သည့်အကြောင်းကို ဖွင့်ပြခဲ့သည်။ တဖန် အခန်းငယ် ၆ တွင် ဘုရားသခင်က "ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ကရုဏာ အကျင့်ကို၎င်း၊ မီးရှို့ရာ ယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကို၎င်း ငါနှစ်သက်၏" ဟု အခိုင်အမာ မိန့်ဆိုခဲ့သည်။ ဟောရှေ ၆း၉ တွင် "ယဇ်ပုရောဟိတ်များ" ၏ အဓမ္မ အမှုများအကြောင်းကို ပြောဆိုထားသည်။ ၇း၇ အရ ဣသရေလ ရှင်ဘုရင် အပေါင်းတို့သည် လဲကြပြီ။ "ငါ့ကို ဟစ်ခေါ်သောသူ တစ်ယောက်မျှ မရှိ" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။ အခန်းငယ် ၁၄ တွင် ဘုရားသခင်က "သူတို့သည် စေတနာစိတ်နှင့် ငါ့ကို မအော်ဟစ်ကြ" ဟု ကြေညာခဲ့သည်။ အခန်းငယ် ၁၆ က "သူတို့ ပြန်လာကြသည်" သို့မဟုတ် နောင်တရကြသည် ဟု ဆိုသည်။ သို့သော် ဘုရားသခင်ထံ "အထက်အရပ်ဆီသို့" တော့ မဟုတ်ပေ။

ဘုရားသခင့် ဒုတိယ သတိပေး နိုးဆော်ချက်တွင်လည်း အလားတူ ပြစ်တင်စွပ်စွဲချက်များကို ကျွန်ုပ်တို့ တွေ့ရသည်။ ၈း၂ ၌ဘုရားသခင်က "အကျွန်ုပ်တို့၏ ဘုရားသခင် ..... ဣသရေလ အမျိုးဖြစ်၍ ကိုယ်တော်ကို သိကြပါ၏" ဟု ငါ့အား ကြွေးကြော်ကြသည်တကား ဟု မိန့်ဆိုခဲ့သည်။ သို့သော် အခန်းငယ် ၃ အရ "ဣသရေလသည် ကောင်းသောအရာကို စွန့်ပစ်ခဲ့ပြီ ဖြစ်သည်" တဖန် အခန်းငယ် ၁၃ အရ "ယဇ်ပူဇော်သောသူတို့သည် ပူဇော်၍ ကိုယ်တိုင်စားကြ၏။ သို့သော် ထာဝရ ဘုရားသည် သူတို့ကို လက်ခံတော်မမူ" ပေ။ ဣသရေလ တိုင်းတွင် ဟောရှေကဲ့သို့ ယုံကြည်သူ အစစ်အမှန် အနည်းအကျဉ်း ရှိခဲ့ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်သော်ငြား ယေဘူယျ အားဖြင့် ဣသရေလ အများစု အထူးသဖြင့် ခေါင်းဆောင်ပိုင်း၏ ကြည်ညိုကိုင်းရှိုင်းမှုသည် တလွဲ ကိုင်းရှိုင်းမှုမျိုးထက် မပိုကြောင်း ဟောရှေ ဗျာဒိတ်များက ဖွင့်ပြနေကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့် ပြစ်တင်စွပ်စွဲချက်များကို ခြုံငုံကြည့်ပါက ဣသရေလတို့၏ ဒုစရိုက်တို့သည် လုံးဝ အသေးအဖွဲ မဟုတ်ကြောင်း ဟောရှေ အလေးဂရုပြုခဲ့သည်။ ထိုအစား မြောက်ပိုင်း နိုင်ငံတော်သည် ဘုရားသခင်ကို ပြောင်ကျကျ ဆန့်ကျင်ပုန်ကန်သည့် ဘဝထဲသို့ ကျသွားခဲ့ပြီ ဖြစ်သည်။ ဘုရားသခင့် ပဋိညာဉ်နှင့် တရားတော်ကို သူတို့ ဆန့်ကျင်ခဲ့ကြသည်။ အနှံ့အပြားရှိနေသည့် ရုပ်တုကိုးကွယ်မှု၌ သူတို့ ပါခဲ့ကြသည်။ မိမိကိုယ်ကို ပြည့်တန်ဆာပြု၍ သားဖွားနတ်ကိုးကွယ်မှု၏ မတရားသောမေထုန်ဓလေ့ကို လိုက်စားခဲ့ကြသည်။ အရှေ့ခြံ ဟန်ဆောင် ကိုးကွယ်မှု၌ ကျင်လည်ခဲ့ကြသည်။ ဣသရေလ၏ ဒုစရိုက်တို့သည် ဘုရားသခင့်ထံမှ ပြင်းထန်ဆိုးရွားသော စီရင်ချက်များ ခံယူထိုက်ကြောင်း ဟောရှေ ဗျာဒိတ်တို့က ရှင်းပြနေသည်။ သို့ဖြစ်၍ ဘုရားသခင့်ရှေ့မှောက် ဣသရေလ၏ ဆန့်ကျင်ပုန်ကန်မှုကို အဆိုပါ ပြစ်တင်စွပ်စွဲချက်တို့က ထင်ရှားပြသနေစဉ်မှာပင် ဤဆန့်ကျင် ပုန်ကန်မှုကို တုန့်ပြန်သည့်အနေဖြင့် တရားစီရင်ချက်များ ရောက်လာမည်ကိုလည်း ကျွန်ုပ်တို့ သိမှတ် ဝန်ခံရပါလိမ့်မည်။

**တရားစီရင်ချက်များ** ယခုတွင် ဣသရေလ၏ ဆန့်ကျင် ပုန်ကန်မှုနှင့် ဆက်နွယ်သော တရားစီရင်ချက်များကို ကျွန်ုပ်တို့ မလေ့လာမီ စဉ်းစားရမည့်အရာ နှစ်ခု ရှိပါသည်။ ပထမ အားဖြင့် အခြားသော ဓမ္မဟောင်း ပရောဖက်များလိုပင် ဟောရှေသည်လည်း ကျွန်ုပ်တို့ အခေါ် "ယာယီ တခဏ တရားစီရင်ချက်များ" အပေါ် စူးစိုက်ခဲ့သည်။ ၎င်းတို့သည် မြောက်ပိုင်းနိုင်ငံတော်ကို အာရှုရိတို့ ကျူးကျော်မှုများနှင့် တွဲဖက် ဖြစ်ပေါ်သည့် စီးပွားရေး အကြပ်အတည်း၊ အစာခေါင်းပါးဘေး၊ အသေသတ်ခံရခြင်း၊ ကျွန်ခံရခြင်းလို တရားစီရင်ချက်များ ဖြစ်ကြသည်။ နောင်ကာလ လူ့သမိုင်း ပြည့်စုံချိန်တွင် ရောက်လာမည့် ဘုရားသခင့် ထာဝရ စီရင်ချက်များကို သူ ရည်ညွှန်းခဲ့ခြင်း မဟုတ်ပါ။

ဒုတိယအားဖြင့် ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့က သွန်သင်သည့်အတိုင်း ယာယီတခဏ တရားစီရင်ချက်များအား ဘုရားသခင် သွန်းလောင်းချိန်တွင် မယုံကြည်သူများနှင့် စစ်မှန်သော ယုံကြည်သူများအတွက် အလွန်ပင် ကွဲပြားခြားနားသော ရည်ရွယ်ချက်များ ကိုယ်တော်၌ ရှိနေသည်။ နောင်တ မရခဲ့ဖူးသော၊ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းမျိုး မဖြစ်ပေါ်သေးဖူးသော မယုံကြည်သူများအတွက် ဘုရားသခင်၏ ယာယီတခဏ တရားစီရင်ချက်တို့သည် နောင်ကာလ ပြည့်စုံချိန်တွင် ထာဝရ စီရင်ချက်များဆီသို့ ဦးတည်ရောက်ရှိသည်။ သို့သော် စစ်မှန်သော ယုံကြည်သူများအဖို့မူ ဘုရားသခင့် ယာယီ တခဏ တရားစီရင်ချက်တို့သည် ချစ်ခြင်းမေတ္တာနှင့် ယှဉ်သော ဆုံးမပဲ့ပြင်ခြင်းဖြစ်ပြီး နောင်ကာလ ပြည့်စုံချိန်တွင် ထာဝရ ကောင်းချီးနှင့် အဆုံးသတ်စေဖို့ ပုံစံချထားသည်။

ဘီစီ ၇၃၂ ကာလ၊ ဘုရားသခင့် တရားတွေ့မှုအတွင်း ဖြစ်ပျက်ခဲ့သည့် အာရှုရိ ကျူးကျော်မှုနှင့် စပ်လျဉ်းသည့် တရားစီရင်ချက်ပုံစံများကို ကြည့်ပါ။ ဤပုံစံသည် ဟောရှေ အမှုတော်အတွင်း စောစီးစွာ ဖြစ်ပျက်ခဲ့သဖြင့် အဆိုပါ ဗျာဒိတ်တို့သည် ရေတို တရားစီရင်ချက်များနှင့်သာ ခြိမ်းခြောက်ခဲ့ကြသည်။ ဥပမာအားဖြင့် ၄း၃ ပါ ဘုရားသခင့် အစောပိုင်း တရားတွေ့မှုသည် ဣသရေလတို့ စီးပွားရေး အကျပ်အတည်း ဖြစ်မည့်အကြောင်း၊ စားနပ်ရိက္ခာ ခက်ခဲမည့်အကြောင်း ယခုလို စကားများဖြင့် ကြိုတင်နိမိတ်ဖတ်ထားသည်။ "ထိုပြည်သည် ငြိုငြင်လိမ့်မည်။ ပြည်သားအပေါင်းတို့နှင့်တကွ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တောသားရဲ၊ မိုးကောင်းကင် ငှက်တို့သည် အားလျော့ကြလိမ့်မည်။ ပင်လယ်ငါးတို့သည်လည်း ကုန်ကြလိမ့်မည်" အခန်းငယ် ၄ နှင့် ၅ တို့တွင် "ယဇ်ပရောဟိတ် ... ပရောဖက် ... သင့်အမိ" စသည်ဖြင့် ခေါ်ဆိုပြီး တပြည်လုံးကို ခြုံငုံမည့်အစား ဣသရေလ ခေါင်းဆောင်ပိုင်းအပေါ် မှာသာ ဘုရားသခင် အဓိက စူးစိုက်ထားသည်။ "သင့်အမိ" ဟူသော ဝေါဟာရသည် ရှမာရိ မှူးမတ်လူတန်းစားကို ဖော်ညွှန်းသည်။ အခန်းငယ် ၆ တွင် "ငါ့ယဇ်ပုရောဟိတ် အဖြစ်သို့ မရောက်စေခြင်းငှာ သင့်ကို ငါပယ်မည်" ဟု ယဇ်ပုရောဟိတ်တို့ကို ဘုရားသခင် ဦးတည် ပြောပြန်သည်။ အခန်းငယ် ၇ တွင် "သူတို့၏ ဘုန်းကို ငါ အရှက်ကွဲစေမည်" ဟူ၍ ကြေညာခဲ့သည်။ ဣသရေလ၏ ကြွယ်ဝကောင်းစားမှုကို "အရှက်ကွဲစေမည်" ဟု အဓိပ္ပာယ်ရသည်။ အခန်းငယ် ၁၀ တွင် "သူတို့သည် စား၍ မဝရကြ" ဟု ပြောဆိုပြီး ယဇ်ပုရောဟိတ်တို့ကို ဆုံးမရန် ထပ်မံ ခြိမ်းခြောက်ခဲ့သည်။ အခန်းငယ် ၁၄ လောက် စောစီးစွာကပင် ဘုရားသခင်သည် သူ၏ စီရင်ချက်အား ထူးခြားသောပုံစံဖြင့် အကျဉ်းချုံးခဲ့သည်။ ပြည့်တန်ဆာ ဝတ်ဖြည့်ခြင်းတွင် ပါဝင်သော "သင်တို့ သမီးများနှင့် ချွေးမများတို့ကို ငါမစစ်ကြော"။ အကြောင်းမူကား ဖခင်များနှင့် ခင်ပွန်းသည်တို့သည် မှားယွင်းသော ပြုမူကျင့်ကြံမှုများအတွက် အဓိက တာဝန်ရှိ၍ ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ အခန်းငယ် ၁၆ တွင် ဘုရားသခင်သည် ဣသရေလအား "ကျယ်သောအရပ်၌ သိုးသငယ်ကို ပြုသကဲ့သို့" ကျွေးမွေးတော့မည် မဟုတ်ကြောင်း၊ ထိုအစား အခန်းငယ် ၁၉ တွင် "သူတို့သည် မိမိတို့ ပူဇော်သော ယဇ်များကြောင့် ရှက်ကြလိမ့်မည်" ဖြစ်ကြောင်း ဟောရှေ မှတ်ချက်ပြုထားသည်။

များစွာ အလားတူ ၅း၂ တွင်လည်း "ငါသည် ထိုသူအပေါင်းတို့ကို အပြစ်ဒဏ်ပေးမည်" ဆိုသည့်စကားများဖြင့် ဘုရားသခင့် နောက်ပိုင်း တရားတွေ့မှုအတွင်း ခေါင်းဆောင်များကို ဘုရားသခင် ရင်ဆိုင်ခဲ့သည်။ အခန်းငယ် ၅ ကလည်း မြောက်ပိုင်းနိုင်ငံတော်ဆီ ပိုမိုခက်ခဲသည့်အမှုများ ရောက်လာနေခဲ့ကြောင်း ညွှန်ပြသည်။ "ဣသရေလနှင့် ဧဖရိမ်သည် မိမိအပြစ်၌ လဲကြလိမ့်မည်" ဟု ကျွန်ုပ်တို့ တွေ့ရသည်။

ယခုတွင် ရှမာရိကျဆုံးမှုဆီ ဦးတည်သည့် ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှုအကြောင်း ကြိုတင်နိမိတ်ဖတ်ပြီး နောက်ပိုင်း ဟောရှေသို့ ဖွင့်ပြသော ဘုရားသခင့် သတိပေးနှိုးဆော်ချက်များကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ မျှော်လင့်ထားသည့်အတိုင်း အဆိုပါ ဗျာဒိတ်များအတွင်း ဣသရေလ၏ ဒုစရိုက်များအပေါ် ဘုရားသခင့် တရားစီရင်ချက်တို့သည် များစွာ ပိုမိုဆိုးရွားလာခဲ့တော့သည်။ ပထမ သတိပေး နှိုးဆော်ချက်အတွင်း ၅း၉ ၌ ဣသရေလသည် "ပျက်ဆီးရလိမ့်မည်" ဖြစ်သည်။ အခန်းငယ် ၁၁ တွင် ဣသရေလသည် "ညှဉ်းဆဲခြင်းကို ခံရ၏။ တရားစီရင်ခြင်းနှင့်တွေ၍ ဆုံးရှုံးရ၏" ဟု ဆိုထားသည်။ အခန်းငယ် ၁၃ အရ အာရှုရိနှင့် ဣသရေလ ဖွဲ့သော မိတ်သဟာယသည် "အနာကို မပျောက်စေနိုင်ပေ"။ တဖန် အခန်းငယ် ၁၄ တွင် "ငါသည် ကိုယ်တိုင် ကိုက်ဖြတ်၍ သွားမည်။ ချီသွား၍ အဘယ်သူမျှ မနှုတ်ရ" ဟု ကတိတော်နယ်မြေမှ ကျွန်အဖြစ် သိမ်းဆည်းခံရမည့်အကြောင်း ဘုရားသခင် သတိပေးခဲ့သည်။ သို့သော် ဣသရေလကို တရားစီရင်မည့်အကြောင်း ဘုရားသခင် ပိုမို ခြိမ်းခြောက်လာသည်နှင့်အမျှ ၇း၁ တွင် ဣသရေလ အနာကို ပျောက်စေမည့်အကြောင်း ဘုရားသခင် ဝန်ခံတော်မူခဲ့သည်။ သို့သော် ဣသရေလသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုယ်တော်ကို ဆက်လက်၍သာ ဆန့်ကျင်ပုန်ကန်ခဲ့သည်။ အခန်းငယ် ၁၀ က "အမျိုးသားတို့သည် ကိုယ့်ဘုရားသခင် ထာဝရ ဘုရား ထံတော်သို့ မပြန်မလာကြ။ အမှုရောက်သော်လည်း ဘုရားကို မရှာကြ" ဟု ဖော်ပြသည်။ ထိုနည်းတူ အခန်းငယ် ၁၃ တွင်လည်း "သူတို့သည် ငါ့ထံမှ ထွက်၍ လည်သောကြောင့် အမင်္ဂလာရှိကြ၏" ဟု ဘုရားသခင် ကြေညာခဲ့သည်။ ဤကျမ်းပိုဒ်ထဲမှာပင် ဘုရားသခင်က "သူတို့ကို ငါရွေးနုတ်သော်လည်း" သူတို့သည် သူတို့ ဒုစရိုက်များ၌ ခရီးဆက်ကြကြောင်း ဘုရားသခင် အတည်ပြုထားသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် အခန်းငယ် ၁၆ က "မင်းတို့သည် ဓားဖြင့် သေကြလိမ့်မည်" ဟု ဆိုထားသည်။

ဘီစီ ၇၂၂ ကျူးကျော်ကာနီး ကနဦးရရှိသည့် ဘုရားသခင့် ဒုတိယမြောက် သတိပေးနှိုးဆော်ချက်က ၈း၃ ၌ "ဣသရေလ အမျိုးသည် ညှင်းဆဲခြင်းကို ခံရလိမ့်မည်" ဟု ဆိုထားသည်။ အခန်းငယ် ၆ နှင့် ၇ တို့ကလည်း "ရှမာရိ နွားသငယ်သည် အပိုင်းပိုင်း ကျိုးပဲ့ရလိမ့်မည်။ (ဣသရေလသည်) လေပွေ စပါးကို ရိတ်ရလိမ့်မည်ဟုကြေညာထားသည်။ ထို့နောက် အခန်းငယ် ၈ က အာရှုရိကြောင့် "ဣသရေလသည် တိမ်မြုပ်လေပြီ" ဟု ဆိုထားပြန်သည်။ တဖန် အခန်းငယ် ၁၀ ကလည်း ဣသရေလ ခေါင်းဆောင်တို့သည် အာရှုရိ တင်သော "အခွန်ဘဏ္ဍာများကြောင့် ဝန်ကို ပင်ပန်းစွာ ထမ်းကြရလိမ့်မည်" ဟု ဖော်ပြထားသည်။ ထို့ထက်မက ဟောရှေကလည်း အခန်းငယ် ၁၃ တွင် ဣသရေလသည် "အဲဂုတ္တုပြည်သို့ ပြန်သွားရလိမ့်မည်" ဟု ပြောဆိုခြင်းဖြင့် ရောက်လာတော့မည့် အာရှုရိကျွန်ဘဝကို ရည်ညွှန်းခဲ့သည်။ ၉း၃ တွင် ဘုရားသခင် ဖော်ပြထားသလို "သူတို့သည် သူတို့၏ ပြည်တွင် မနေရဘဲ ဧဖရိမ်သည် အဲဂုတ္တုပြည်သို့ ပြန်သွား၍ အာရှုရိပြည်တွင် မသန့်ရှင်းသော အစာကို စားရကြမည်" ဖြစ်သည်။ ဣသရေလ၏ ကျရှုံးမှုသည် လွန်စွာ ဆိုးရွားပြင်းထန်လှကား အခန်းငယ် ၆ တွင် ဘုရားသခင်က "သူတို့အား အဲဂုတ္တုပြည်၌ စု၍ မင်ဖိမြို့၌ သင်္ဂြိုလ် ကြလိမ့်မည်" ဟု မိန့်ဆိုခဲ့သည်။ ထို့အပြင် အခန်းငယ် ၇ တွင် ဟောရှေ ပရောဖက်ပြုခဲ့သည့်အတိုင်း ရှမာရိကျရှုံးကာနီးဆဲဆဲ၌ "စစ်ကြောရသော အချိန် ရောက်ပြီ။ အပြစ်ပေးရသောအချိန် ရောက်ရှိလာခဲ့ပြီ" ဖြစ်သည်။

> အာရှုရိကျွန်ဘဝ ကျရောက်ခြင်းသည် ဘုရားသခင့် အပြစ်ပေးခြင်း ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်နှင့် ကိုယ်တော်၏ ပညတ်တို့ကို သူတို့ စွန့်ပစ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ပရောဖက်သည် ဟောရှေ ကျမ်းထဲတွင် အာရှုရိ ကျွန်ဘဝ ကျရောက်ခြင်းနှင့် ဆိုင်သည့် ရှင်းလင်းချက်များကို ပိုမို ပေးထားကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ၉း၇ တွင် ပရောဖက်က "စစ်ကြောရသော အချိန် ရောက်လေပြီ။ အပြစ်ပေးရသော အချိန် ရောက်လေပြီ။ ဣသရေလအမျိုး သိရလိမ့်မည်။ ပရောဖက်သည် အမိုက်ဖြစ်၏။ ဝိညာဉ်ဆုကျေးဇူးကို ခံသောသူသည် အရူးဖြစ်၏။ သင်၌ အပြစ်ကြီးသည့်အတိုင်း ကြီးစွာသော ဖျက်ဆီးခြင်းကို ခံရ၏" ဟု ဆိုထားသည်။ ဤနေရာတွင် "စစ်ကြောရသောအချိန်" နှင့် "အပြစ်ပေးရသောအချိန်" ရောက်လေပြီ ဟူ၍ အာရှုရိ ကျွန်ဘဝကျရောက်မှုကို ညွှန်းဆို ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဤအခန်းကြီးထဲမှာပင် ၉း၁၅ ၌ "ဂိလဂါလမြို့၌ သူတို့ ပြုသမျှသော အပြစ်ရှိ၍ ထိုအရပ်၌ သူတို့ကို ငါမုန်း၏။ သူတို့ ဒုစရိုက်အပြစ်ကြောင့် ငါ့အိမ်မှ ငါနှင်ထုတ်မည်။ နောက်တဖန် သူတို့ကို မချစ်။ သူတို့မင်းအပေါင်းတို့သည် ပုန်ကန်တတ်သောသူ ဖြစ်ကြ၏" ဟု ကျွန်ုပ်တို့ ဖတ်ကြရသည်။ ဆန့်ကျင်ပုန်ကန်မှု၊ မနာခံမှု၊ ဆိုးညစ်မှုတို့ကြောင့် ဣသရေလတို့ ကျွန်ဘဝ ကျရောက်ခဲ့ရသည်၊ သို့တည်းမဟုတ် ဣသရေလ အမျိုး ကျွန်ဘဝ ကျရောက်ရန် ရှိလာသည်။
>
> နောက်ဆုံးအဖြစ် ဤအခန်းကြီးထဲမှာပင် ၉း၁၇ ၌ "ငါ့ ဘုရားသခင်၏ စကားတော်ကို နားမထောင်သောကြောင့် စွန့်ပစ်တော်မူ၍ သူတို့သည် တပါးအမျိုးသားတို့တွင် အရပ်ရပ်သို့ လှည့်လည်ရကြမည်" ဟု ဆိုထားသည်။ ကျွန်ဘဝ မရောက်မီ ပရောဖက်တို့ထံမှ ဖိတ်ခေါ်ချက် အတော်များများ ရှိခဲ့ပြီး ဟောရှေလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။ သူတို့သည် လူတို့အား နောင်တနှင့် ဘုရားသခင်ထံပြန်လှည့်လာအောင် ဆင့်ခေါ် ဖို့ ဘုရားသခင် စေလွှတ်သူများ ဖြစ်ကြသည်။ သို့သော် လူတို့က မနာခံခဲ့ကြပါ။ အကျိုးရလာဒ်အားဖြင့် ကျွန်ခံရခြင်းသည် ဘုရားသခင့် အပြစ်ပေးတော်မူချက် ဖြစ်ခဲ့သည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်ကို ရည်ရွယ်ချက်ရှိရှိ ဆန့်ကျင်ရာ၌ ခေါင်းမာခဲ့၍ ဖြစ်သည်။
>
> **Rev. Sherif Gendy, ဘာသာပြန်ဆိုချက်**

ယခုထိ ဤမူလကနဦး အပိုင်းသည် ဘုရားသခင့် ရှေ့မှောက် ဣသရေလ၏ ဆန့်ကျင်ပုန်ကန်မှု အပေါ် အကြီးအကျယ် စူးစိုက်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ သို့သော် ဤ ဒုတိယအပိုင်းတွင်မူ ဟောရှေသည် ယုဒ၏ ဆန့်ကျင် ပုန်ကန်မှုကိုလည်း ဖော်ပြခဲ့သည်။

## ယုဒ၏ ဆန့်ကျင် ပုန်ကန်မှု

ဘုရားသခင် ဖွင့်ပြသော တရားစီရင်ချက် အကြောင်း ဟောရှေ ဖွင့်ပြချက်များ၏ ဒုတိယပိုင်း အကျဉ်းချုပ် ဖော်ပြချက်ကို အဆုံးထိ တဖန် ပြန်နားထောင်ကြည့်ပါ။

> ..... ယုဒသည် ဣသရေလပေါ် ကျရောက်သည့် အလားတူ တရားစီရင်ချက်များကို ကြုံတွေ့ရသည်။ အကြောင်းမှာ သူတို့လည်း ဆန့်ကျင်ပုန်ကန်ခဲ့၍ ဖြစ်သည်။

ပထမအပိုင်းထဲ၌ ယုဒပြည်အကြောင်း အပြုသဘောဆောင်သည့် အရာတို့ကိုသာ ဟောရှေ ပြောဆိုခဲ့ကြောင်း သင်အမှတ်ရပါလိမ့်မည်။ သို့သော် ဤအပိုင်းတွင်မူ နှစ်ကြာလာသည်နှင့်အမျှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုဒသည်လည်း ဣသရေလကဲ့သို့ ဖြစ်လာကြောင်း ဟောရှေ ညွှန်ပြခဲ့သည်။ အခြားသော ပရောဖက်တို့၏ ဟောပြောချက်များနှင့် ဟောရှေကိုယ်တိုင် ဟောပြောချက်များအရ ဣသရေလလိုပင် ယုဒသည်လည်း ဘုရားသခင့် ပဋိညာဉ်နှင့် တရားတော်ကို စွန့်ပစ်ပြီးဖြစ်ခဲ့သည်။ သူတို့ရှေ့က ဣသရေလလိုပင် သူတို့သည် နေရာအနှံ့ ကျင့်သုံးနေသော ရုပ်တုကိုးကွယ်မှုထဲ ပါဝင်ခဲ့ကြသည်။ သားဖွားနတ်ကိုးကွယ် ဓလေ့များအရ အခြား နတ်ဘုရားများနောက်သို့ လိုက်ခြင်း၊ နတ်ထိန်းတို့နှင့် မတရား မေထုန်ပြုခြင်း၊ အယောင်ဆောင် အရေခြုံကိုးကွယ်ခြင်းတို့၌ ပတ်သက်ခဲ့ကြသည်။ အဆိုပါ အကြောင်းများကြောင့်ပင် ယုဒသည်လည်း ဘုရားသခင့် စီရင်တော်မူခြင်းကို တွေ့ကြုံရတော့မည် ဖြစ်သည်။

ကျွန်ုပ်တို့ သိကြသလို ဘုရားသခင် ဖွင့်ပြသော တရားစီရင်ချက်အပေါ် ဟောရှေ စူးစိုက်မှုသည် ဘုရားသခင့် တရားတွေ့မှု နှစ်ခုနှင့် အစပြုခဲ့သည်။ ၇၃၂ ဘီစီ အာရှုရိ ကျူးကျော်မှုနှင့် စပ်လျဉ်းပြီး ဘုရားသခင့် အစောပိုင်း တရားတွေ့မှုသည် ယုဒပြည်၌ ဩဇိမင်း သို့မဟုတ် ယောသံမင်း တပါးပါးက ဖြောင့်မတ်စွာ အုပ်စိုးနေချိန်တွင် ဖြစ်ပျက်ခဲ့သည်။ ထို့ကြောင့် ဒုတိယပိုင်း၏ အဖွင့် ကဏ္ဍ၌ ယုဒ၏ ကောင်းကွက်များကို ကျွန်ုပ်တို့ တွေ့ဆဲ ဖြစ်ခဲ့သည်။ အမှန်တွင် ဘုရားသခင်က ဣသရေလ နှင့် ယုဒ အကြီးအကျယ် ခြားနားကြောင်း ဖွင့်ပြခဲ့သည်။ ၄း၁၅ တွင် "အို ဣသရေလ အမျိုး၊ သင်သည် ပြည့်တန်ဆာ လုပ်သော်လည်း ယုဒ အမျိုးကို မမှားယွင်းစေပါနှင့်" ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ ဤအစောပိုင်း တရားတွေ့မှုထဲတွင် ဘုရားသခင်သည် ယုဒအား မြောက်ပိုင်း နိုင်ငံတော်လို မဖြစ်လာစေဖို့ရန် သတိပေးရုံမျှသာ ပေးခဲ့သည်။

သို့သော် ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှု နီးကပ်လာပြီ ဖြစ်ကြောင်း ဟောရှေသို့ ဖွင့်ပြသည့် ဘုရားသခင့် နောက်ပိုင်း တရားတွေ့မှု ရောက်လာချိန်တွင် အလားတူ ပြောဆိုခြင်း မရှိနိုင်တော့ပေ။ ဟောရှေ အမှုတော်၏ ဤအဆင့်သည် ယုဒပြည်ကို အာခတ်မင်း စတင်အုပ်စိုးချိန် ဖြစ်သည်။ အာခတ်သည် ရုပ်တုကိုးကွယ်မှု၊ မတရားမှုတို့ကို အားပေးခဲ့ပြီး သူ့ရန်သူတို့မှ အကွယ်အကာ ရရေးအတွက် အာရှုရိလူတို့ နှင့်တကွ အာရှုရိ ဘုရားများနှင့် မိတ်ဖွဲ့ခဲ့သည်။ ထို့ကြောင့် ၅း၅ တွင် "ဣသရေလနှင့် ဧဖရိမ်သည် မိမိတို့ အပြစ်၌လဲ၍ သူတို့နှင့်အတူ ယုဒအမျိုးသည်လည်း လဲလိမ့်မည်" ဟူ၍ မိမိ တရားစီရင်မည့် အကြောင်း ဘုရားသခင် ကြေညာခဲ့သည်။ အမှန်စင်စစ် ယုဒသည် ထိုကာလတွင် ပေါ်ပေါက်ခဲ့သည့် ရှုရိ-ဣသရေလ ညွန့်ပေါင်းဖွဲ့စည်းမှုကြောင့် ဒုက္ခအမျိုးမျိုးကို ခံစားခဲ့ရသည်။

ဘုရားသခင့် သတိပေးနှိုးဆော်ချက်များ အကြောင်း ဟောရှေ၏ ဖွင့်ပြချက်တို့သည်လည်း ယုဒပြည်တွင် ပေါ်ပေါက်နေသော အခြေအနေများကို ရင်ဆိုင်ဖြေရှင်းခဲ့သည်။ ပထမ သတိပေးနှိုးဆော်ချက်အတွင်း ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှုအကြောင်း ဟောရှေ ဗျာဒိတ်ပေးခဲ့သည်ကို သင်ပြန် အမှတ်ရပါလိမ့်မည်။ အနီးဆုံး ခန့်မှန်းရလျှင် ထိုအချိန်တွင် အာခတ် မင်းပြုနေဆဲ ဖြစ်သည်။ "ယုဒမင်းတို့သည် မြေမှတ်တိုင်တို့ကို ရွှေ့သောသူကဲ့သို့ ဖြစ်ကြ၏" ဟု ၅း၁၀ ၌ ကျွန်ုပ်တို့ ဖတ်ရသည်။ ဤကျမ်းချက်သည် ရှုရိ-ဣသရေလ ညွန့်ပေါင်းအဖွဲ့ ဖွဲ့စဉ်ကာလ ဣသရေလ၏ တိုက်ခိုက်မှုများကို လက်တုန့်ပြန်သည့်အနေဖြင့် ဗယ်ာမိန်နယ်ထဲသို့ ပိုင်နက်နယ်မြေများ တိုးချဲ့ထည့်သွင်းမည့် အာခတ်

ကြိုးပမ်းချက်ကို ရည်ညွှန်းကြောင်း အနက်ဖွင့်သူအများက ယုံကြည်ကြသည်။ ဤအတိုင်း မှန်ပါလျှင် ဘုရားသခင့်လူတို့အတွက် ဆေး ဖြစ်ရမည့်အစား ဣသရေလ နယ်မြေ အမွေဆက်ခံပိုင်ခွင့်များကို ယုဒ ဖောက်ဖျက် ကျူးကျော်ခဲ့သည်။ အခန်းငယ် ၁၀-၁၄ တွင် အတုန့်အပြန်အနေဖြင့် "ငါ့အမျက်ကို ရေကဲ့သို့ သွန်းလောင်းမည်။ .. ငါသည် ယုဒအမျိုး၌ စားတတ်သော အနာကဲ့သို့ ဖြစ်မည်။ ... ငါသည် ယုဒအမျိုး၌ ခြင်္သေ့ပျိုကဲ့သို့ ဖြစ်မည်။ ငါသည် ကိုယ်တိုင် ကိုက်ဖြတ်၍ သွားမည်။ အဘယ်သူမျှ မနှုတ်ရ" ဟု ဘုရားသခင် ခြိမ်းခြောက်ခဲ့သည်။ ဘီစီ ၇၀၁ တွင် ယုဒသို့ ချီလာမည့် သနာခရိပ် ကျူးကျော်မှု၏ ကြောက်မက်ဖွယ်များအကြောင်းကို အဆိုပါ စကားများဖြင့် ဟောရှေ ကြိုတင် နိမိတ်ဖတ်ခဲ့သည်။ အရေခြုံဟန်ဆောင်လျက် ဘုရားသခင့် သည်းခံတော်မူခြင်းကို သူတို့ စုံစမ်းသည့် အခြေသို့ ဆိုက်ပြီ ဖြစ်ကြောင်း ယုဒကို ဘုရားသခင် စွပ်စွဲခဲ့ရာ ၆း၄ တွင် "အို ယုဒ၊ သင်၌ အဘယ်သို့ ငါပြုရမည်နည်း။ သင်တို့ ကြည်ညိုသောစိတ်သည် နံနက်မိုးတိမ် ကဲ့သို့၎င်း၊ စောစော ပျောက်တတ်သော နှင်းကဲ့သို့၎င်း ဖြစ်၏" ဟု ယုဒကို ဘုရားသခင် မေးတော်မူခဲ့သည်။ အခန်းငယ် ၁၁ တွင် "ထိုမှတပါး အို ယုဒအမျိုး၊ သိမ်းသွားသော ငါ၏ လူတို့ကို ငါဆောင်ခဲ့ပြန်သောအခါ စပါးရိတ်ရာကာလသည် သင့်အဖို့ ခန့်ထားလျက် ရှိ၏" ဟု ယုဒအပေါ် တရားစီရင်မည့်အကြောင်း ဘုရားသခင် ခြိမ်းခြောက်တော်မူခဲ့သည်။ ယုဒအတွက် ခန့်ထားသော "စပါးရိတ်ရာကာလ" သည် အာရှုရိလူတို့လက်၌ ယုဒပြည် ခံစားစေရန် ရောက်လာမည့် ဒုက္ခများကို ရည်ညွှန်းခြင်း ဖြစ်ဖို့ များသည်။

ယခုတွင် ဘီစီ ၇၂၂ ၌ ရှမာရိ ပျက်သုန်းမည့်အရေး သာ၍ပင် နီးကပ်လာသည်နှင့်အမျှ ဘုရားသခင့် ဒုတိယ သတိပေးနှိုးဆော်ချက်ထဲက မိန့်ဆိုချက်ကို စဉ်းစားကြပါစို့။ ဤအရာသည် အာခတ်နှင့် ဟေဇကိတို့ ယုဒပြည်ကို ပူးတွဲအုပ်ချုပ်စဉ်က ဖြစ်ခဲ့ဖွယ် ရှိသည်။ ၈း၁၄ တွင် "ယုဒသည်လည်း ခိုင်ခံ့သော မြို့တို့ကို များပြားစေတတ်၏" ဟု ဘုရားသခင် မှတ်သားထားခဲ့ပြီး ၎င်းသည် အာရှုရိကို ဆန့်ကျင်ရန် ယုဒပြည်ခိုင်ခံ့ရေး ဟေဇကိမင်း၏ ကြိုးပမ်းအားထုတ်ချက်တို့ကို ရည်ညွှန်းသည်။ ဟုတ်ပါသည်။ ခိုင်ခံ့စေခြင်းသည် ပင်ကိုယ်အားဖြင့် ဒုစရိုက် မဟုတ်ပါ။ သို့သော် ဟေဇကိ၏ ခိုင်ခံ့စေမှုတို့သည် ဘုရားသခင်ကို ဆန့်ကျင်ကြောင်း လက္ခဏာတစ်ခု ဖြစ်သည်။ အကြောင်းမှာ ခိုင်ခံ့အောင် ပြုလုပ်ခြင်းများ အပြင် အာရှုရိရန်မှ ကာကွယ်နိုင်ရန်အတွက် အဲဂုတ္တုလူတို့နှင့်တကွ အဲဂုတ္တုဘုရားများနှင့် မိတ်ဖွဲ့ခဲ့၍ ဖြစ်သည်။ ရလာဒ်အားဖြင့် အခန်းငယ် ၁၄ တွင် ဘုရားသခင်က "ငါသည် ထိုမြို့များကို မီးရှို့မည်" ဟု ခြိမ်းခြောက်ခဲ့သည်။ ဤခြိမ်းခြောက်မှုသည် ဘီစီ ၇၀၁ သနာခရိပ် ကျူးကျော်လာချိန်၌ ပြည့်စုံခဲ့သည်။

တရားစီရင်ခြင်းအကြောင်းကို ဖွင့်ပြသည့် သူ့ဗျာဒိတ်တို့ကို ဟောရှေ ပထမဆုံး ရရှိစဉ်က နောင်တရဖို့ လိုအပ်ကြောင်း ရှေးဦးစွာ ဣသရေလပြည်၌၊ ထို့နောက် ယုဒပြည်၌၊ အသီးသီး အကြိမ်ကြိမ် တိုက်ရိုက် ပြောဆိုခဲ့သည်။ သူ့အမှုတော်သည်လည်း ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက် တည်ရှိနေခဲ့သည်။ အကြောင်းမှာ သူ့လူများသို့ စိတ်ရှည်သည်းခံပေးနေကြောင်း ဘုရားသခင် ဆက်လက် ပြသနေခဲ့၍ ဖြစ်သည်။ သို့သော် ဝမ်းနည်းဖွယ်ပင် ဣသရေလတို့၏ ဆန့်ကျင်ပုန်ကန်မှုသည် တိုး၍သာ ရင့်သန်လာခဲ့သည်။ သို့နှင့် ဘီစီ ၇၂၂ တွင် သူတို့အပေါ် ခြိမ်းခြောက်ခဲ့သော တရားစီရင်မှုကြီး အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးတွင် ဘုရားသခင် အကောင်အထည် ဖော်ခဲ့တော့သည်။ မြောက်ပိုင်း နိုင်ငံတော်သည် အာရှုရိကြောင့် ပျက်သုန်းခဲ့သည်။ နိုင်ငံတော်သားတို့လည်း ကျွန်ဖြစ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ဟေဇကိမင်းလက်ထက် ဟောရှေကျမ်းကို ပြုစုသည့်အခါ ယုဒသည် အလားတူ ပျက်သုန်းမှုနှင့် ကျွန်ဘဝ ကျရောက်မည့် ခြိမ်းခြောက်မှုမျိုးကို ကြုံနေရခဲ့ရသည်။ ဤအမှန်တရားအရ တရားစီရင်မှုအကြောင်း ဟောရှေ ဗျာဒိတ်တို့သည် ယုဒခေါင်းဆောင်တို့အား အရေးကြီးသော ထိုးထွင်းအမြင် နှစ်ခုကို ပေးခဲ့သည်။ တစ်ဖက်တွင် မြောက်ပိုင်း ဣသရေလကို ဘုရားသခင် ပြင်းပြင်းထန်ထန် ဆုံးမရာ၌ ကိုယ်တော်သည် လိုသည်ထက်ပို၍ စိတ်ရှည်သည်းခံ၊ တရားမျှတခဲ့ပြီးကြောင်း သူ့ဗျာဒိတ်တို့က သံသယဖြစ်ဖွယ်မရှိ၊ ထင်ရှားပြနေသည်။ ရှမာရိမြို့ ပျက်သုန်းပြီး မြောက်ပိုင်း မျိုးနွယ်တို့ ကျွန်ဘဝ ကျရောက်ခဲ့ရခြင်းအတွက် မည်သူမျှ ဘုရားသခင်ကို အမှန်အကန် ဆင်ခြေမတက်နိုင်ပါ။ အခြားတစ်ဖက်တွင်လည်း သူတို့ နိုင်ငံတော် အခြေအနေကို သိနားလည်စေသည့် ရှုထောင့်တစ်ခုကို ယုဒခေါင်းဆောင်တို့အား ဟောရှေ ဗျာဒိတ်တို့က ပေးအပ်ခဲ့သည်။ သြဇိမင်းနှင့် ယောသံမင်းတို့ လက်ထက် ကိုယ်တော်ကို ယုဒပြည် သစ္စာစောင့်ခဲ့စဉ် ကာလပတ်လုံး ဘုရားသခင်သည် သူတို့အား အကာအကွယ်ပေးခဲ့ပြီး ဖြစ်သည်။ သို့သော် အာခတ်နှင့် ဟေဇကိတို့သည် ဖြောင့်မတ်ခြင်းလမ်းမှ သွေဖည်ကာ ဟေဇကိ လက်ထက် ယုဒခေါင်းဆောင်တို့အား ခက်ခဲပြီး ဉာဏ်အမြော်အမြင် ချို့တဲ့မှုထဲ ပစ်ထားရစ်ခဲ့သည်။ ယုဒသည် ဣသရေလကဲ့သို့ ဖြစ်လာခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူတို့သည်လည်း ဘုရားသခင့် တရားစီရင်မှုမှ လွတ်ရန် မရှိတော့ပေ။

ဘုရားသခင် ဖွင့်ပြသော တရားစီရင်မှု အကြောင်း အဆိုပါ အခန်းကြီးများ၏ မူလ အဓိပ္ပာယ်ကို လေ့လာပြီးသည့်နောက် ဤအပိုင်းကို လက်တွေ့ဘဝ အသုံးချရေး စဉ်းစားကြပါမည်။ ယနေ့ ကျွန်ုပ်တို့ အသက်တာများအတွက် အဆိုပါ ဖွင့်လှစ်ဖော်ပြချက်တို့မှ မည်သည့် အကျိုး ရရှိပါသနည်း။

## ယနေ့ကာလလက်တွေ့ကျင့်သုံးမှု

အကြောင်းမလှစွာပင် ဧဝံဂေလိ ယုံကြည်သူအများစုအဖို့ ဟောရှေကျမ်း ဒုတိယပိုင်းထဲက ဉာဏ် အမြော်အမြင် တစ်ခုခု ရဖို့ ခက်နေတတ်ကြသည်။ အကြောင်းမှာ ၎င်းသည် သူ့လူတို့အပေါ် ပြစ်တင်စွပ်စွဲချက်များနှင့် တရားစီရင်ချက်များ အကြောင်း အလွန်အမင်း စူးစိုက်ထား၍ ဖြစ်သည်။ မကြာခဏ အဆိုပါ အာဘော်တို့သည် ကျွန်ုပ်တို့နှင့် ဘာမျှမသက်ဆိုင်ဟု ကျွန်ုပ်တို့ မှတ်ကြသည့် အကြောင်းမှာ ခရစ်တော်သည် သူ၏ အသေခံခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်းတို့အားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင့် တရားစီရင်ခြင်းမှ ကယ်လွှတ်ခဲ့ပြီးသောကြောင့် ဖြစ်သည်။ ယခုတွင် ကောင်းကင် တရားရုံးတော်၌ ခရစ်တော်၏ ဖြောင့်မတ်ခြင်းအား စစ်မှန်သော ယုံကြည်သူတို့၏ ဖြောင့်မတ်ခြင်း အဖြစ် ယုံကြည်ခြင်းတစ်ခုတည်းနှင့် ယိုးမှတ်စေခဲ့ပြီး ဖြစ်သည်။ ဤယိုးမှတ်ခြင်းက စစ်မှန်သော ယုံကြည်သူတိုင်းအား ဘုရားသခင့် ထာဝရ တရားစီရင်ချက်မှ လွတ်ခြင်းအခွင့်ကို ပေးသည်။ ယင်းတို့သည် ခရစ်ယာန် သတင်းကောင်း၏ မရှိမဖြစ် အခြေခံ မျက်နှာစာများ ဖြစ်ကြသည်။ သို့သော် ဟောရှေကျမ်း ဒုတိယပိုင်းထဲ ဖွင့်ပြထားသော ဉာဏ်ကို ယနေ့ ကျွန်ုပ်တို့ အသက်တာတွင် လက်တွေ့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသုံးချရေးအတွက် ဓမ္မသစ်ထဲ သွန်သင်ထားသော အခြား ရှုထောင့်များစွာကိုပါ ကျွန်ုပ်တို့ ထည့်စဉ်းစားရန် လိုအပ်သည်။

ပထမပိုင်းကို လေ့လာသည့်ပုံစံအတိုင်း ဟောရှေကျမ်း ဒုတိယပိုင်းကို လေ့လာခြင်းသည် ယနေ့ ကာလ လက်တွေ့ကျင့်သုံးမှုအတွက် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ခရစ်တော်၏ သတို့သမီး အကြောင်း ဓမ္မသစ်က ဘာတွေ သွန်သင်ထားသည်ကို ကျွန်ုပ်တို့လေ့လာကြပါမည်။ ထို့နောက် ခရစ်တော်၌ နောင်ကာလ ပြည့်စုံလာမှုအကြောင်းအား ကျွန်ုပ်တို့ လေ့လာကြပါမည်။ အသင်းတော်ကို ခရစ်တော်၏ သတို့သမီးအဖြစ် တင်ဆက်မှုအား ဦးစွာ ကြည့်ကြပါစို့။

## ခရစ်တော်၏ သတို့သမီး

ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ စောစောပိုင်းက တွေ့ခဲ့သလို ဓမ္မသစ် အသင်းတော်သည် ဘုရားသခင့် ဓမ္မဟောင်းလူတို့ထဲက ပေါ်ထွက်ခဲ့သည်ဖြစ်၍ သတို့သမီး တစ်ဦးတည်း (ဝါ) ဘုရားလူမျိုး တစ်မျိုးတည်း အစဉ်ရှိနေသည်။ သို့သော် ဘုရားသခင့် တရားစီရင်ချက်အကြောင်း ဖွင့်ပြသည့် ဟောရှေ ဗျာဒိတ်များသည် ယနေ့ ကျွန်ုပ်တို့ ဘဝအတွက် မည်သို့ လက်တွေ့အသုံးကျကြောင်းသိနားလည်ရန် နောက်ထပ် ဆက်စပ်မှု တစ်ခုကို ကျွန်ုပ်တို့ ပြည့်ဝွန်ရန် လိုအပ်သည်။ ခရစ်ယာန် အသင်းတော်မှာရော ဣသရေလနှင့် ယုဒပြည် နှစ်ခုလုံးမှာပါ မျက်မြင်တွေ့ရသော ဘုရားလူတို့နှင့် မျက်မြင်မတွေ့ရသော ဘုရားလူဟူ၍ အုပ်စုနှစ်ခု ခွဲခြားသတ်မှတ်လေ့ ရှိသည်။

ရောမသြဝါဒစာ ၂း၂၈ နှင့် ၂၉ တို့တွင် တမန်တော်ပေါလုက ဓမ္မဟောင်း ဣသရေလကို ရည်ညွှန်းသောအားဖြင့် ဤသို့ ခွဲခြားသတ်မှတ်ခဲ့သည်။ "အကြောင်းမူကား အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒ လူမှန် မဟုတ် ..."။ အပြင်အားဖြင့်" ကို "အမြင်အားဖြင့်" ဟုလည်း ပြန်ဆိုနိုင်သည်။ "အတွင်းအားဖြင့် ယုဒလူ ဖြစ်သောသူသည် ယုဒလူမှန်၏"။ "အတွင်းအားဖြင့်" ကို "အမြင်အရ မဟုတ်သောအားဖြင့်" ဟုလည်း ဆိုနိုင်သည်။ သို့ဖြစ်၍ ဤအကြောင်းကြောင့် တရားစီရင်ခြင်းအကြောင်း ဖွင့်ပြမှုအပေါ် ဟောရှေ၏ စူးစိုက်ချက်သည် ဣသရေလ နှင့် ယုဒ တည်းဟူသော သတို့သမီးထဲမှ ယုံကြည်သူ နှင့် မယုံကြည်သူ နှစ်ဖွဲ့လုံးသို့ ဦးတည်ပြောဆိုခဲ့သည်။

များစွာအလားတူ ခရစ်ယာန် ဓမ္မပညာရှင်တို့ကလည်း မြင်ရသော အသင်းတော်နှင့် မမြင်ရသော အသင်းတော်တို့အကြား ခွဲခြား သတ်မှတ်ခဲ့ကြပြီး ဖြစ်သည်။ ဓမ္မသစ်ကာလတွင် မြင်ရသော အသင်းတော်၌ ခရစ်တော်ကို ယုံကြည်ပါသည်ဟု ဝန်ခံသူတိုင်းနှင့် ၎င်းတို့၏ သားသမီးများ၊ ခရစ်ယာန် ယုံကြည်ခြင်းနှင့် တနည်းတဖုံ ဆက်စပ် နီးနွယ်ကြသူများ ပါဝင်နေကြသည်။ မမြင်ရသော အသင်းတော်တွင်မူ မြင်ရသော အသင်းတော်အတွင်း ခရစ်တော်၌ ကယ်တင်ခြင်းနှင့် ယုဉ်သော ယုံကြည်ခြင်းရှိပြီးသောသူ၊ ရှိလာမည့်သူများသာ ပါသည့် သီးသန့် လူစုသာလျှင် အပါအဝင် ဖြစ်သည်။ ထို့ကြောင့် ရှေး ဣသရေလ နှင့် ယုဒတို့ရှိ ယုံကြည်သူနှင့် မယုံကြည်သူ၊ နှစ်ဖွဲ့လုံးသို့ ဟောရှေ ဦးတည် ဟောပြောခဲ့သည်နှင့် များစွာ အလားတူ ဘုရားသခင့် တရားစီရင်ချက်အကြောင်း ဟောရှေ ဖွင့်ပြချက်များကို ယနေ့ကာလ ခရစ်တော်၏ မြင်ရသော သတို့သမီးအုပ်စု တစ်ခုလုံးအတွက် လက်တွေ့ အသုံးပြုရန် ကျွန်ုပ်တို့ အသင့် ရှိကြရမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မပညာအရရော သမိုင်းကြောင်းအရပါ မြင်ရသော အသင်းတော်နှင့် မမြင်ရသော အသင်းတော် အကြောင်းကို ကျွန်ုပ်တို့ ပြောဆိုကြသည်။ မြင်ရသော အသင်းတော်အား ခရစ်တော်နှင့် ဆိုင်သော သတို့သမီး၏ ဒေသန္တရ ထင်ရှားဖော်ပြချက်အဖြစ် ယေဘူယျ ရည်ညွှန်း ခေါ်ဆိုလေ့ ရှိသည်။ ထိုအသင်းတော်သည် စစ်မှန်သော ခရစ်ယာန်များနှင့်သာမက မိမိကိုယ် မိမိခရစ်ယာန်ပါဟု ယူဆသူများနှင့်ပါ ဖွဲ့စည်းထားသည်။ မမြင်ရသော အသင်းတော် ဆိုသည်မှာ ခေတ်အဆက်ဆက်၊ ကောင်းကင်နှင့် မြေကြီး ရှိရှိသမျှ နေရာအသီးသီးမှ ဘုရားသခင့်လူများ ဖြစ်ကြပေလိမ့်မည်။ ထို့ကြောင့် အစဉ်အမြဲ ဘုရားသခင့်လူ ဖြစ်ပြီးသူ ရှိရှိသမျှတို့သည် မမြင်ရသော အသင်းတော်ပင် ဖြစ်သည်။ အကြောင်းမှာ သင်းဝင်သူ အများစု ပါဝင်သည့် အဓိက အသင်းသားထုကြီးကို ယခု ပစ္စုပ္ပန်တွင် ကျွန်ုပ်တို့ မျက်စိဖြင့် မမြင် မတွေ့ရ၍ ဖြစ်သည်။ သူတို့သည် သခင်ဘုရားနှင့်အတူ ကောင်းကင်တွင် ရှိလျှင်လည်း ရှိနေကြမည် သို့မဟုတ် ကမ္ဘာပေါ် ရှိ အခြားသောနေရာများတွင် ရှိလျှင်လည်း ရှိနေကြပါလိမ့်မည်။ မြင်ရသော အသင်းတော်မှာမူ ခရစ်ယာန်များ အတူတကွ စုဝေးသည့်အခါ သို့တည်းမဟုတ် အသင်းတော်များစွာ စုဝေးသည့်အခါ ဒေသန္တရ အသင်းတော်အဖြစ် ကျွန်ုပ်တို့ စံထားရှုမြင်ရာ ဖြစ်သည်။ သို့သော် ယေရှု မိန့်ဆိုခဲ့သည့်အတိုင်း မြင်နိုင်သောအသင်းတော်ထဲ၌ "စပါးပင်နှင့်တောပင်" အမြဲရောနှောနေမည်ကို အမှတ်ရရန် အရေးကြီးသည်။ စစ်မှန်သော ဘုရားလူတို့ သင်၌ ရှိပါလိမ့်မည်။ ယေရှုကို သစ္စာစောင့်သိသူ တပည့်တော်များ သင်၌ ရှိခဲ့သလို ထိုသို့ ထင်မြင်ရသူများလည်း သင်၌ ရှိပါလိမ့်မည်။ ထိုအထဲ ယုဒရှကာရှုတ်လို ပုဂ္ဂိုလ်များ သင်၌ ရှိခဲ့ပါသည်။ ပေါလု၏ တပည့်များထဲမှာ ဒေမ လိုလူ ရှိခဲ့သလို သင့်မှာလည်း ရှိပါလိမ့်မည်။

**ဒေါက်တာ Donald S. Whitney**

ပစ္စုပ္ပန်တွင် ခရစ်တော်၏ သတို့သမီးသည် စုံလင်ခြင်းမရှိသေးကြောင်း ဝန်ခံလျက် ခရစ်တော်၌ နောင်ကာလအတွင်း တရားစီရင်ခြင်း အကြောင်း ဟောရှေ ဗျာဒိတ်များအား ယနေ့ကာလ အသင်းတော်အတွက် မည်သို့ လက်တွေ့ အသုံးချကြမည်ကို စဉ်းစားကြပါစို့။

## ခရစ်တော်၌ နောင်ကာလ

ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသလိုပင် ခရစ်တော်သည် နောင်ကာလ ကောင်းချီးများအား အဆင့်သုံးဆင့်ခွဲ၍ ဆောင်ယူလာသည်။ ၎င်းတို့မှာ ကိုယ်တော်၏ နိုင်ငံတော် အစပြုခြင်းဆက်လက် ဖြစ်ပေါ်ခြင်း နှင့် အဆုံးသတ်ပြည့်စုံခြင်းတို့ ဖြစ်ကြသည်။ နိုင်ငံတော် အဆုံးသတ် ပြည့်စုံချိန်၊

ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာချိန်တွင် ခရစ်တော်၏ သတို့သမီးသည် သန့်ရှင်းစင်ကြယ်သွားလိမ့်မည် ဖြစ်ကြောင်း ဓမ္မသစ်က သွန်သင်ထားသည်။ ခရစ်တော်သည် အသင်းတော်အတွင်းရှိ မည်သည့်အခါတွင်မှ နောင်တမရခဲ့ဖူးသော၊ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းမျိုးဖြင့် ခရစ်တော်ကို မည်သည့်အခါကမျှ မယုံကြည်ခဲ့ဖူးသော သူတို့အပေါ် ထာဝရ တရားစီရင်ချက်များကို သွန်းလောင်းပေလိမ့်မည်။ သို့သော် အသင်းတော်အတွင်းရှိ စစ်မှန်သော ယုံကြည်သူတို့အပေါ်တွင်မူ ကိုယ်တော်သည် ထာဝရ ကောင်းချီးများကို ကြွယ်ဝစွာ သွန်းလောင်းပေလိမ့်မည်။ ထိုကာလ၌ ခရစ်တော်၏ သတို့သမီးသည် ဘုရားသခင့် စွပ်စွဲ ပြစ်တင်မှု၊ တရားစီရင်မှုတို့ကို ကြားနာရန် လိုအပ်မည် မဟုတ်တော့ပါ။

သို့သော် ခရစ်တော်၏ နိုင်ငံတော် အစပြုခြင်းနှင့် ဆက်လက်ဖြစ်ပေါ်နေစဉ် အတွင်း အခြေအနေများမှာမူ အလွန်ပင် ကွဲပြားခြားနားမှု ရှိကြသည်။ ယေရှုသည် ကိုယ်တော် ပထမကြွလာတော်မူစဉ်အတွင်း သူ၏ သတို့သမီးကို စုံလင်ပြည့်ဝအောင် မလုပ်ဆောင်ပေးခဲ့ပါ။ အသင်းတော် သမိုင်းတလျှောက် သူ့နိုင်ငံတော် ခရီးဆက်နေစဉ်အတွင်း သူ၏ သတို့သမီးသည်လည်း မပြည့်ဝ မစုံလင်မှုများနှင့် ဆက်လက် တည်ရှိနေပါဦးမည်။ ထို့ကြောင့် ဘုန်းတော်၌ ကိုယ်တော် ပြန်ကြွလာချိန် ခရစ်တော်၏ သတို့သမီး စုံလင်ပြည့်ဝချိန် မရောက်မချင်း ဘုရားသခင့် စွပ်စွဲ ပြစ်တင်မှုများနှင့် တရားစီရင်ချက်များသည် မြင်ရသော အသင်းတော် တစ်ခုလုံးအတွက် ဆက်လက် အကျုံးဝင်နေဦးမည် ဖြစ်သည်။

ဟုတ်ပါသည်။ ဘုရားသခင်သည် မိမိကိုယ်အား ခရစ်တော်၌ ပိုမိုဖွင့်ပြခဲ့ပြီးကြောင်း ကျွန်ုပ်တို့ အမြဲ အမှတ်ရနေသင့်ပါသည်။ ထို့ကြောင့် ဟောရှေ ဗျာဒိတ်များက ပေးသော ဉာဏ်ကို ဓမ္မသစ် ဖွင့်ပြချက်အရ လက်တွေ့ အသုံးချကြရမည် ဖြစ်ပါသည်။ နောင်တတရားနှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းတို့ကို ဆက်စပ်ရာ၌ ယေရှုကိုယ်တိုင် လုကာ ၂၄း၄၆-၄၇ တွင် ပြောဆိုခဲ့ပုံကို နားထောင်ကြည့်ပါ။ တပည့်တော်များအား ယေရှုက

> ဤသို့ ကျမ်းစာလာ၏။ ဤသို့ ခရစ်တော်သည် အသေခံ၍ သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ရမည်။ ခရစ်တော်၏ အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ် လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည် ဟု မိန့်ဆိုခဲ့သည်။

ဤနေရာတွင် ယေရှုက ဘုရားသခင့် ဓမ္မသစ် ဖွင့်ပြချက်အရ မိမိကိုယ်ကို ဟောရှေ ၆း၁ နှင့် ၂ တို့ဖြင့် ချိတ်ဆက်ဖော်ပြခဲ့သည်။ ဣသရေလသည် ရိုးသားစွာ နောင်တရပြီး ဘုရားသခင့်ထံ ပြန်လာပါလျှင် ၎င်းအတွက် ကောင်းချီးတို့သည် အလျင်အမြန် (ဝါ) "သုံးရက်မြောက်သောနေ့တွင်" ရောက်လာမည်ဖြစ်ကြောင်း ဟောရှေက ကြေညာခဲ့ပြီး ဖြစ်သည်။ ယေရှုသည်လည်း ဤအရာအား သုံးရက်မြောက်နေ့ သူ့ ထမြောက်ခြင်းနှင့် နောင်တသို့ သူ့ဆင့်ခေါ်ချက်တို့၌ ချိတ်ဆက် အသုံးပြုခဲ့သည်။ အခြားသော နောက်ထပ် သာဓကတစ်ခုအဖြစ် ဟောရှေ ဗျာဒိတ်ကပေးသော ဉာဏ်အား သူ၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပထမရာစုနှစ် ပရိသတ်အတွက် မဿဲ ၉း၁၃ ၌ ယေရှု လက်တွေ့အသုံးပြုခဲ့ပုံကို နားထောင်ကြည့်ပါ။ ယေရှုက

> "ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို ငါနှစ်သက်၏"
> ဟူသော ကျမ်းစကားကို နားလည်ခြင်းငှာ သင်တို့ သွား၍ သင်ကြလော့။
> ဖြောင့်မတ်သောသူတို့ကို နှောင်တသို့ ခေါ် ခြင်းငှာ ငါလာသည် မဟုတ်။
> ဆိုးသောသူတို့ကို ခေါ် ခြင်းငှာ ငါလာသတည်း ဟု မိန့်တော်မူ၏ (မဿဲ ၉း၁၃)။

"ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို ငါနှစ်သက်၏" ဟူသော ဖော်ပြချက်သည် ဟောရှေ ၆း၆ တွင် ဟောရှေက ဣသရေလကို အယောင်ဆောင် အရေခြုံ ကိုးကွယ်သူအဖြစ် စွပ်စွဲအပြစ်တင်ခဲ့ရာ ကျမ်းချက် ဖြစ်သည်။ ယေရှုသည်လည်း သူ့ကာလက ယုဒလူတို့၏ အယောင်ဆောင် အရေခြုံမှုကို ထိပ်တိုက်ရင်ဆိုင်ရာ၌ ဟောရှေ၏ စကားလုံးများကို အသုံးချခဲ့သည်။

ယေရှု၏ သာဓကကို ကြည့်လျှင် ဟောရှေ ဒုတိယအပိုင်းသည် ခရစ်တော်၏ နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေစဉ်အတွင်း ခရစ်တော်၏ မြင်ရသော သတို့သမီး၌ အပါအဝင် ရှိသမျှအတွက် လက်တွေ့အသုံးကျကြောင်း သိသာထင်ရှားသည်။ ထို့ပြင် ဟောရှေ ကာလမှာကဲ့သို့ပင် ဘုရားသခင်သည် မိမိ၏ သတို့သမီးအပေါ်တွင် ယာယီတခဏ ကောင်းချီးများသာမက ယာယီတခဏ တရားစီရင်ချက်များကိုပါ ဆက်လက် သွန်းလောင်းနေဆဲ ဖြစ်သည်။ မြင်ရသော အသင်းတော်ထဲက မယုံကြည်သူနှင့် စစ်မှန်သော ယုံကြည်သူ နှစ်မျိုးလုံးသည် အထွေထွေ ကြပ်တည်းမှုများ၊ သဘာဝကပ်ဘေးများ၊ ဖျားနာခြင်း၊ စစ်ပွဲ၊ ညှင်းဆဲခံရမှု၊ ခန္ဓာသေခြင်း စသည့် ပုံစံအမျိုးမျိုးဖြင့် ယာယီတခဏ တရားစီရင်ချက်များကို ဖြတ်သန်းကြရသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ် နှစ်ခုလုံးက ပြည့်ဝွန်နေသလို ဘုရားသခင်သည် အဆိုပါ တရားစီရင်ချက်တို့ကို အကြောင်းအမျိုးမျိုးကြောင့် ပို့လွှတ်ရခြင်း ဖြစ်သည်။ မကြာခဏဆိုသလို ကျွန်ုပ်တို့၏ တစ်ကိုယ်ရည် အကျင့်စရိုက်များကို တုန့်ပြန်သောအားဖြင့်လည်း ယင်းတို့ကို ကိုယ်တော် ပို့လွှတ်တတ်သည်။ တခါတရံတွင်မူ ၎င်းတို့သည် ကျွန်ုပ်တို့နှင့် ဆက်စပ်နီးနွယ်နေသည့် အခြားသူတို့၏ အပြုအမူများကို ဘုရားသခင် တုန့်ပြန်သောအားဖြင့် ရောက်လာတတ်သည်။ ဟုတ်ပါသည်။ ခရစ်တော် ဘုန်းတော်၌ ပြန်ကြွမလာမီ ဘုရားသခင်၏ ယာယီတခဏ တရားစီရင်ချက်များကို မြင်ရသော အသင်းတော်က ကြုံတွေ့နေရခြင်းသည် အာဒံ၏ အပြစ် အကျိုးဆက် ကျိန်ခြင်းက ဖန်ဆင်းခံလူသားများအား ရစ်ဆွဲနေသေး၍ ဖြစ်ရသည်။

ဤအကြောင်းကြောင့်ပင် ဟောရှေ၏ ပြစ်တင်စွပ်စွဲချက်များနှင့် ဣသရေလ၊ ယုဒတို့ကို တရားစီရင်မည့်အကြောင်း သတိပေးချက်များ သည် ကျွန်ုပ်တို့အား ကြီးမားသည့် ဉာဏ်ကို ပေးနေဆဲ ဖြစ်သည်။ ဟောရှေ ကာလ လူတို့ လုပ်ခဲ့သလို ဘုရားသခင့် ပဋိညာဉ် နှင့် ပညတ်တော် ချိုးဖောက်လိုစိတ် ကျွန်ုပ်တို့မှာ အတိအကျ ရှိချင်မှ ရှိပါမည်။ သို့သော် ခရစ်တော်၌ ပဋိညာဉ်သစ်အရ အသက်ရှင်နေသည့် ကျွန်ုပ်တို့ ဘုရားလူများ အနေဖြင့် ဘုရားသခင့် ပဋိညာဉ်နှင့် တရားတော်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မဖြစ်မနေ သစ္စာစောင့်သိကြရပါမည်။ ဟောရှေ ခေတ်တုန်းကလို ပျံ့နှံ့နေသည့် ရုပ်တုကိုးကွယ်မှု ဓလေ့များကို ကျွန်ုပ်တို့ လိုက်လုပ်ဖြစ်ချင်မှ လုပ်ပါလိမ့်မည်။ သို့သော် ယနေ့ကာလ ရုပ်တုကိုးကွယ်ခြင်းသည် မည်သည့် ပုံစံဆောင်ယူနေပါစေ ၎င်းအား ကျွန်ုပ်တို့ ရှောင်ရှားရမည် ဖြစ်သည်။ မှားယွင်းခြင်းအမှုနှင့် ရှေးဟောင်း ခါနန် သားဖွားနတ် ဓလေ့များတွင် ကျွန်ုပ်တို့ ပါဝင်ပတ်သက်မိချင်မှ ပတ်သက်မိပေလိမ့်မည်။ သို့သော် မည်သည့် မတရားသော မေထုန် ပုံစံမျိုးမှ မဆို ကျွန်ုပ်တို့ နောက်ပြန်လှည့်ကြဖို့ ဖြစ်သည်။ ဣသရေလနှင့် ယုဒတို့လို ဟန်ဆောင် အရေခြုံ ဝတ်ပြုမှုမျိုးထဲ ကျွန်ုပ်တို့ အတိအကျ မရောက်ရှိသေးသော်ငြား စစ်မှန်ရိုးသားသော နောင်တနှင့် ကြည်ညိုမှုတို့ဖြင့် ကိုယ်တော်ထံ ချဉ်းကပ်ဖို့ ဘုရားသခင် ကျွန်ုပ်တို့ကို တိုက်တွန်းနေဆဲ ဖြစ်သည်။

ဓမ္မသစ် ဖွင့်ပြချက်အရ ရှုမြင်သောအခါဣသရေလနှင့် ယုဒတို့အပေါ် ဘုရားသခင် ယူဆောင်လာသော ပြစ်တင်စွပ်စွဲချက်နှင့် စီရင်ချက်တိုင်းသည် ယနေ့ကာလ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်ရမည်ဆိုသည့် ဉာဏ်ကို ကျွန်ုပ်တို့အား ပေးနေသည်။ ထို့ကြောင့် ဘုရားသခင့် ယာယီတရားစီရင်ချက်တို့ကို ကျွန်ုပ်တို့ ဖွဲ့နှင့် သည်းခံဖြတ်နေလျက်ပင် ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဖို့၊ ကျွန်ုပ်တို့ အပြစ်များကို နောင်တရဖို့၊ ခရစ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အသစ်ပြုပြင်ဖို့ လိုအပ်ပါသည်။

ယခုတွင် တရားစီရင်ခြင်း၊ မျှော်လင့်ခြင်း၊ တရားစီရင်ချက်အကြောင်း ဖွင့်ပြခြင်းတို့ကို အမြော်အမြင်ရှိရှိ ကိုင်တွယ်ဖြေရှင်းရန် ဟောရှေ ဖွင့်ပြချက်တို့ကို ကျွန်ုပ်တို့ လေ့လာပြီး ဖြစ်သောကြောင့် ဟောရှေကျမ်း တတိယပိုင်းထဲက ဘုရားသခင် ဖွင့်ပြသည့် မျှော်လင့်ခြင်း အကြောင်း ဗျာဒိတ်များအားဖြင့် ဟောရှေ ပြောသည့် ဉာဏ်ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## မျှော်လင့်ခြင်းကို ဖွင့်ပြခြင်း

သူ့စာစောင် ပထမပိုင်းထဲတွင် တရားစီရင်ခြင်းကာလ တစ်ခု ကြာပြီးသည့်နောက် နောင်ကာလ၌ ဣသရေလ နှင့် ယုဒ သည် ဒါဝိဒ်မင်းမျိုး အုပ်စိုးမှုအောက်တွင် ပြန်လည်သွေးစည်းညီညွတ်ကြမည် ဖြစ်ကြောင်း ဟောရှေ ရှင်းပြထားသည်။ သို့သော် ဒုတိယပိုင်းတွင်မူ ဆယ်စုနှစ်များစွာ ကာလရှည်ကြာ ခဲ့သည့် သူ့ အမှုတော်ထဲက ပေါ်ထွက်ခဲ့သော ဗျာဒိတ်များကို ဟောရှေ တင်ဆက်ခဲ့သည်။ ၎င်းတို့သည် အဘယ်ကြောင့် ဣသရေလကို ဘုရားသခင် မှန်ကန်စွာ ဖျက်ဆီးခံစေသည် ဆိုသည့် အကြောင်းနှင့် အဘယ်ကြောင့် ယုဒအားလည်း တရားစီရင်ခံစေခဲ့သည် ဆိုသည့် အကြောင်းတို့ကို ရှင်းပြပေးသည်။ အဆိုပါ ပြင်းထန်ကြမ်းတမ်းသည့် ပကတိ အမှန်တရားများသည် ဟောရှေ စာစောင်ကို မူလ လက်ခံရရှိသူ ယုဒခေါင်းဆောင်များ၏ စိတ်နှလုံးများအား မုချ ကွဲပြတ်နာကျင်စေခဲ့ပါလိမ့်မည်။ အရာရာ ဆုံးရှုံးသွားကြပါပြီလော။ အရာရာ ပုံမှန်ပြန်ဖြစ်အောင် ဣသရေလ နှင့် ယုဒတို့ မလုပ်နိုင်ကြတော့ပြီလော။ အဆိုပါ မေးခွန်းတို့အား စာစောင်၏ တတိယအပိုင်းက

ဖြေဆိုပေးထားသည်။ သူ့အမှုဆောင်ကာလ တလျှောက် လက်ခံရရှိခဲ့သည့် နောက်ထပ် ဖွင့်ပြချက်စဉ် တစ်ခုကိုလည်း ဟောရှေ တင်ဆက်ခဲ့ပါသည်။ ဤအရာအား ဘုရားသခင့် ကောင်းချီးသို့ ပို့ရာ ဉာဏ်လမ်းကို တောင့်တသူတို့အတွက် သူလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

သူ့စာစောင်၏ အခြားအပိုင်းများကို ကျွန်ုပ်တို့ လေ့လာခဲ့ပုံအတိုင်း ဘုရားသခင်ပေးသော မျှော်လင့်ခြင်းနှင့် စပ်လျဉ်းသည့် ဖွင့်ပြမှုအကြောင်း ဟောရှေ တင်ပြထားချက်အား ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ကြပါမည်။ ၎င်း၏ မူလအဓိပ္ပာယ်ကိုလည်း ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ထို့နောက် ၎င်းအား ခရစ်ယာန် ရှုထောင့်မှ မည်သို့ လက်တွေ့အသုံးပြုမည် ဆိုသည်ကို ကြည့်ကြပါမည်။ သို့ဖြစ်လျှင် သူ့စာစောင်ကို ပထမ လက်ခံရရှိခဲ့သည့် ယုဒခေါင်းဆောင်များသို့ ဟောရှေ အပ်ပေးရန် မျှော်လင့်ခဲ့သော မူလ အဓိပ္ပာယ်သည် ဘာဖြစ်ခဲ့ပါသနည်း။

## မူလအဓိပ္ပါယ်

ဟောရှေသည် သူ့စာစောင် နောက်ဆုံးအပိုင်းထဲက ဗျာဒိတ်ဖွင့်ပြချက်တို့အား ယခုလို အကျဉ်းချုပ်ပေးခဲ့နိုင်ပါသည်။

> နောင်ကာလ ဘုရားသခင့် ကောင်းချီးများအတွက် မျှော်လင့်ချက်ကို သူ့လူမျိုးထံ ဘုရားသခင့် တုန့်ပြန်ချက်များထဲ တွေ့ရသော်လည်း အဆိုပါ ကောင်းချီးများသည် ကိုယ်တော်၏ တရားစီရင်ချက်များကို ဘုရားလူတို့က လျှောက်ပတ်စွာ တုန့်ပြန်သည့်အခါမှသာ ရောက်လာမည် ဖြစ်သည်။

အဆိုပါ အခန်းကြီးများထဲတွင် ရှုထောင့်အမြင် နှစ်ခုကို ထူထောင်ရန် သူ့အမှုတော် တလျှောက် ပေးခဲ့သည့် ဗျာဒိတ်တို့ကို ဟောရှေ စုစည်းထားသည်။  ပထမအားဖြင့်  သူ့လူမျိုး၏ ဒုစရိုက်များကို ဘုရားသခင် ကရုဏာထား တုန့်ပြန်နေမှုကြောင့် နောင်ကာလ ဘုရားသခင့် ကောင်းချီးများအတွက် မျှော်လင့်ချက် ရှိနေဆဲ ဖြစ်သည်။ သို့သော် ဒုတိယအားဖြင့်မူ ကိုယ်တော်၏ တရားစီရင်ချက်တို့ကို ဘုရားသခင့် လူတို့ တာဝန်သိစွာ တုန့်ပြန်သည့်အခါမှသာ နောင်ကာလ ကောင်းချီးများ ရောက်လာမည့်အကြောင်း ဟောရှေ ဗျာဒိတ်တို့က ရှင်းပြထားသည်။

တတိယအပိုင်းထဲက ဟောရှေ၏ မူလအဓိပ္ပာယ် မျက်နှာစာ  နှစ်ဖက်လုံးကို ကြည့်ကြပါစို့။ ပထမအားဖြင့် သူ့လူတို့၏ ဒုစရိုက်ကို ဘုရားသခင် တုန့်ပြန်ပုံများအား ကြည့်ကြပါမည်။ ဒုတိယအားဖြင့် ဘုရားသခင်ကို လူတို့ တုန့်ပြန်ပုံများအား ကြည့်ကြပါမည်။ အစပြုရပါလျှင် ဟောရှေသည် ယုဒခေါင်းဆောင်တို့အား သူ့လူတို့၏ ဒုစရိုက်အပေါ် ဘုရားသခင့် တုန့်ပြန်မှုများထဲက မည်သည့်အရာ သင်ယူစေလိုခဲ့သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင့် တုန့်ပြန်မှုများ

မျှော်လင့်ချက်အကြောင်း ဖွင့်ပြသည့် ဟောရှေ အခန်းကြီးများအား အဓိက ကဏ္ဍ ငါးခုအဖြစ် ခွဲခြားကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ ၉း၁၀-၁၂ ပါ ဣသရေလကို အသီးဖြင့် နှိုင်းယှဉ်ချက်သည် ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှု အကြောင်း ကနဦး ဗျာဒိတ်များ ရရှိချိန်တွင် ဟောရှေထံ ရောက်လာခဲ့သည်။ ၉း၁၃-၁၇ ပါ စိုက်ပျိုးသော အပင်နှင့် နှိုင်းယှဉ်ထားချက်၊ ၁၀း၁-၁၀ပါ အသီးများစွာသီးသော အပင်နှင့် နှိုင်းယှဉ်ချက် တို့သည်လည်း ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်မှု အကြောင်း ဗျာဒိတ်များ မှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ၁၀း၁၁-၁၅ ပါ နွားမပျိုနှင့် နှိုင်းယှဉ်ချက်၊ ၁၁း၁-၁၄း၈ ပါ ချစ်သောသားနှင့် နှိုင်းယှဉ်ချက်တို့သည်လည်း ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှုအကြောင်း ဗျာဒိတ်များကို ဟောရှေ ရချိန်တွင် အစပြုခဲ့သည်။

စာစောင်၏ ဤ အပိုင်းထဲတွင် အတော်ကလေး ထူးခြားမှတ်သားဖွယ်ကောင်းသည့် အရာတစ်ခုကို ကျွန်ုပ်တို့ တွေ့ရပါတော့မည်။ ဟောရှေသည် အဆိုပါ ကဏ္ဍတစ်ခုချင်းစီအား ကိုယ်တော်နှင့် ဣသရေလတို့၏ အတိတ်ကာလ ဆက်နွယ်မှုများအပေါ် ဘုရားသခင့် ပြန်ဆင်ခြင်မှုများနှင့် မိတ်ဆက်ပေးခဲ့သည်။ အဆိုပါ ဆင်ခြင်မှုများကလည်း ဣသရေလအား တရားစီရင်ချက်များနှင့် ကိုယ်တော် ခြိမ်းခြောက်နေစဉ်မှာပင် သူတို့ကို ဘုရားသခင် မည်သို့ ကျေးဇူးပြု တုန့်ပြန်ခဲ့ပြီးကြောင်း ဖော်ပြသည်။ ဘုရားသခင်သည် အမျက်တော်ထွက်ခြင်း၊ သနားခြင်း ကရုဏာပြခြင်းတို့ကို တစ်ပြိုင်နက် လုပ်ဆောင်ရန် မဖြစ်နိုင်ဟု ကျွန်ုပ်တို့ မကြာခဏ ထင်မြင်တတ်ပါသည်။ သို့သော် ဤယူဆချက် လုံးဝ မမှန်ကြောင်းပြသဖို့ စာစောင်၏ ဤအပိုင်းကို ဟောရှေ ပုံဖော်ခဲ့သည်။ ဘုရားသခင်သည် ဒဏ်စီရင်ချက်များကို ဖွင့်ပြခဲ့သည့်နည်းတူ ဣသရေလအပေါ် ထားရှိသည့် ကရုဏာတရားကိုလည်း ဖွင့်ပြခဲ့သည်။ ထို့ကြောင့် ဟောရှေကျမ်း ပထမ လက်ခံရရှိသူများသို့ သူတို့ခေတ်ကာလ တွေ့ကြုံရသော အခက်အခဲများအတွက် အခြားမည်သည့် အရာကမျှ အစားမထိုးပေးနိုင်သည့် ဉာဏ်ကို ဤမှန်ကန်မှုက ပေးအပ်သည်။

**အသီး** ၉း၁၀-၁၂ တွင် မြောက်ပိုင်းဣသရေလအား အသီးနှင့် ဘုရားသခင် နှိုင်းယှဉ်ထားပုံကို သုံးပြီး အဆိုပါ ရှုထောင့်အမြင်တို့ကို ဟောရှေ မိတ်ဆက်ခဲ့သည်။ ဣသရေလ၏ ဒုစရိုက်တို့ကို ဘုရားသခင် သနားကြည်ဖြူစွာ တုန့်ပြန်ခဲ့မှုများအား ဘုရားသခင်၏ အတိတ်အကြောင်း ပြန်ဆင်ခြင်မှုတို့က မည်သို့ သရုပ်ဖော်ခဲ့ကြောင်း အဆိုပါ ကျမ်းချက်များက ပြောပြနေကြသည်။ ဣသရေလအား "တော၌ စပျစ်သီးကဲ့သို့" ၄င်း၊ "အဦးဆုံးမှည့်သော သင်္ဘောသဖန်းသီး" ကဲ့သို့၎င်း ဖြစ်သည်ဟု ဘုရားသခင် ပြောဆိုထားရာ အခန်းငယ် ၁၀ ထဲတွင် ဣသရေလ အပေါ် ဘုရားသခင် ထားရှိသည့် မျက်နှာသာပေးမှုကို ကျွန်ုပ်တို့ တွေ့ရသည်။ တောကန္တာရကို ဖြတ်၍ မောရှေ ထုတ်ဆောင်လာသည့် ကာလ၌ ဣသရေလကို ကိုယ်တော် မည်သို့ စုံမက်ခဲ့သည် ဆိုသည့်အပေါ် ဘုရားသခင် ပြန်ဆင်ခြင်ခဲ့သည်။ ထို့ပြင် ဘီစီ ၇၃၂ အာရှုရိ ကျူးကျော်စစ်ကို ကိုယ်တော် ကြေညာခဲ့သော်ငြား အဆိုပါ ကျေးဇူးပြုလိုစိတ် မကုန်သေးကြောင်း ကိုယ်တော် ပြည့်ွှန်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆိုပါ ကျမ်းချက်တို့ကလည်း ဣသရေလအပေါ် ဘုရားသခင့် သည်းခံတော်မူခြင်းကို ပြနေသည်။ အခန်းငယ် ၁၀ တွင် ဣသရေလတို့ ရုပ်တုကိုးကွယ်မှုနှင့် မှားယွင်းမှုတို့သည် ကာလရှည်စွာကပင် စခဲ့ကြောင်း ဖော်ပြခဲ့သည်။ "သင်တို့ ဘိုးဘေးတို့သည် ဗာလပေဂုရ ဘုရားများ ထံသို့ သွားခဲ့ကြပြီး ထိုရှက်ဖွယ်သော အရာများထံသို့ ကိုယ်ကို အပ်နှံခဲ့ကြ၏" ဟု ကိုယ်တော် မိန့်ဆိုခဲ့သည်။ တောလည်ရာ အခန်းကြီး ၂၅ ထဲ၌ မောရှေကာလ ဣသရေလ အမျိုးသားတို့သည် ကတိတော်နယ်မြေသို့ ခရီးပြုနေစဉ်အတွင်း မောဘဘုရားတို့ကို ကိုးကွယ်ခဲ့ကြပြီး သားဖွားနတ် ကိုးကွယ်မှု ဓလေ့များအတိုင်း မောဘမိန်းမတို့နှင့် ဆက်ဆံခဲ့ကြောင်းကျွန်ုပ်တို့ ဖတ်ရသည်။ ထို့ကြောင့် ဣသရေလ ရုပ်တုကိုးကွယ်ခြင်းနှင့် မှားယွင်းခြင်းတို့သည် အသစ်အဆန်းတော့ မဟုတ်ခဲ့ပါ။ ဤအဖြစ်အပျက်ကို ပြန်သတိရခြင်းဖြင့် ဘုရားသခင်သည် ဣသရေလအပေါ် သားစဉ်မြေးဆက် အလွန်ပင် သည်းခံစိတ်ရှည်ခဲ့ပြီး ဖြစ်ကြောင်း ဘုရားသခင် ပြတော်မူခဲ့သည်။

**စိုက်ပျိုးသောအပင်** ၉း၁၃-၁၇ အတွင်း မြောက်ပိုင်းဣသရေလအား စိုက်ပျိုးသောအပင်နှင့် နောက်ထပ် နှိုင်းယှဉ်ပြချက်ကလည်း ဣသရေလတို့၏ ဒုစရိုက်များအပေါ် ဘုရားသခင့် သနားသဖြင့် တုန့်ပြန်ချက်များကို ဆွေးနွေးထားသည်။ ပထမဦးစွာ "ငြိမ်ဝပ်ရာ အရပ်၌ တည်သော အပင်နှင့် တူသည်" ဟု ဣသရေလကို ဘုရားသခင် မိန့်ဆိုရာ အခန်းငယ် ၁၃ တွင် ဣသရေလ အပေါ် ဘုရားသခင် ဆက်လက် ကျေးဇူးပြုနေဆဲ ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤ နှိုင်းယှဉ်ချက်သည် ကတိတော်နယ်မြေ၌ ဣသရေလ မျိုးနွယ်တို့ကို ဘုရားသခင် စိုက်ပျိုးခဲ့သည့် အတိတ်ကာလအပေါ် ဘုရားသခင့် ပြန်ပြောင်း ဆင်ခြင်မှုကို ဖော်ပြသည်။ တဖန် ဘီစီ ၇၃၂ တွင် အာရှုရိ ကျူးကျော်မှုအားဖြင့် ဆိုးရွားပြင်းထန်သော စီရင်ချက်များကို ဘုရားသခင် ခြိမ်းတော်မူစဉ်မှာပင် ဣသရေလအပေါ် မည်သို့ သဘောထားခဲ့ကြောင်း ကိုယ်တော်ပြန် အမှတ်ရခဲ့သည်။

ထိုမျှမက ဣသရေလအပေါ် ထားခဲ့သည့် ကိုယ်တော်၏ စိတ်ရှည်သည်းခံမှုအကြောင်းကိုလည်း ဘုရားသခင် ပြောဆိုခဲ့သည်။ အခန်းငယ် ၁၅ တွင် "ဂိလဂါလမြို့၌ သူတို့ပြုသမျှသော ဒုစရိုက်ရှိ၍ ထိုအရပ်၌ သူတို့ကို ငါမုန်း၏" ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။ ဤကျမ်းချက်သည် ၁ဓမ္မ ၁၃း၈-၁၄ ပါ ဘုရားသခင့် အမိန့်တော်ကို ဖီဆန်ပြီး ရှောလုမင်း ယဇ်ပူဇော်ခဲ့ရာ နေရာကို ရည်ညွှန်းသည်။ တဖန်ဆိုရလျှင် ဣသရေလကို အာရှုရိများ သိမ်းယူသွားစေရန် ဆုံးဖြတ်ချက်အား ဝတ်ပြုကိုးကွယ်မှု ဆိုင်ရာ ပညတ် ချိုးဖောက်မှုများကို မျိုးဆက်များစွာ ကြာသည့်တိုင် ဘုရားသခင် သနားသဖြင့် သည်းညည်းခံခဲ့ပြီး သည့်နောက်မှသာ ချခဲ့သည်။

**အသီးများစွာ သီးသော စပျစ်ပင်** ဟောရှေ အမှုတော်အတွင်း ဣသရေလအပေါ် ဘုရားသခင့် သနားသဖြင့် ကျေးဇူးပြုချက်များသည် ၁၀း၁-၁၀ ပါ အသီးများစွာ သီးသော စပျစ်ပင်နှင့် ဣသရေလကို ခိုင်းနှိုင်းသည့် အလားတူ ပုံစံများအရ ပေါ်လွင်နေသည်။ အခန်းငယ် ၁ တွင် "ဣသရေလသည် အသီးများစွာသီးသော စပျစ်နွယ်ပင် ဖြစ်၏။ သူတို့ပြည်ကောင်းသည့်အတိုင်း ရုပ်တုဆင်းတုတို့ကို လုပ်ကြသည်တကား" ဟူ၍ ပြောဆိုခြင်းဖြင့် ဣသရေလအပေါ် ဘုရားသခင် ဆက်လက်မျက်နှာသာပေးနေပုံကို ပြတော်မူခဲ့သည်။ ဘီစီ ၇၂၂ တွင် အာရှုရိ ကျူးကျော်မှုအားဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားစီရင်ရန် ဘုရားသခင် ဆုံးဖြတ်ခဲ့သည့်တိုင် ဣသရေလ၏ တိုးပွားကြီးထွားမှုအပေါ် မည်မျှ ချီးမွမ်းတော်မူခဲ့သည်ကိုလည်း ဘုရားသခင် ပြန် ဆင်ခြင်ခဲ့သည်။

တဖန် အတိတ်အပေါ် ဘုရားသခင့် ပြန်ပြောင်း ဆင်ခြင်မှုတို့က ဣသရေလ အပေါ် ကိုယ်တော် သည်းညည်းခံခဲ့ကြောင်း ပြသသည်။ အခန်းငယ် ၉ တွင် ရှေလုမင်းအုပ်စိုးကာလကို ဘုရားသခင် တဖန် ကိုးကားခဲ့ပြန်သည်။ "ဂိဗာမြို့လက်ထက်၌ (ဂိဗာမြို့သည် ရှောလုနိုင်ငံတော်၏ မင်းနေပြည်တော် အပြစ်ကြီးသည်ထက် ဣသရေလသည် အပြစ်သာ၍ ကြီး၏" ဟု ကိုယ်တော်မိန့်ဆိုခဲ့သည်။ ဘုရားသခင်သည် ဣသရေလ အမျိုးသား အစဉ် အဆက် သနားကြင်နာမှု ပြသပြီးသည့် နောက်မှသာလျှင် ဣသရေလကို စီရင်တော့မည် ဖြစ်သည်။

**ယဉ်သော နွားမပျို** ဤအရာပြီးသည့်နောက် ၁၀း၁၁-၁၅ တွင် ဣသရေလအား ယဉ်သောနွားမပျိုနှင့် ဘုရားသခင့် ခိုင်းနှိုင်းမှုဆီ ဟောရှေ လှည့်သွားသည်။ အဆိုပါ ကျမ်းချက်များအတွင်း ဣသရေလကို ဘုရားသခင့် တုန့်ပြန်မှုများသည် သူတို့အပေါ် ကိုယ်တော်ဆက်လက် မျက်နှာသာပေးနေကြောင်း ဖော်ပြသည်။ အခန်းငယ် ၁၁ ၏ ပထမ ကျမ်းဝက်အတွင်း "ဧဖရိမ်သည် ယဉ်၍ စပါးကို နင်းချင်သော နွားမပျို ဖြစ်သော်လည်း ငါသည် ထမ်းပိုးကို ထမ်းစေခဲ့သဖြင့်" ဟု ကိုယ်တော် မိန့်ဆိုခဲ့သည်။ သူတို့အား ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်စစ်ကြောင့် ဖြစ်ရသော ဆင်းရဲဒုက္ခများလက်သို့ ကိုယ်တော်အပ်ခဲ့စေကာမူ ဣသရေလသည် စိတ်အားတက်ကြွပြီး လုံ့လထုတ်သော နွားမပျိုအဖြစ် မည်သို့ ပြုမူခဲ့သည် ဆိုသည့်အပေါ် ဘုရားသခင်က စိတ်လိုလက်ရ ပြန်ဆင်ခြင်ခဲ့သည်။

"ဣသရေလသည် ဒုစရိုက်မျိုးစေ့ကို ကြဲလို၍ လယ်ထွန်သောကြောင့် အပြစ်စပါးကို ရိတ်ရကြ၏။ မုသာ အသီးအနှံကို သားစဉ်မြေးဆက် စားရကြ၏" ဟူ၍လည်း ဣသရေလအပေါ် သည်းညည်းခံမှုကို ဘုရားသခင် ပြသခဲ့သည်။ အဆိုပါ ဒုစရိုက်များကို နှစ်ပေါင်းများစွာ သည်းခံပြီးသည့် နောက်မှသာလျှင် ဘုရားသခင်က တရားစီရင်ခဲ့ခြင်း ဖြစ်သည်။

**ချစ်ခင်စုံမက်သောသား** နောက်ဆုံးအားဖြင့် ဟောရှေသည် ၁၁း၁-၁၄း၈ အတွင်း ဣသရေလအား ချစ်ခင်စုံမက်သောသားအဖြစ် ဘုရားသခင် ခိုင်းနှိုင်းကြောင်း အစီရင်ခံသောအားဖြင့် ဣသရေလတို့၏ ဒုစရိုက်များအား ဘုရားသခင်က သနားကြည်ဖြူစွာ တုန့်ပြန်ခဲ့မှုများအပေါ် မီးမောင်းထိုးပြခဲ့သည်။ တဖန် အတိတ်အကြောင်း ဘုရားသခင့် ပြန်ဆင်ခြင်မှုများထဲ၌ ဣသရေလအပေါ် ကိုယ်တော်ထားရှိသည့် မျက်နှာသာပေးမှုကို ကျွန်ုပ်တို့ တွေ့ရသည်။

၁၁း၁ တွင် "ဣသရေလသည် အသက်ငယ်သောအခါ ငါသည် ချစ်၍ ငါ့သားကို အဲဂုတ္တုပြည်မှ ခေါ်ခဲ့ပြီ" ဟူ၍ ဘုရားသခင် ပြန်အမှတ်ရခဲ့သည်။ ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှုအားဖြင့် မြောက်ပိုင်း ဣသရေလကို ဘုရားသခင် ဖျက်ဆီးတော့မည့်ဆဲဆဲ ဖြစ်သော်လည်း ဣသရေလအပေါ် ထားသော ဖခင်မေတ္တာကို ကိုယ်တော် အောက်မေ့ဆဲ ဖြစ်ခဲ့သည်။ ၁၁း၈ တွင် အလွန်ကြင်နာစွာဖြင့် ကိုယ်တော်က "အို ဧဖရိမ်၊ ငါသည် သင့်ကို အဘယ်သို့ စွန့်နိုင်မည်နည်း။ အို ဣသရေလ၊ သင့်ကို အဘယ်သို့ အပ်နှံနိုင်မည်နည်း။ ငါသည် နှလုံး ပြောင်းလဲ၍ အလွန်ကြင်နာသော စိတ်ရှိ၏" ဟု မိန့်ဆိုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကဏ္ဍတွင် ဣသရေလအပေါ် သည်းညည်းခံခဲ့ကြောင်း ကိုယ်တော်ဖွင့်ပြသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ရသည်။ ၁၁း၂ တွင်ရာစုနှစ်များစွာ တလျှောက် "သူတို့ (ဣသရေလအမျိုးသားများ) အား ခေါ်လေလေ၊ သူတို့သည် ထွက်သွားလေလေ ဖြစ်သည်" ဟု ဘုရားသခင် ဆန့်ကျင် ကန့်ကွက်ခဲ့သည်။ မြောက်ပိုင်းနိုင်ငံတော်အပေါ် သည်းခံစိတ်ရှည်မှုကို မည်မျှကာလအထိ ပြသခဲ့ပြီးပြီ ဆိုသည့်အပေါ် ကိုယ်တော် ပြန်ဆင်ခြင်ခဲ့သည်။

> ဟောရှေ ကျမ်း နောက်ဆုံးအပိုင်းအား ဂရုတစိုက် မကြည့်လျှင် ပထမ တစ်ကြိမ်တည်းနှင့် ရှာမတွေ့နိုင်သည့်ပုံစံ စီစဉ်ခင်းကျင်းထားသည်။ သို့သော် ဤနည်းသည် အခင်းအကျင်းကို နားလည်ဖို့ အကောင်းဆုံး ဖြစ်ကြောင်း၊ ဟောရှေက သူ့အမှုတော်အတွင်း ခြားနားသော အချိန်ကာလ အလိုက်ပေးခဲ့သည့် ပရောဖက်ပြုချက် တိုထွာမျိုးစုံ ရှိခဲ့သော်လည်း ၎င်းတို့အား ထိန်းကျောင်းနေသော ဥပမာ တင်စားချက် အလင်္ကာများအရ စီစဉ်ခင်းကျင်းထားကြောင်း အနက်ဖွင့်သူ အများက ပြောဆိုထားကြသည်။ အဆိုပါ ဥပမာ အလင်္ကာတို့ များစွာ ပါရှိနေကြသော်ငြား တစ်ခုစီ၌ တူညီချက် ရှိနေသည်။ ၎င်းတို့သည် ရှေးကာလ၌ အလွန်တရာ တန်ဖိုးထားခံရသော အရာများ ဖြစ်ကြသည်။ တောကန္တာရထဲတွင် သဖန်းသီးကို ရှာတွေ့ခြင်း သို့မဟုတ် အသီးသီးသောစပျစ်ပင်ကို ရှာတွေ့ခြင်း သို့မဟုတ် တိုးပွားနေသော စပျစ်ဥယျာဉ်ကို ရှာတွေ့ခြင်းလို၊ လယ်ထွန်ရန်အတွက် ခိုင်းနိုင်သော ထမ်းပိုးကျင့်ပြီးသား နွားမပျိုလို၊ အိမ်ထောင်စုတစ်ခုအတွက် သားယောက်ျားလို အရာမျိုးများ ဖြစ်ကြသည်။ ယင်းတို့သည် အလွန်တရာ တန်ဖိုးထားခံရသော အရာများ ဖြစ်ကြသည်။ ဘုရားသခင်က မြောက်ပိုင်း ဣသရေလအား ထိုအရာများနှင့် ခိုင်းနှိုင်းထားသည်။ အထူးသဖြင့် သားနှင့် နောက်ဆုံး ခိုင်းနှိုင်းရာ၌ "ငါသည် သွားတတ်သော အတတ်ကို ဧဖရိမ်အား လက်ဆွဲ၍ သွန်သင်၏။ သူ့ကို ငါစောင့်မ၏" ဟု မိန့်ဆိုထားသည်။ ချစ်တတ်သော ဖခင်တစ်ဦး အနေဖြင့် ဣသရေလအား ကိုယ်တော်ကို ချစ်ခင်တတ်စေခဲ့သည်။ ကိုယ်တော်လည်း သူတို့ကို ချစ်ခင်သည်။ သို့သော် သူတို့ ဆန့်ကျင် ပုန်ကန်မြဲ ဖြစ်ခဲ့သည်။ သူတို့ကို ကိုယ်တော် ပေးကမ်းလေလေ၊ ကိုယ်တော် ကျေးဇူးပြုလေလေ၊ ကိုယ်တော်ကို သူတို့ ပုန်ကန်ဆန့်ကျင်လေ ဖြစ်ခဲ့သည်။ သို့တစေ "အို ဣသရေလ၊ သင့်ကို အဘယ်သို့ အပ်နိုင်မည်နည်း၊ အို ဧဖရိမ်၊ ငါသည် သင့်ကို အဘယ်သို့ စွန့်နိုင်မည်နည်း၊ သင်တို့သည် ငါ့အဖို့ ထိုမျှလောက် တန်ဖိုးရှိသည်ဖြစ်၍ ငါအဘယ်သို့ လုပ်နိုင်မည်နည်း" ဟု ကိုယ်တော် မိန့်ဆိုသည်။ ထို့ကြောင့် ကိုယ်တော်၏ ဉာဏ်တော်အရ သူ့လူမျိုး၊ ပဋိညာဉ်ခံ လူမျိုးတော်၊ အမှန်စင်စစ် သူ၏ *တန်ဖိုးရှိလှသော* ပဋိညာဉ်ခံ လူမျိုးတော်ကို ဘုရားသခင် ဆုံးမသွန်သင်သည်မှာ မှန်ပါသည်။ သို့သော် သူ့ ပဋိညာဉ်ခံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူမျိုးတော်ကို သူမည်သည့်အခါမျှ လက်လျှော့မည် မဟုတ်သောကြောင့် နောင်တစ်ချိန်တွင် သူတို့သည် တနည်းနည်းဖြင့် နောင်တရ၍ ကိုယ်တော်၏ ကောင်းချီးများကို ခံစားရရှိကြလိမ့်မည် ဆိုသည့်အချက်ကို နားမလည်လျှင် အဆိုပါ ဥပမာ အလင်္ကာတို့က ပေးလိုသည့် အာဘော်နှင့် ကျွန်ုပ်တို့ လွဲကြရသည်။

**Dr Richard L. Pratt, Jr.**

ဣသရေလသို့ ဘုရားသခင် သနားသဖြင့် တုန့်ပြန်ခဲ့မှုများအကြောင်း ဗျာဒိတ်များအား ဟောရှေ ကနဦး ရစဉ် ရှိခဲ့သည့် ရည်ရွယ်ချက်အား သိနားလည်ရန် မခက်ခဲပါ။ သူ့အမှုတော်၏ ခြားနားသော အဆင့်များအတွင်း ဣသရေလအား နောင်တသို့ခေါ်ဆောင်ရန် ဘုရားသခင်သည် သူတို့အား မျက်နှာသာပေးခြင်းနှင့် သည်းညည်းခံခြင်းတို့ကို မည်သို့ ပြခဲ့ကြောင်း ဟောရှေ စောင့်ကြည့်ခဲ့ပြီး ဖြစ်သည်။ သို့သော် များသောအားဖြင့် သူတို့နားမထောင်ခဲ့ကြဘဲ ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်မြဲ ရှိခဲ့ကြသည်။ ထို့ကြောင့် မြောက်ပိုင်း နိုင်ငံတော်သည် ဘုရားသခင့် ကျိန်ခြင်း အောက်သို့ ပို၍ ပို၍သာ ကျရောက်ခဲ့တော့သည်။ သို့သော် ဘဝ တစ်လျှောက်လုံး ခြေလှမ်းတိုင်း၌ သူတို့အား ဘုရားသခင် ဆက်လက် ကျေးဇူးပြုဆဲ ဖြစ်ခဲ့သည်။

သို့ဖြစ်၍ ဟေဇကိလက်ထက် ယုဒခေါင်းဆောင်တို့ကို ဉာဏ်ပေးရန် ဟောရှေ ကျမ်းရေးသည့်အခါ တတိယအပိုင်းသည် ဣသရေလသို့ ဘုရားသခင့် တုန့်ပြန်ချက်များအပေါ် အာရုံ စိုက်ထားခဲ့သည်။ ဘုရားသခင်သည် မြောက်ပိုင်းနိုင်ငံတော်အား ကျွန်ဘဝသို့ ပို့ဆောင်ခဲ့သော်လည်း ကိုယ်တော်သည် ယုဒခေါင်းဆောင်တို့အား နောင်ကာလ ကောင်းချီးများကို မျှော်လင့်ရေး စေ့ဆော် တိုက်တွန်းလိုခဲ့သည်။ ဣသရေလတို့ ဆန့်ကျင်ပုန်ကန်ခဲ့သော်လည်း အတိတ်အပေါ် ဘုရားသခင့် ဆင်ခြင်စဉ်းစားချက်များက သူတို့အပေါ် ပြသသည့် မျက်နှာသာပေးမှု၊ သည်းညည်းခံမှုတို့အကြောင်းကို ဖွင့်ပြနေသည်။ သို့ဖြစ်၍ နောင်တစ်နေ့တွင် နိုင်ငံတော် နှစ်ခုတို့သည် ဒါဝိဒ်မင်းမျိုး၏ အုပ်စိုးမှုအောက်၌ သွေးစည်း ညီညွတ်ကြမည်ဖြစ်ကြောင်း၊ ဘုရားသခင်သည်လည်း နောင်ကာလ ကောင်းချီးများကို သူ့လူမျိုးတော် အပေါ် သွန်းလောင်းမည် ဖြစ်ကြောင်း ဤအရာက ယုဒအား မျှော်လင့်ချက် ပေးခဲ့သည်။

မိမိလူမျိုးတော်သို့ ဘုရားသခင်၏ သနားသဖြင့် တုန့်ပြန်မှုများကို အကြောင်းပြုပြီး ဟောရှေကျမ်း တတိယ အပိုင်း၏ မူလ အဓိပ္ပာယ်သည် ယုဒခေါင်းဆောင်တို့ မျှော်လင့်ချက်ရှိရေး မည်သို့ သွန်သင်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် နောင်ကာလ ကောင်းချီးများဆိုင်ရာ မျှော်လင့်ချက်သည် ဘုရားသခင့်ထံ လူ့ တုန့်ပြန်ချက်များအပေါ် မည်သို့တည်မှီနေကြောင်း စဉ်းစားကြည့်ကြပါစို့။

## လူ့ တုန့်ပြန်ချက်များ

တတိယပိုင်း ဖွင့်ပြချက်များကို ကျွန်ုပ်တို့ အကျဉ်းချုပ်ပါက ဤသို့ ရရှိသည်-



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောင်ကာလ ဘုရားသခင့်ကောင်းချီးများအတွက် မျှော်လင့်ရာသည် ကိုယ်တော်၏ တရားစီရင်ချက်များကို ဘုရားလူတို့ တာဝန်သိစွာ တုန့်ပြန်မှသာ ရောက်လာမည် ဖြစ်သည်။

ဟောရှေ အမှုတော် တလျှောက် မိမိလူတို့အပေါ် ဘုရားသခင့် ကျေးဇူးပြုလိုစိတ်သည် အနာဂတ် ဘုရားသခင့် ကောင်းချီးများအတွက် မျှော်လင့်ချက်ကို ပေးခဲ့သည်။ သို့သော် တစ်ချိန်တည်းမှာပင် ဟောရှေသည် လူ့တာဝန်ယူမှု ကဏ္ဍ အပိုင်း၏ အရေးပါပုံကိုလည်း လျော့မတွက်စေလိုခဲ့ပေ။ ဘုရားသခင်က သူ့ကျိန်ခြင်း အမင်္ဂလာတို့အား ပြန်ရုပ်သိမ်းပြီး နောင်ကာလ ကောင်းချီးများဆီသို့ သူ့လူများအား ခေါ်ဆောင်သည်ကို ယုဒခေါင်းဆောင်တို့ မြင်လိုပါက ဣသရေလလူတို့နှင့် ယုဒလူတို့ တစ်ခုခု လုပ်ဖို့ လိုအပ်သည်။ သူတို့ နောင်တရပြီး ဘုရားကို အစေခံသောအားဖြင့် အသက်ရှင်ရန် လိုအပ်သည်။

ကျွန်ုပ်တို့ သိကြသည့်အတိုင်း ဟောရှေကျမ်း ဤအပိုင်း၏ ကဏ္ဍ ငါးခုသည် သူ့အမှုဆောင် ကာလအတွင်း ခြားနားသော အဆင့်များဖြင့် ဟောရှေထံသို့ ပထမဆုံး ရောက်လာခဲ့သည်။ သို့သော် မြောက်ပိုင်း ဣသရေလ နိုင်ငံတော်သည် တောင်ပိုင်းထက် ပိုမိုစောစီးစွာ ဘုရားထံမှ ထွက်သွားသောကြောင့် ဤအပိုင်း၏ အစပိုင်းသည် ဘုရားသခင်ထံ ဣသရေလ၏ တုန့်ပြန်ချက်များပေါ် အဓိကအားဖြင့် အာရုံစိုက်ထားသည်။ အာခတ်နှင့် ဟေဇကိမင်းတို့ လက်ထက် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်မှုထဲ ယုဒ ကျဆင်းသွားခဲ့သည်မှာ မှန်ပါသည်။ ထို့ကြောင့် ယုဒပြည်အားလည်း နှိမ့်ချခြင်း၊ နောင်တရခြင်းတို့ဖြင့် ဘုရားသခင်ထံ တုန့်ပြန်ရန် ဆင့်ဆိုချက်များအား နောက်ပိုင်းတွင် ဟောရှေ ထပ်ဖြည့်ခဲ့သည်။

၉း၁၀-၁၂ အတွင်း ဣသရေလအား ဘုရားသခင်က အသီးနှင့် ခိုင်းနှိုင်းရာ၌ ဘုရားသခင်ကို သူတို့ ဆန့်ကျင်ပုန်ကန်ခဲ့သည့် သမိုင်းရှည်ကြီးကို သိမှတ်ဖို့ ဣသရေလအား ဟောရှေ တောင်းဆိုခဲ့သည်။ အစောပိုင်း ကျွန်ုပ်တို့ တွေ့ခဲ့သလို ဣသရေလ၏ "ဘိုးဘေးတို့သည် ဗာလပေဂုရ ဘုရားထံသို့ သွား၍ ထိုရှက်ဖွယ်သော အရာတို့အဖို့ ကိုယ်ကို အပ်နှံခဲ့ကြ၏" ဆိုသည့်အချက်ပေါ် အခန်းငယ် ၁၀က စူးစိုက် ထားသည်။ အတိတ်အကြောင်း ဘုရားသခင့် ဆင်ခြင်မှုက ကိုယ်တော်၏ သည်းညည်းခံမှုကို ဖွင့်ပြသည်။ သို့သော် မိမိဘဝအတွက် ဣသရေလ သင်ယူစရာတစ်ခုကိုလည်း ဟောရှေ အလေးပေးဖော်ပြခဲ့သည်။ ဘုရားကို သူတို့ လတ်တလော ဆန့်ကျင်ပုန်ကန်မှုသည် အဆက်အစပ်ကင်းသော အဖြစ်အပျက် တစ်ခု မဟုတ်ခဲ့ပါ။ ၎င်းနှင့် ခြားနားစွာပင် သူတို့ဘိုးဘေးတို့သည် ရုပ်တုကိုးကွယ်ခြင်းနှင့် သားဖွားနတ်ကိုးကွယ်ခြင်းတို့အား သားမြေး အစဉ် အဆက် ကျင့်ဆောင်ခဲ့ခြင်းဖြင့် သူတို့အပေါ်သို့ ဘုရားသခင့် အမျက်တော်ကို သိုထားခဲ့ပြီး ဖြစ်ကြောင်း ဣသရေလတို့ ဝန်ခံသိမှတ်ရန် ရှိခဲ့သည်။

၉း၁၃-၁၇ ပါ အသီးသီးသော အပင်နှင့် ဣသရေလကို ဘုရားသခင် ခိုင်းနှိုင်းချက်သည် သူတို့၏ အတိတ်အကြောင်းကို သိမှတ် ဝန်ခံရေးအတွက် ဣသရေလကို သာ၍ပင် စိမ်ခေါ်နေခဲ့သည်။ ၉း၁၅ တွင် ရှောလုအုပ်စိုးကာလ အတွင်း ဂိလဂါလမြို့၌ "သူတို့ကို ကိုယ်တော် စတင်မုန်းတီးခဲ့ကြောင်း"



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင် ပြည့်စုံခဲ့သည်။ ရှင်းနေသည်မှာ မြောက်ပိုင်း မျိုးနွယ်တို့သည် သူတို့ဘိုးဘေးများ၏ ဒုစရိုက်များထံမှ ဘယ်သောအခါကမျှ လှည့်မလာခဲ့ဖူးပါ။ ၉း၁၇ တွင် "သူတို့သည် စကားတော်ကို နားမထောင်ကြ" ဟု ဟောရှေ ဆိုခဲ့သည်။ ဘုရားသခင့် သတိပေးချက်များကို နာခံရန် အကြိမ်ကြိမ် ဣသရေလ ငြင်းပယ်ခြင်းသည် ကိုယ်တော်၏ ရှေ့မှောက် သူတို့ ဒုစရိုက်ကို ကြီးကျယ်လာစေခဲ့သည်။

၁၀း၁-၁၀ အတွင်း ဣသရေလကို အသီးများစွာသီးသော စပျစ်နွယ်ပင်နှင့် ဘုရားသခင် ခိုင်းနှိုင်းမှုပြုရာ၌ အတိတ်အပေါ် နောင်တရရေး အလားတူ စူးစိုက်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ၁၀း၉ တွင် ဣသရေလ၏ ဒုစရိုက်သည် ရှောလုမင်း အချိန်လောက်ထိပင် နောက်ပြန်မီနေကြောင်း ဘုရားသခင် ကြေညာခဲ့သည်။ အစောပိုင်း ကျွန်ုပ်တို့ ဖတ်ခဲ့သလို "ဂိဗာမြို့လက်ထက်ကတည်းက သင်တို့ ဒုစရိုက်ပြုခဲ့ကြပြီ၊ အို ဣသရေလ" ဟူ၍ ဘုရားသခင် သူတို့အား မိန့်ဆိုခဲ့သည်။ သို့သော် ဘုရားသခင့်ရှေ့တော်၌ သူတို့ကိုယ်သူတို့ နှိမ့်ချခဲ့ကြကြောင်း သူတို့ ပြောဆိုလင့်ကစား "သူတို့၌ စိတ်နှစ်ခွရှိကြောင်း" အခန်းငယ် ၂ တွင် ဟောရှေ ပြည့်စုံခဲ့သည်။ တဖန် အခန်းငယ် ၄ တွင် "သူတို့ကျိန်ဆိုသော စကားသည် စကားသက်သက် ဖြစ်၍ မိတ်သဟာယဖွဲ့သောအခါ မုသာစကားကိုသာ ပြောတတ်ကြ၏" ဟု ဘုရားသခင် မိန့်ဆိုခဲ့သည်။

၁၀း၁၁-၁၅ ၌ မြောက်ပိုင်း နိုင်ငံတော်ကို ယဉ်သောနွားမပျိုနှင့် ဘုရားသခင်ခိုင်းနှိုင်းရာတွင်လည်း ဣသရေလသည် မိမိတို့အပြစ်ကို ဝန်ခံသိမှတ်ရန်လိုကြောင်း ဘုရားသခင် ထပ်မံ အတည်ပြုခဲ့သည်။ အခန်းငယ် ၁၃ ၌ "သင်တို့သည် ဒုစရိုက်မျိုးစေ့ကို ကြဲလို၍ လယ်ထွန်သောကြောင့် အပြစ်စပါးကို ရိတ်ရကြ၏။ မုသားအသီးအနှံကို စားရကြ၏။ အကြောင်းမူကား ကိုယ်ကြံစည်ပြုမူခြင်းကိုငှင်း၊ ကိုယ်၌ များစွာသော သူရဲတို့ကိုငှင်း ကိုးစားတတ်၏" ဟု မိန့်ဆိုခြင်းဖြင့် ဣသရေလ၌ ဆန့်ကျင်ပုန်ကန်မှု သမိုင်းရှည်ကြီး ရှိခဲ့ပြီး အတိတ်အပေါ် နောင်တရရန် ပျက်ကွက်ခဲ့ကြောင်း ဘုရားသခင် စွပ်စွဲခဲ့သည်။

ယခုတွင် ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသလို ဤအပိုင်းကဏ္ဍသည် ယုဒပြည်ကို အာခတ်မင်းအုပ်စိုးမှု စတင်ပြီးနောက် ဘီစီ ၇၂၂ အာရှုရိ ကျူးကျော်မှု အကြောင်း ဟောရှေ ဗျာဒိတ်ပြုချိန်လောက်တွင် အများဆုံး စတင်ခဲ့ဖွယ် ရှိသည်။ အာခတ်သည် သူ့ရှေ့က ရှင်ဘုရင်များနှင့်မတူဘဲ ဘုရားကို ဆန့်ကျင်ပုန်ကန်မှုထဲ ယုဒပြည်အား ခေါ်ဆောင်သွားခဲ့သည်။ ထို့ကြောင့် ဤနေရာတွင် ဘုရားသခင်ထံ *ဣသရေလ၏* တုန့်ပြန်ချက်ကို ဆွေးနွေးခြင်းသာမက *ယုဒ၏* တုန့်ပြန်ချက်ကိုပါ ဟောရှေ ဆွေးနွေးခဲ့သည်။ သို့သော် ဣသရေလနှင့် ခြားနားစွာပင် ယုဒ၌ ဘုရားကို ဆန့်ကျင်ပုန်ကန်ခဲ့သည့် အတိတ် သမိုင်းရှည် မရှိခဲ့ပေ။ ထို့ကြောင့် ဟောရှေက သူတို့၏ လတ်တလော အခြေအနေများအတွင်း ယုဒ၏ တုန့်ပြန်ချက်အပေါ် စူးစိုက်ခဲ့ခြင်း ဖြစ်သည်။ ၁၀း၁၁-၁၂ တွင်

> ယုဒသည် ထွန်လျက်၊ ယာကုပ်သည် မြေစိုင်ကို ခွဲလျက် ရှိရလိမ့်မည်။ ကိုယ်အဖို့ ဖြောင့်မတ်ခြင်းမျိုးစေ့ကို ကြဲ၍ ကရုဏာတော် အသီးအနှံကို ရိတ်ကြလော့။ မလုပ်သေးသောလယ်ကို ထွန်ကြလော့။ ထာဝရ ဘုရားသည် ကြွလာ၍ သင်တို့အပေါ်သို့ ဖြောင့်မတ်ခြင်းမိုးကို ရွာစေတော်မမူမီတိုင်အောင် ကိုယ်တော်ကို ရှာရသောအချိန် ရောက်လေပြီ ဟု ကျွန်ုပ်တို့ ဖတ်ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျရှုံးခဲ့သော သမိုင်းရှည်ကြီးအတွက် နောင်တရဖို့ ယုဒကို တောင်းဆိုမည့်အစား *ထိုအချိန်က လတ်တလော ဖြစ်ပျက်နေဆဲ* အရာကိုသာ အာရုံစိုက်ဖို့ ယုဒကို ဟောရှေ တိုက်တွန်းခဲ့သည်။ သူတို့သည် အာခတ်၏ ဒုစရိုက် လမ်းစဉ်မှ လှည့်လာကြရမည် ဖြစ်သည်။ သူတို့သည် ဖြောင့်မတ်ခြင်းမျိုးစေ့ကို ကြဲပြီး ကရုဏာ အသီးအနှံကို ရိတ်သိမ်းရကြမည် ဖြစ်သည်။ သူတို့သည် (သူတို့၏) "မြေစိုင်" (ဝါ) မစိုက်သေးသော "မြေရိုင်း" ကို ခွဲကြရမည် ဖြစ်သည်။ အဘယ်ကြောင့်ပါနည်း။ အာရှုရိ ခြိမ်းခြောက်မှုသည် သူတို့အတွက်လည်း ဖြစ်သည့်နည်းတူ ယုဒလူတို့ ဘုရားကို ရှာရန် အချိန်လည်း ဖြစ်ပေသည်။ ဒုစရိုက်လမ်းမှ သူတို့ လွဲရှောင်လျှင် ယုဒအတွက် နေ့သစ် ရောက်လာပေလိမ့်မည်။ ဘုရားသခင်သည် "ကြွလာတော်မူ၍ သူတို့အပေါ် ဖြောင့်မတ်ခြင်းမိုးကို ရွာသွန်းပေးလိမ့်မည် ဖြစ်သည်"။ အဆိုပါ စကားများအားဖြင့် ဒါဝိဒ်မင်းမျိုး အုပ်စိုးမှုအောက် ဣသရေလ နှင့် ယုဒတို့ သွေးစည်းညီညွတ်ချိန် နောင်ကာလ ကောင်းချီးများကို ဟောရှေ ရည်ညွှန်းဖော်ပြခဲ့သည်။ သို့သော် နောင်တ မရမချင်း ယုဒနိုင်ငံတော်သည် မိမိပြုရမည့် ကဏ္ဍကို မစတင်နိုင်သေးသလို ဘုရားသခင့် ဖြောင့်မတ်ခြင်းသည်လည်း သူတို့အပေါ် မသွန်းလောင်းနိုင်သေးပေ။

အဆုံးသတ်အားဖြင့် ၁၁း၁-၁၄ ပါ ဣသရေလအား ချစ်နှစ်သက်သောသားနှင့် ဘုရားသခင့် ခိုင်းနှိုင်းချက်သည် အတိတ်ကာလ ကျရှုံးခဲ့မှုများကို ဣသရေလ ဝန်ခံသိမှတ်ရန် လိုအပ်ကြောင်း အထိရောက်ဆုံး ရှင်းပြချက် ဖြစ်သည်။ တဖန် ဘုရားသခင်က သူတို့၏ ဆန့်ကျင်ပုန်ကန်မှု သမိုင်းရှည်အရ သူတို့နှင့် ထိပ်တိုက်တွေ့ခဲ့သည်။ မောရှေကာလကတည်းက သူ့သားအဖြစ် သူတို့ကို ကိုယ်တော် ဆက်ဆံခဲ့သည်။ သို့သော် ၁၁း၂ တွင် "သူတို့ကို ခေါ်သောသူတို့ထံမှ ထွက်သွားကြ၏။ ဗာလဘုရားတို့အား ယဇ်ပူဇော်၍ ရုပ်တု ဆင်းတုတို့အား နံ့သာပေါင်းကို မီးရှို့ကြ၏" ဟူ၍ ဘုရားသခင် အလေးအနက် ဆင်ခြင်ခဲ့သည်။ အခန်းငယ် ၇ တွင် "ငါ့လူတို့သည် ငါ့ထံမှ လွှဲမြဲလွှဲကြ၏။ အမြင့်ဆုံးသော ဘုရားထံသို့ ခေါ်သော်လည်း ထိုဘုရားကို အဘယ်သူမျှ မချီးမြှောက်လို" ဟု ဘုရားသခင် ကောက်ချက်ချရသည့်တိုင် ဣသရေလသည် ရာစုနှစ်များစွာ ခေါင်းမာခဲ့သည်။ ဣသရေလသည် အလွန်ပင် ယိုယွင်းခဲ့ရကား သနားခြင်း ကရုဏာအတွက် ဟန်ဆောင်အော်ဟစ်သံများကို ဘုရားသခင် လက်မခံခဲ့တော့ပေ။ ဣသရေလ သည် ဆက်လက်ကျွန်ခံနေရစဉ် မြောက်ပိုင်း မျိုးနွယ်တို့သည် သူတို့ဘိုးဘေးများ၏ မရိုးမဖြောင့်သော ဟန်ဆောင် အရေခြုံ ကိုင်းရှိုင်းမှုများကို စွန့်ပစ်ခဲ့ရမည် ဖြစ်သည်။ သူတို့၏ ဒုစရိုက်များအပေါ် နှလုံးသားပါလျက် နောင်တရဖို့ သူတို့ကို ဘုရားသခင် တောင်းဆိုခဲ့သည်။ သို့သော် နောင်ကာလ ကောင်းချီးများ သူတို့ထံ ရောက်လာဖို့ ရှိနေဆဲ ဖြစ်ကြောင်းကိုလည်း ဣသရေလအား ဘုရားသခင် စိတ်ချမှုပေးခဲ့သည်။ အခန်းငယ် ၁၁ တွင် "သူတို့သည် စာငှက် ကဲ့သို့ အဲဂုတ္တုပြည်မှရင်း၊ ချိုးကဲ့သို့ အာရှုရိ ပြည်မှရင်း အလျင်အမြန်ပြေးကြ၍ သူတို့ကို နေရင်းအရပ်၌ ငါနေရာချမည်ဟု ထာဝရ ဘုရား မိန့်တော်မူ၏" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။

ဤနောက်ဆုံး အပိုင်းထဲ၌ သူတို့၏ လတ်တလော အခြေအနေများ အတွင်း ဘုရားသခင့်ထံ တုန့်ပြန်ချက်ကိုလည်း ဖော်ပြထားသည်။ ၁၁း၁၂ တွင် "ယုဒသည်လည်း ဘုရားသခင့်ထံ၊ သန့်ရှင်း၍ သစ္စာစောင့်သော ဘုရားသခင့်ထံမှ လွှဲ၍ လှည့်လည်တတ်၏" ဟု ဘုရားသခင့် ကြေညာခဲ့သည်။ အကြောင်းမလှစွာပင် ဤကျမ်းချက်ပါ ဟေဗြဲစကားများကို ဘာသာပြန်ရာတွင် အခက်အခဲ ရှိနေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းအား ယုဒကို အတည်ပြုသော ဘုရားစကား အဖြစ် ပြန်ဆိုနိုင်သလို ဆန့်ကျင်ဖက်အနေနှင့် ယုဒကို စီရင်သော စကားအဖြစ်လည်း ပြန်ဆိုနိုင်သည်။ သို့သော် ဤကျမ်းချက်အား ဟောရှေကျမ်း အဆုံးပိုင်း၌ ထည့်သွင်းထားပုံအရ စီရင်ချက် ဖြစ်ဖို့ များသည်။ ရှမာရိ ကျဆုံးခန်း နီးကပ်လာသည်နှင့်အမျှ ယုဒသည်လည်း ဣသရေလ နည်းတူ ပိုမိုဆန့်ကျင် ပုန်ကန်လာခဲ့သည်။ ၁၂း၂-၆ အရ ဟောရှေ တတိယပိုင်း အတွင်း ယုဒအကြောင်း နောက်ဆုံးနှင့် အရှည်လျားဆုံး ဗျာဒိတ်ကို နားထောင်ကြည့်ပါ။

> ထာဝရ ဘုရားသည် ယုဒအမျိုးနှင့်လည်း တရားတွေ့မှု ရှိတော်မူ၏။ ယာကုပ်၏ အကျင့်တို့ကို စစ်ကြော၍ သူပြုမူသည်နှင့်အညီ အပြစ်ပေးတော်မူမည်။ ယာကုပ်သည် အမိဝမ်း၌ အစ်ကို၏ ဖနောင့်ကို ကိုင်၏။ ခွန်အားကြီး၍ ဘုရားသခင်နှင့် ပြိုင်လေ၏။ ကောင်းကင်တမန်နှင့် ပြိုင်၍ နိုင်လေ၏။ ငို၍ တောင်းပန်နှင့်ပြီ။ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရ ဘုရားကို ဗေသလမြို့မှာ ဖူးတွေ့၍ ငါတို့အဖို့ ဗျာဒိတ်တော်ကို ခံလေ၏။ ထာဝရ ဘုရားတည်းဟူသော နာမသည် ထိုဘုရားသခင်၏ ဘွဲ့နာမတော်ဖြစ်၏။ "သို့ဖြစ်၍ သင်၏ ဘုရားသခင့်ထံတော်သို့ ပြန်လာလော့။ ကရုဏာတရား၊ ဖြောင့်မတ်ခြင်းတရားကို စောင့်ရှောက်၍ သင်၏ ဘုရားသခင်ကို အစဉ်မပြတ်မျှော်လင့်လော့"။

ဤကျမ်းပိုဒ်ထဲတွင် ကမ္ဘာဦးကျမ်း အခန်းကြီး ၂၅-၃၆ ထဲက ယာကုပ်အသက်တာ ဇာတ်ကြောင်းအပေါ် ပြန်ဆင်ခြင်ဖို့ ယုဒကို ဘုရားသခင် မိန့်ဆိုခဲ့သည်။ သူ့အစ်ကို ဖနောင့်ကို ကိုင်ချိန်သည် ယာကုပ် ဒုစရိုက် ပြုချိန်ဖြစ်ကြောင်း သူ့ဗျာဒိတ်တွင် မှတ်သားခဲ့သည်။ သို့သော် ယာကုပ်သည် ဘုရားသခင်နှင့်၎င်း၊ ကောင်းကင်တမန်နှင့်၎င်း ပေနွေလ အရပ်တွင် ပြိုင်ဆိုင်ခဲ့သည်။ ထိုအရပ်တွင် ယာကုပ်ငို၍ ဘုရားမျက်နှာသာပေးမှုကို ရှာခဲ့ပြီး ဆန္ဒပြည့်ခဲ့သည်။ နှိုင်းယှဉ်ချက်အရ ယုဒသည်လည်း အပြစ်အပေါ် ငိုကြွေးပြီး ဘုရားသခင့် မျက်နှာကို ရှာဖို့ ဟောရှေ တိုက်တွန်းခြင်း ဖြစ်သည်။ သို့ဆိုပါက ယာကုပ်ရမည့် အကျိုးရလာဒ်သည် အဘယ်နည်း။ ဗေသလတွင် ဘုရားသခင်ကို သူ ဖူးတွေ့ပြီးနောက် ဘုရားသခင်သည် "ကောင်းကင် ဗိုလ်ခြေအရှင်၊ ဘုရားသခင် ထာဝရ ဘုရား" ဟူ၍ ဘွဲ့နာမတော်ရှိပြီး ကောင်းကင် ဗိုလ်ခြေတပ်တော်ကြီး၏ ဥသျှောင်အဖြစ် ရည်ညွှန်းကြောင်း အသစ်တဖန် သင်ယူခွင့်ရခဲ့သည်။ ဟောရှေကလည်း ယာကုပ်ဇာတ်ကြောင်းကို ယုဒပြည်အတွက် ချိတ်ဆက် အသုံးပြုခဲ့သည်။ ယုဒသည်လည်း အာရှုရိ နှင့် ဘာဗုလုန်၊ မည်သည့် ရန်သူကိုပင် ဖြစ်စေ ရင်ဆိုင်ရချိန်၌ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရ ဘုရား၏ မျက်နှာသာပေးမှုကို ရနိုင်သည်။ အကယ်၍ "ဘုရားသခင့် မစမှုအားဖြင့်" သူတို့ "ပြန်လာ" သို့မဟုတ် နောင်တရပြီး "ကရုဏာနှင့် တရားမျှတမှုတို့၌ မြဲမြံမည်၊ ဘုရားသခင်ကို အစဉ် မျှော်လင့်မည် ဆိုပါက" ဘုရားသခင်နှင့်တကွ ကောင်းကင်ဗိုလ်ခြေတို့က သူတို့ကိုယ်စား ကြားဝင်ဖြေရှင်းပေးသည်ကို သူတို့ တွေ့ကြရမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ်ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့စာစောင် ဆုံးကာနီးတွင် ယုဒနှင့် စပ်လျဉ်းသော အဆိုပါ စကားများအား အဘယ်ကြောင့် ဟောရှေ ထည့်သွင်းခဲ့သည်ကို သိရန် မခက်ခဲပါ။ သင်ပြန်အမှတ်ရမိမှာဖြစ်သလိုပင်အာရှုရိ ခြိမ်းခြောက်မှုကို ယုဒ ကြုံနေစဉ်အတွင်း သို့မဟုတ် ဘီစီ ၇၀၁ သနာခရိပ် ကျူးကျော်မှု ရောက်လာကာနီးဆဲဆဲ၌ ဤစာစောင်ကို သူရေးခဲ့သည်။ သို့တည်းမဟုတ် ဟေရှာယ ၃၉း၆ အရ ဘာဗုလုန် ခြိမ်းခြောက်မှုကို ယုဒ ကြုံနေချိန်၊ ဘီစီ ၇၀၁ သနာခရိပ် ကျူးကျော်ပြီးစအချိန် သူရေးခဲ့သည်။ မည်သည့်အချိန် ဖြစ်ပါစေ၊ ဘုရားသခင့် မစမှုအား ယုဒတို့ အကြီးအကျယ် လိုအပ်နေချိန် ဖြစ်သည်။ သူတို့ရန်သူကို တိုက်ပေးမည့် ဘုရားသခင် ဦးဆောင်သည့် ကောင်းကင်ဗိုလ်ခြေတပ်တော်ကြီးကို သူတို့ မြင်လိုပါက နှိမ့်ချမှု၊ နောင်တတို့ဖြင့် သူတို့ တုန့်ပြန်ရန် လိုအပ်သည်။ အစောပိုင်းကာလများအတွင်း သူတို့ဘ၀သည် ယာကုပ်ကဲ့သို့ ဖြစ်ခဲ့ဖူးကြောင်း၊ နောက်ပိုင်းကာလများတွင် ယာကုပ်ကဲ့သို့ ဖြစ်လာရမည် ဖြစ်ကြောင်း သူတို့ ဝန်ခံသိမှတ်ရန် လိုသည်။ ထိုသို့ဖြစ်ပြီးသည့် နောက်မှသာလျှင် ယုဒသည် မြောက်ပိုင်း ဣသရေလ နိုင်ငံတော်အတွက် နောင်ကာလ ဘုရား ကောင်းချီးများ စီးဆင်းရာလမ်းကြောင်း ဖြစ်လာနိုင်ပေသည်။

သို့သော် ယုဒပြည် နောင်တရရေး ဟောရှေ မေတ္တာရပ်ခံနေသလောက် ကျွန်ဘ၀ထဲ ကျပြီးသည့် မြောက်ပိုင်း မျိုးနွယ်များအတွက် ယုဒခေါင်းဆောင်တို့၌ မျှော်လင့်ချက်ရှိရန် လိုအပ်သေးကြောင်းကိုလည်း ဟောရှေ သိထားဆဲ ဖြစ်သည်။ ဣသရေလနှင့် ယုဒတို့ ပြန်ပေါင်းစည်း၍ ဒါဝိဒ်မင်းမျိုးကို တညီတညွတ် ဝန်ခံပြီးမှသာလျှင် ဘုရားသခင့် ကောင်းချီးများ ရောက်လာမည်ကို သူ့စာစောင် ပထမပိုင်းထဲ ဟောရှေ ရှင်းပြထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဣသရေလတို့ ဘုရားသခင်ထံ ပြန်လာမှသာ ယုဒသည်လည်း နောင်ကာလ ကောင်းချီးများကို မျှော်လင့်နိုင်ပေလိမ့်မည်။ ဤအကြောင်းကြောင့် ၁၄း၁-၈ အတွင်း ဣသရေလတို့ နောင်တရရေး ရှည်လျားသော တိုက်တွန်းချက်ဖြင့်သူ့စာစောင် နောက်ဆုံးကဏ္ဍကို ဟောရှေ အပြီးသတ်ထားသည်။ ၁၄း၁-၃ ကို နားထောင်ကြည့်ပါ။

> အို ဣသရေလ၊ သင်သည် ကိုယ်ပြုသော ဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်း ရှိသောကြောင့် သင်၏ ဘုရားသခင် ထာဝရ ဘုရားထံတော်သို့ ပြန်လော့။ ပဌနာစကားကို ပြင်ဆင်၍ ထာဝရ ဘုရားထံတော်သို့ ပြန်လျက် "အကျွန်ုပ်တို့၌ ရှိသမျှသော အပြစ်တို့ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူးပြု၍ လက်ခံတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်နှုတ်ခမ်းတည်း ဟူသော နွားသငယ်တို့ကို ပူဇော်ပါမည်။ အာရှုရိ မင်းသည် အကျွန်ုပ်တို့ကို မကယ်တင်ရ။ အကျွန်ုပ်တို့သည် မြင်းစီးသူရဲ မလုပ်ပါ။ ကိုယ်လက်ဖြင့် လုပ်သော အရာတို့အား ကိုယ်တော်တို့သည် အကျွန်ုပ်တို့၏ 'ဘုရားသခင်' ဖြစ်ပါ၏ ဟု နောက်တဖန် မဆိုပါ။ အကြောင်းမူကား မိဘမရှိသောသူတို့သည် ကိုယ်တော်ထံလာ၍ ကရုဏာကျေးဇူးကို ခံတတ်ကြပါ၏" ဟု လျှောက်ကြလော့ (ဟောရှေ ၁၄း၁-၃)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စင်စစ် ဟောရှေသည် မြောက်ပိုင်း ဣသရေလ အမျိုးသားတို့အား သူနှင့်အတူ ယုဒပြည်ထဲ နေထိုင်နေသည် ဖြစ်စေ၊ အခြားသော နယ်မြေများထဲ ပြန့်ကျဲနေသည် ဖြစ်စေ "သင့်ဘုရားသခင်ထံသို့ ပြန်လာလော့" ဟု တိုက်တွန်းခဲ့သည်။ မည်သို့ လုပ်ရမည်ကို သူတို့သိကြောင်း သေချာရန်အတွက် နောင်တရနည်းကိုပါ သူတို့ကို ပေးခဲ့သည်။ "အကျွန်ုပ်တို့၌ ရှိသမျှသော အပြစ်တို့ကို ပယ်ရှင်းတော်မူပါ" ဟု ဘုရားသခင်ကို သူတို့ လျှောက်ကြရမည် ဖြစ်သည်။ ကျေးဇူးပြု၍ လက်ခံတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်နှုတ်ခမ်းတည်း ဟူသော နွားသငယ်တို့ကို ပူဇော်ပါမည်ဟု ဘုရားသခင်ကို တောင်းပန်ကြရမည် ဖြစ်သည်။ အာရှုရိနှင့် စစ်မြင်းများ၊ စစ်သူရဲများ၌ မျှော်လင့်အားကိုးခြင်းကို သူတို့ ရှောင်ရှားကြရမည် ဖြစ်သည်။ ရုပ်တုကိုးကွယ်မှုကို ငြင်းပယ်ပြီး ရုပ်တုကို "အကျွန်ုပ်တို့ဘုရား" ပါဟု မည်သည့်အခါမျှ မဆိုရတော့ပါ။ သူတို့၏ ဖြူစင်သော နောင်တကို ဘုရားသခင် မည်သို့ တုန့်ပြန်ပါမည်နည်း။ ၁၄း၇ တွင် ဘုရားသခင်က

> သူတို့သည် ပြန်လာ၍ ငါ၏ အရိပ်အောက်တွင် နေကြလိမ့်မည်။ သူတို့သည် စပျစ်နွယ်ပင်ကဲ့သို့ တိုးပွား၍ လေဗနုန် စပျစ်ရည်ကဲ့သို့ ကျော်စောကြလိမ့်မည် ဟု မိန့်ဆိုခဲ့သည်။

ဤနည်းအတိုင်း ဣသရေလ အမျိုးသားများ မိမိတို့ကိုယ်မိမိတို့ နှိမ့်ချခဲ့သည့်အခါ ကောင်းချီးများ သွန်းလောင်းဖို့ ဘုရားသခင် ကတိရှိတော်မူခဲ့သည်။

မျှော်လင့်ခြင်းအကြောင်း ဖွင့်ပြခြင်းနှင့် ဆိုင်သည့် ဟောရှေ ဗျာဒိတ်များနှင့် နီးနွယ်သော မူလအဓိပ္ပာယ်သည် ဘုရားသခင့် သနားသဖြင့် တုန့်ပြန်မှုများ အကြောင်းနှင့် ဣသရေလ၊ ယုဒတို့ ထံမှ ဘုရားသခင် တောင်းဆိုသည့် တုန့်ပြန်မှုများအကြောင်း ထိုးထွင်းအမြင် များစွာကို ဖော်ပြပေးသည်။ ယခုတွင် ဤအပိုင်းအား ယနေ့ကာလအတွက် မည်သို့ လက်တွေ့ကျင့်သုံးမည်ကို ကြည့်ကြပါစို့။ ဤအပိုင်းထဲက ဟောရှေ ဗျာဒိတ်တို့သည် ယနေ့ကာလ ကျွန်ုပ်တို့အပေါ် မည်သို့ အကျိုးဖြစ်ထွန်းစေသင့်ပါသနည်း။

## ယနေ့ကာလလက်တွေ့ကျင့်သုံးမှု

စာစောင်၏ တတိယ အပိုင်းထဲ၌ ဘုရားသခင်သည် သူ၏ သတို့သမီးအား ချစ်ခင်စုံမက်ဆဲ ဖြစ်ကြောင်း၊ တနေ့တွင် သူချစ်သော လူမျိုးတော်ကို ပြန်လည်တည်မြဲစေမည် ဖြစ်ကြောင်း ယုဒခေါင်းဆောင်တို့အား ဟောရှေ ပြန်လည် စိတ်ချစေခဲ့သည်။ ထို့ပြင် များစွာအလားတူပင် ယနေ့ ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် ဘုရားသခင်သည် ခရစ်တော်၏ သတို့သမီးအား ဆက်လက် ချစ်ခင်စုံမက်ဆဲ ဖြစ်ကြောင်း စိတ်ချနိုင်ပါသည်။ သို့သော် ဣသရေလနှင့် ယုဒတို့ ဘုရားသခင်ထံ တာဝန်သိစွာ တုန့်ပြန်ရန် လိုအပ်ခဲ့ကြောင်း ဟောရှေ ညွှန်ပြခဲ့သည်နှင့် များစွာ အလားတူ ခရစ်တော် ပြန်ကြွလာချိန် နောင်ကာလ ကောင်းချီးများ ခံစားရန် ကျွန်ုပ်တို့ မျှော်လင့်သည် ဆိုပါက ဘုရားသခင့် မေတ္တာအပေါ် လျောက်ပတ်စွာ တုန့်ပြန်ရေး ကျွန်ုပ်တို့လည်း အာရုံစိုက်ကြရပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤတတိယအပိုင်း၏ ယနေ့ကာလ လက်တွေ့ကျင့်သုံးမှုကို ထုတ်ဖော်ရန်အတွက် ခရစ်တော်၏ သတို့သမီး၊ ခရစ်တော်၌ နောင်ကာလ ကောင်းချီးများ ဆိုသည့် ဓမ္မသစ် အာဘော်တို့ကို ကျွန်ုပ်တို့ တဖန်လေ့လာကြရပါမည်။ ခရစ်တော်၏ သတို့သမီး ဖြစ်သော ကျွန်ုပ်တို့အတွက် ဟောရှေ၏ ပရောဖက်ပြုချက်များ မည်သို့ အကျုံးဝင်ပတ်သက်မှုရှိကြောင်း ဦးစွာ စဉ်းစားကြပါစို့။

## ခရစ်တော်၏ သတို့သမီး

ဟောရှေကာလက ဘုရားသခင့် ဓမ္မဟောင်း သတို့သမီး၏ ဒုစရိုက်တို့ကြောင့် ဘုရားသခင့် တရားစီရင်ချက်အောက် ပြင်းထန်ဆိုးရွားစွာ ခံစားခဲ့ရသည်။ မြောက်ပိုင်း ဣသရေလသည် အာရှုရို ကျူးကျော်မှုကြောင့် သူ့ကျွန်ဘဝ ကျခဲ့သည်။ ထို့ပြင် ဆန့်ကျင်ပုန်ကန်မှုကို ယုဒ အစပြု လာသည်နှင့်အမျှ သူတို့သည်လည်း ဖျက်ဆီးခြင်းနှင့် ကျွန်ခံရမည့်ဘေးတို့ဖြင့် ခြိမ်းခြောက်ခံခဲ့ရသည်။ သို့တစေ အဆိုပါ စိတ်ပျက်ဖွယ်သာမက ကြောက်မက်ဖွယ်ကောင်းသည့် အခြေအနေများ ရှိနေလင့်ကစား မြင်ရသော အသင်းတော်နှင့် မမြင်ရသော အသင်းတော်တွင်း ရှိရှိသမျှ တို့အားနောင်တပါသော ယုံကြည်ခြင်းအားဖြင့် အပြစ်ခွင့်လွှတ်ခြင်းကို ရှာဖို့ ဟောရှေ တိုက်တွန်းခဲ့သည်။ အခြားသော ပရောဖက်များက "ကျန်ကြွင်းသောလူစု" ဟု ခေါ်ဆိုကြသည့်၊ ကယ်တင်ခံရန် ဘုရားထံ ပြန်လာပြီး ထာဝရ ကောင်းချီးများ ခံယူမည့်၊ သစ္စာရှိသောလူစု ပေါ်ထွန်းရေးကို သူမျှော်လင့်ခဲ့သည်။

များစွာ အလားတူပင် ခရစ်တော် ဘုန်းတော်၌ ပြန်ကြွမလာမီ ခရစ်တော်၏ သတို့သမီးသည် မစုံမလင်ဖြင့် ဆက်ရှိနေပါလိမ့်မည်။ ခြားနားသော အချိန်ကာလ၊ ခြားနားသည့် ပုံစံများဖြင့် မိမိ၏ ဓမ္မသစ် လူမျိုးတော်အပေါ် စီရင်ချက်များအားလည်း ကိုယ်တော် ချထားပြီး ဖြစ်ပါသည်။ ကမ္ဘာမြေ အချို့ဒေသများ၌ အသင်းတော်သည် ကျန်းမာနေသော်ငြား ယခင် သန်မာခဲ့ရာ အခြားဒေသများ၌မူ ဘုရားသခင့် တရားစီရင်ချက်များကြောင့် အနိုင်နိုင် ရပ်တည်နေရသည်။ သို့သော် ဟောရှေနှင့် များစွာအလားတူပင် အသင်းတော်၏ အခြေအနေသည် မည်မျှပင် မျှော်လင့်ချက်မဲ့ပုံ ပေါ်နေစေကာမူ ဘုရားသခင်သည် မိမိသတို့သမီးကို စွန့်ပြီး နောက်တစ်ဦး ရှာဖို့ မရှိပါ။ မြင်ရသော အသင်းတော်နှင့် မမြင်ရသော အသင်းတော် အတွင်း ရှိရှိသမျှ ကျား၊ မ၊ ကလေးသူငယ် မည်သူမဆို နောင်တပါသော ယုံကြည်ခြင်းဖြင့် အပြစ်ခွင့်လွှတ်မှုကို ရှာဖွေရန် ဘုရားသခင် ဖိတ်ခေါ်လျက် ရှိသည်။ ခရစ်တော် ပြန်ကြွလာချိန် ပြည့်ဝသော ရွှေးနုတ်ခြင်းနှင့်တကွ ထာဝရ ကောင်းချီး မင်္ဂလာတို့ကို ခံယူမည့် သစ္စာရှိသော "ကျန်ကြွင်းလူစု" ဖြစ်ဖို့ရန် ကျွန်ုပ်တို့ကို ဘုရားသခင် ခေါ်တော်မူနေသည်။

ခရစ်တော်၏ သတို့သမီးအား ဤသို့သောအခြေ ရောက်လာစေရေး အခြေခံကျကျ ဖောင်းပေးမှုနှင့်အတူ ခရစ်တော်၌ နောင်ကာလအရ ဟောရှေ နောက်ဆုံးအပိုင်းအား ယနေ့ကာလ မည်သို့ လက်တွေ့ကျင့်သုံးမည်ကို စဉ်းစားကြပါစို့။

## ခရစ်တော်၌ နောင်ကာလ

အစောပိုင်း ကျွန်ုပ်တို့ လေ့လာခဲ့သလို ခရစ်တော်အားဖြင့် နောင်ကာလ ပြည့်စုံခြင်း အမှုအရာသည် ဓမ္မသစ် ကာလ တလျှောက် ဖြစ်ပေါ်လျက် ရှိနေသည်။ သူ့နိုင်ငံတော် အစပြုချိန်တွင်

ပြည့်စုံမှု စခဲ့သည်။ အသင်းတော် သမိုင်းတလျှောက် နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်မှုအတွင်း ပိုမို ကြီးကျယ် မြင့်မားသော အတိုင်းအဆများအထိ ရောက်ရှိသည်။ နိုင်ငံတော် အဆုံးသတ်ပြည့်စုံချိန် ခရစ်တော် ပြန်ကြွလာသည့်အခါ ပြီးပြည့်စုံခြင်းသို့ လုံးလုံး ရောက်ရှိမည် ဖြစ်သည်။ ထို့ကြောင့် အခြားသော ဟောရှေကျမ်း အပိုင်းများမှာ ကျွန်ုပ်တို့ လုပ်ခဲ့ပြီးသလို မျှော်လင့်ခြင်းဆိုင်ရာ ဘုရားဖွင့်ပြချက်အကြောင်း ဟောရှေ ဗျာဒိတ်များကို လေ့လာရာတွင်လည်း အဆိုပါ နိုင်ငံတော် အဆင့်သုံးဆင့်လုံးကို ထည့်စဉ်းစားရပါမည်။

ပထမအားဖြင့် ဣသရေလနှင့် ယုဒတို့အား ဟောရှေပေးခဲ့သည့် မျှော်လင့်ခြင်းသည် ခရစ်တော်၏ နိုင်ငံတော် အစပြုချိန်၌ ပြည့်စုံမှု စခဲ့ကြောင်း ဓမ္မသစ်က ရှင်းရှင်း ပြထားသည်။ ယေရှု ပထမကြွလာခြင်းက ဘုရားသခင်သည် မိမိ၏ သတို့သမီးအား လုံးလုံး မစွန့်ပစ်သေးကြောင်း ထင်ရှားပြသသည်။ ထိုအစား နောင်ကာလတွင် ခရစ်တော်၌ ပြည့်စုံရန် ဟောရှေ မျှော်လင့်သည့် ပရောဖက်ပြုချက်များ ပြည့်စုံမှု အစပြုလာခြင်းဖြင့် သူ့လူမျိုးတော်သို့ မျက်နှာသာပေးမှုနှင့် သည်းညည်းခံမှုတို့ကို ကိုယ်တော် ပြသခဲ့သည်။ သို့သော် ခရစ်တော်၏ နိုင်ငံတော် အစပြုချိန် အတောအတွင်း လူသားဖက်မှ နောင်တပါသော ယုံကြည်ခြင်းဖြင့် တုန့်ပြန်ရန် ဘုရားသခင် အလိုရှိနေဆဲ ဖြစ်သည်။ ထို့ကြောင့် ဟောရှေကျမ်းမှာပါသည့်နည်းတူ ယေရှု၏ ခရစ်ဝင်ကျမ်းများသည်လည်း ဘုရားသခင့် ကရုဏာနှင့် လူ့ တုန့်ပြန်ချက်တို့ကို ဒွန်တွဲထားသည်။ မဿဲ ၂း၁၅ တွင် ကျေးဇူးတော်နှင့် နောင်တကို ယခုလို တွဲဖက်တွေ့ရသည်။ ရှင်မဿဲက

> ဤအကြောင်းအရာကား "ငါ့သားကို အဲဂုတ္တုပြည်မှ ငါခေါ်ခဲ့ပြီ" ဟု ထာဝရ ဘုရားသည် ပရောဖက်ဖြင့် ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံမည့် အကြောင်းတည်း ဟု ရေးခဲ့သည်။

"ဤအကြောင်းအရာ" ဆိုသည်မှာ ယောသပ်၊ မာရိ၊ ယေရှုတို့ အဲဂုတ္တုသို့ ထွက်ပြေးတိမ်းရှောင်ပြီးနောက် ဘေးကင်းလုံခြုံစွာ ပြန်ရောက်လာမှုကို ဆိုလိုသည်။ ဣသရေလ တိုင်းပြည်ကို အဲဂုတ္တုမှ ထုတ်ဆောင်စဉ် ကြီးစွာသော ကရုဏာတော်ကို ဘုရားသခင် ပြသခဲ့ရာ ဟောရှေ ၁၁း၁ ကို ရှင်မဿဲ ကိုးကားခဲ့သည်။ တဖန် ရှင်မဿဲက ဤဗျာဒိတ်သည် ဟေရုဒ်မင်း သေဆုံးပြီးနောက် အဲဂုတ္တုမှ ယေရှုပြန်ရောက်လာချိန်၊ ခရစ်တော်၏ နိုင်ငံတော် အစပြုစဉ် အတောအတွင်း ပြည့်စုံခဲ့ကြောင်း ဖော်ပြခဲ့သည်။

သို့သော် ဤနေရာတွင် ကျွန်ုပ်တို့ သတိထားရန် ရှိသည်။ ယေရှုကို ဟောရှေ တိုက်ရိုက် မညွှန်းဆိုခဲ့ကြောင်း ရှင်မဿဲ သိထားသည်။ ထိုအစား အဲဂုတ္တုမှ ဣသရေလတို့ ထွက်မြောက် ခဲ့ပြီးနောက် သူတို့ကို ဘုရားသခင်က ကြီးစွာသော ကရုဏာကို ပြခဲ့လျက်ပင် ကိုယ်တော်အား ဣသရေလတို့ မည်သို့ ဆန့်ကျင်ပုန်ကန်ခဲ့သည်ကိုသာ ဟောရှေ ရည်ညွှန်းခဲ့သည်။ ယေရှုအား အဲဂုတ္တုမှ ခေါ်ထုတ်စဉ် သူ၏ တော်ဝင်ချစ်သားဟု ဘုရားသခင် ခေါ်ဆိုခြင်းဖြင့် သူ့ သတို့သမီးသို့ ကြီးစွာသော ကရုဏာပြခဲ့ပြီးကြောင်း မဿဲက ထောက်ပြခဲ့သည်။ သို့သော် ဣသရေလ အများစုသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ဆဲ ရှိခဲ့သည်။ သူ့ခရစ်ဝင်ကျမ်းထဲ မဿဲ အကြိမ်ကြိမ် ပြသခဲ့သလိုပင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြီးစွာသော ကရုဏာကို ဘုရားသခင် ပြနေလျက်ပင် နောင်တပါသော ယုံကြည်ခြင်းဖြင့် လူ့ဘက်မှ တုန့်ပြန်ရန် ကိုယ်တော် တောင်းဆိုနေဆဲ ဖြစ်သည်။ ထို့ပြင် ယေရှုခေတ်ကာလ၌ ဟေရုဒ်ကဲ့သို့ လူများစွာသည် ဘုရားသခင့် ထာဝရ စီရင်ချက်အောက် ကျခဲ့ကြသည်။ အကြောင်းမှာ ခရစ်တော်၌ ဘုရားသခင် ပြတော်မူသော ကရုဏာတော်ကို သူတို့ လျောက်ပတ်စွာ မတုန့်ပြန်ခဲ့ကြ၍ ဖြစ်သည်။

> ဟောရှေ ၁၁း၁ တွင် ဘုရားသခင်က "ငါ့သားကို အဲဂုတ္တုပြည်မှ ငါခေါ် ခဲ့ပြီ" ဟု မိန့်ဆိုချက်သည် မောရှေအား ဘုရားသခင် ခေါ်ယူပုံကို ပြန်အမှတ်ရစေသည်။ အကြောင်းမှာ သူ့လူတို့ကို ထုတ်ဆောင်ရန် မောရှေကို ဘုရား ခေါ်စဉ်က "ဣသရေလသည် ငါ့သားဦး ဖြစ်၏" ဟု မောရှေသို့ မိန့်ဆိုခဲ့၍ ဖြစ်သည်။ တဖန် ဖာရောသို့ ပြောဆိုရန် ဘုရားသခင်ပေးသော မောရှေ အတွက် ညွှန်ကြားချက်မှာ "ဣသရေလသည် ငါ့သားဖြစ်၏။ ငါ့သားကို လွှတ်လော့။ ငါ၏ လူတို့သည် ငါ့အား တော၌ ဝတ်ပြုမည့်အကြောင်း သူတို့အား လွှတ်လော့" ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ ထိုအသုံးအနှုန်းသည် ဘုရားသခင် မောရှေကို ခေါ်ယူချိန် ထွက်မြောက်ရာ ကာလသို့ ပြန်ရောက်သွားသည်။ သို့သော် ထွက်မြောက်ရာ ကာလနှင့် မောရှေကာလကို ကျွန်ုပ်တို့အား ပြန်သတိရစေရာ၌ တော၌ ဣသရေလအား ဘုရားသခင် မည်သည့်အရာ ပေးအပ်ခဲ့သည်ကိုပါ ပြန်သတိရစေသည်။ သူ၏ ပညတ်တော်ကို ဣသရေလသို့ ကိုယ်တော် အပ်ပေးခဲ့သည်။ တရားတော်၌ နာခံခြင်းအတွက် ကောင်းချီးများနှင့် မနာခံခြင်းအတွက် ကျိန်ခြင်းများအား ကိုယ်တော် ကတိပြုထားခဲ့သည်။ သို့ဖြစ်၍ ဣသရေလအား ယင်းတို့ မည်သည့်နေရာမှ အစပြုခဲ့ကြောင်း ပြန်သတိပေးရာတွင် တရားတော်ကို လိုက်နာရန် ဣသရေလ၌ တာဝန်ရှိခဲ့ကြောင်းကိုလည်း ကိုယ်တော် သတိပေးနေခဲ့ခြင်း ဖြစ်သည်။ ထိုအရာသည် ဟောရှေကျမ်းထဲက တိုက်တွန်းထားချက်ပင် ဖြစ်သည်။ လူတို့သည် သစ္စာမဲ့ခဲ့ကြသည်။ နာခံခြင်းနှင့် ကောင်းချီးအစား မနာခံခြင်းနှင့် ကျိန်ခြင်းကို သူတို့ ရွေးချယ်ခဲ့ကြသည်။ ထိုအချက်ကို ဓမ္မသစ်ထဲ ထည့်သွင်းပါက ဓမ္မသစ်၌ ဟောရှေကို ကိုးကားပြီး ယောသပ်၊ မာရိနှင့် သူငယ်တော် ယေရှုတို့ အဲဂုတ္တုသို့ ထွက်ပြေးသည့်နောက် အဲဂုတ္တုမှ ပြန်ထွက်မြောက်လာသည်ကို ရှင်မဿဲက ညွှန်းဆို ဖော်ပြပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယေရှုသည် အသစ်သော ဣသရေလဖြစ်ကြောင်း၊ ယေရှုသည် စစ်မှန်သော ဣသရေလ ဖြစ်ကြောင်း၊ ယေရှုသည် နာခံသော ဣသရေလ ဖြစ်ကြောင်း၊ ယေရှုသည် ထွက်မြောက်ခြင်းနှင့် အဲဂုတ္တုမှ ပြန်ရောက်လာခြင်းတို့ကို ထပ်မံ လုပ်ဆောင်ကြောင်း၊ သို့သော် ကိုယ်တော်၏ လုပ်ဆောင်ချက်သည် မှန်ကန်ကြောင်း ရှင်မဿဲက ဝန်ခံသိမှတ်ပြီး "အဲဂုတ္တုပြည်မှ ငါ့သားကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါခေါ်ခဲ့ပြီ" ဆိုသည့် အချက်ကို စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ် ကိုးကား ပြောဆိုခဲ့သည်။ ဤတစ်ကြိမ်တွင် ကိုယ်တော်က နာခံမှု ရှိစွာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဣသရေလ အစစ်အမှန်သည် နောက်ဆုံး၌ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတော့သည်။

**Dr Larry Trotter**

ဒုတိယအားဖြင့် ခရစ်တော်၏ နိုင်ငံတော် ဆက်လက် ဖြစ်ပေါ်နေစဉ် ကာလတလျှောက် အသင်းတော်သည် ကျွန်ုပ်တို့ ယနေ့ကာလအတွက် ဟောရှေ တတိယပိုင်း ဖွင့်ပြချက်များကို လက်တွေ့အသုံးချရမည် ဖြစ်သည်။ ကမ္ဘာတစ်လွှား အသင်းတော်သည် ဆက်လက် ကျယ်ပြန့်လာခဲ့ပြီးသည်နှင့် အမျှ ခရစ်တော်၌ ဘုရားသခင့် ကျေးဇူးတော်သည်လည်း ယုဒနှင့် တပါးအမျိုးတို့ထံ ရောက်သည်ထက် ပိုမို ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်တို့၌ မစုံလင်မှုများ ရှိသော်လည်း ကိုယ်တော်သည် အသင်းတော်တည်း ဟူသော သူ၏ သတို့သမီးကို သနားသောအားဖြင့် တန်ဖိုးထားမြဲ ထားနေဆဲ ဖြစ်သည်။ ထို့ကြောင့် ကောင်းချီးအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် ကျွန်ုပ်တို့အားနည်းကျရှုံးမှုများအပေါ် ဘုရားသခင်၏ သနားသဖြင့် တုန့်ပြန်ချက်များ၌ အမြဲတစေ အခြေခံဖို့ လိုပါသည်။ ထိုသို့ ဆိုရာတွင်ပင် နောင်ကာလ ကောင်းချီးများအတွက် မျှော်လင့်ချက်သည် ဘုရားသခင့် ကျေးဇူးတော်ကို လူ့ဖက်မှ တာဝန်ရှိစွာတုန့်ပြန်မှုများပေါ်တွင်လည်း မူတည်ကြောင်း ဟောရှေက အခိုင်အမာ ဆိုထားပြန်သေးသည်။ ထိုနည်းတူစွာ ခရစ်တော်၌ ဘုရားသခင့် ကောင်းချီးများသည် ဒုစရိုက်မှ ပြန်လှည့်လာပြီး ကယ်တင်ခြင်းအတွက် ဘုရားသခင်သို့ ပဌနာပြုသူများထံ ရောက်ရှိသည်။ ဤအကြောင်းကြောင့်ပင် ယနေ့ကာလ ခရစ်တော်နောက်လိုက်ရန် ဝန်ခံသူ ရှိသမျှတို့၏ နေ့စဉ်ဘဝတွင် နောင်တသည် ထိုမျှလောက် အရေးကြီးသော ရှုထောင့်တစ်ခု ဖြစ်နေရသည်။

တတိယအားဖြင့်မျှော်လင့်ခြင်းဆိုင်ရာ ဘုရားသခင့် ဖွင့်ပြချက်အပေါ် ဟောရှေ ဗျာဒိတ်တို့သည် အဆုံးသတ်အားဖြင့် ခရစ်တော်၏ နိုင်ငံတော် ထင်ရှားပေါ်ထွန်းချိန်၌ ပြည့်စုံခြင်းသို့ ရောက်ရှိသည်။ နောင်ကာလ ကောင်းချီးများ ဆိုင်ရာ မျှော်လင့်ချက်အား နောင်တရသူတို့ကို ပေးမည့်အကြောင်း ဣသရေလနှင့် ယုဒတို့ထံ ဟောရှေ ကမ်းလှမ်းခဲ့သည်။ နောင်ကာလဆိုင်ရာ ဘုန်းအသရေများအတွက် မျှော်လင့်ချက်အား ယနေ့ကာလ ခရစ်တော်၏ သတို့သမီးထံ ဧဝံဂေလိ ကမ်းလှမ်းနေသည်။ ကျွန်ုပ်တို့အပေါ် ထားရှိသော ဘုရားသခင့် မေတ္တာတော်ကြောင့် နောင်တချိန်တွင် ကိုယ်တော်သည် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း ရှိသူ မှန်သမျှအား အပြစ်ဒုစရိုက်မှ အကုန်အစင် သန့်ရှင်းစင်ကြယ်စေပါလိမ့်မည်။ သူတို့အား ဖန်ဆင်းခြင်းသစ်၏ ကောင်းချီးမင်္ဂလာများထဲ ကိုယ်တော် ခေါ်သွင်းသည့်အတိုင်း တရားစီရင်ခြင်း ရှိသမျှမှလည်း ကိုယ်တော်သည် သူတို့ကို ကယ်လွှတ်ပါလိမ့်မည်။ ၁ကောရိန္သု ၁၅း၅၄-၅၅ တွင် တမန်တော် ရှင်ပေါလုက နောင်ကာလ အဆုံးသတ်ပုံကို ယခုလို ရည်ညွှန်းပြောဆိုခဲ့သည်-



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဤပုပ်တတ်သော အရာသည် မပုပ်နိုင်သော အဖြစ်သို့ရှင်း၊ ဤသေတတ်သော အရာသည် မသေနိုင်သော အဖြစ်သို့ရှင်း၊ ဝင်စားသောအခါ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာလာချက် ပြည့်စုံလိမ့်မည်။ အို သေမင်း၊ သင်၏ လက်နက်သည် အဘယ်မှာ ရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏ အောင်ခြင်းသည် အဘယ်မှာ ရှိသနည်း (၁ကောရိန္သု ၁၅:၅၄-၅၅)။

ဤနေရာတွင် တမန်တော်က ဟောရှေ ၁၃:၁၄ ကို ကိုးကားပြီး ခရစ်တော် ပြန်ကြွလာခြင်း အံ့ဖွယ်သူရဲ ဖြစ်ပုံကို ချီးမွမ်းပူဇော်ထားသည်။ ထိုနေရာတွင် ဘုရားသခင်သည် ဣသရေလ အပေါ် ကျရောက်ခဲ့ပြီးသည့် ဖျက်ဆီးခြင်းနှင့် ကျွန်ခံရာ စီရင်ချက်များချထားပြီး ဖြစ်လင့်ကစား သေခြင်း၏ တန်ခိုးကို သရော်ခဲ့သည်။ မျှော်လင့်ချက် မဲ့မသွားသေးပါ။ ဣသရေလအပေါ်တွင် မရဏာ၏ ကျိန်ခြင်းသည် အစွမ်းမဲ့သွားလိမ့်မည် ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် နောင်ကာလ၌ သူတို့ကို ရွေးနှုတ်ပြီး ဒါဝိဒ်မင်းမျိုး၏ အုပ်စိုးမှုအောက်၌ ယုဒပြည်နှင့် ပြန်ညီညွတ်စေမည်ဖြစ်သည်။

ဒါဝိဒ်၏ ကြီးမြတ်သော သားတော် ဖြစ်သော ခရစ်တော်၌ ဤမျှော်လင့်ချက် ပြည့်စုံလာမည်ကို ကျွန်ုပ်တို့ ခရစ်ယာန်များ သိကြသည်။ ကျွန်ုပ်တို့ဘဝ၌ မည်သည့် ကျရှုံးမှုနှင့် အခက်အခဲများ ကြုံနေဆဲ ဖြစ်ပါစေ၊ ခရစ်တော် ပြန်ကြွလာမည်ကို မျှော်လင့်ခြင်း ကြီးစွာဖြင့် ကျွန်ုပ်တို့ မျှော်ကြည့်ကြပါသည်။ ထိုနေ့တွင် ခရစ်တော်၌ ဘုရားကျေးဇူးတော်အပေါ် မျှော်လင့်ချက်ထားသူ ရှိသမျှ၊ အပြစ်အပေါ် နောင်တရသူ ရှိသမျှ တို့သည် နောင်ကာလ ကောင်းချီးမှန်သမျှကို ပြည့်ဝစုံလင်စွာ ရရှိကြမည် ဖြစ်သည်။ ယေရှုကို သေသောသူတို့အထဲမှ ထမြောက်စေသည့် ဝိညာဉ်တော် တစ်ပါးတည်းက ကျွန်ုပ်တို့ကို ထာဝရ အသက်သို့ ထမြောက်စေသည် ဖြစ်သောကြောင့် ဟောရှေနှင့်ကျွန်ုပ်တို့သည် သေခြင်းနှင့် သင်္ချိုင်းကို အတူတကွ သရော်နိုင်ကြပါလိမ့်မည်။

ခရစ်တော်၏ နိုင်ငံတော် ပြည့်စုံထင်ရှားလာမည့်အကြောင်း အလားတူ မျှော်လင့်ချက်အား တမန်တော် ယောဟန်က ဗျာဒိတ်ကျမ်း သူ့ရူပါရုံထဲ၌ ဖော်ပြထားသည်။ ဟောရှေ ကျမ်း အာဘော်များစွာမှ ထုတ်ယူဆင်ခြင်ပြီး ဒါဝိဒ်သားတော် နှင့် ခရစ်တော်၏ သတို့သမီး နေထိုင်ရာဖြစ်သည့် ဘုန်းအသရေနှင့် ပြည့်စုံသော ယေရုရှလင်မြို့သစ်ကို သူ သရုပ်ဖော်ခဲ့သည်။ ဗျာဒိတ် ၂၁း ၂-၃ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သန့်ရှင်းသော မြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းအဖို့ တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ ပြင်ဆင်လျက် ဘုရားသခင့် အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ ".... ဘုရားသခင်၏ တဲတော်သည် လူတို့တွင် ရှိ၏။
> လူတို့တွင် ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏ လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်" (ဗျာဒိတ် ၂၁း၂-၃) ဟူ၍ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤ "ပညာရှိတို့အတွက် ဟောရှေ၏ ဖွင့်ပြချက်များ" သင်ခန်းစာထဲတွင် ဘုရားလူတို့အတွက် ဘုရားသခင့် တရားစီရင်ချက်နှင့် မျှော်လင့်ချက်၊ ယုဒအားဖြင့် ရောက်လာမည့် နောင်ကာလ ကောင်းချီးများ အကြောင်းတို့အား ဟောရှေ မည်သို့ဖွင့်ပြခဲ့ သည်ကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ဘုရားသခင် ဖွင့်ပြသည့် တရားစီရင်ချက်သည် ဣသရေလနှင့် ယုဒ နှစ်ပြည်ထောင်လုံး အပေါ် ကျရောက်ခဲ့ရခြင်း အကြောင်းတရားနှင့် စပ်လျဉ်း၍ ဟောဇကိမင်းလက်ထက် ယုဒခေါင်းဆောင်များသို့ ဟောရှေ မည်သို့ သွန်သင်ခဲ့ကြောင်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် ဘုရားသခင့်ကျေးဇူးတော်နှင့် ထိုကျေးဇူးတော်ကို ဘုရားလူတို့ တုန့်ပြန်မှုအရ နောင်ကာလတွင် သူတို့ထံ ရောက်လာမည့် ကောင်းချီးဆိုင်ရာ မျှော်လင့်ချက်အကြောင်း ဖွင့်ပြမှုကိုလည်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။

ခရစ်တော် မတိုင်မီ နှစ်ရာပေါင်းများစွာကပင် ဟောရှေသို့ ဘုရားသခင် ဖွင့်ပြချက်များက ဘုရားလူတို့ထံ ဉာဏ် ပေးခဲ့သည်။ ယနေ့ ကာလ ကျွန်ုပ်တို့အားလည်း ဉာဏ် ပေးနေဆဲ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် တရားစီရင်ချက်များကြောင့် ဆင်းရဲခံနေရဆဲ လောကကြီးအတွင်း ဘဝ ရှင်သန်ရေး အခက်အခဲများစွာအား ခရစ်တော်၏ သတို့သမီး အဖြစ်ဖြင့် ရင်ဆိုင်နေရသည်။ သို့သော် ကိုယ်တော်သည် သူ၏ အသင်းတော်ကို မည်သည့်အခါမျှ လက်မလျော့ခဲ့ဖူးပါ။ ကိုယ်တော်သည် ကယ်တင်ခြင်းကို ကျွန်ုပ်တို့ ပိုင်ဆိုင်ရယူရန်နှင့် နောင်ကာလကို အစပြုရန် ခရစ်တော်ကို စေလွှတ်ခဲ့ပြီးဖြစ်သည်။ ရောက်လာတော့မည့် နိုင်ငံတော်ထဲသို့ ကျွန်ုပ်တို့အား ခေါ်သွင်းရန် ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့တွင် နေထိုင် ကိုန်းဝပ်လျက် ရှိပါသည်။ ဟောရှေကျမ်းက ပေးသော ဉာဏ်ကို ကျွန်ုပ်တို့ နှလုံးသွင်းပါက ဤလောကကို ကျွန်ုပ်တို့ အောင်မြင်ကြပါလိမ့်မည်။ သိုးသငယ်၏ ဘုန်းတော်နှင့် ပြည့်စုံသော မင်္ဂလာဆောင်ပွဲတွင် မရေမတွက်နိုင်သော အခြားသူတို့နှင့် အတူတကွ ပါဝင်နိုင်ကြပါလိမ့်မည်။ ခရစ်တော် ချစ်မြတ်နိုးရာ သတို့သမီး ဖြစ်သော ကျွန်ုပ်တို့သည်လည်း ထာဝရ ဘုန်းအသရေကပေးသည့် အတိုင်းအဆမဲ့ ဝမ်းမြောက်မှုကို ခရစ်တော်နှင့်အတူ မျှဝေခံစားလျက် ကောင်းချီးမင်္ဂလာ ခံယူကြရပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။